# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914
Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက် ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂ ရက်၊ ကြာသပတေးနေ့ အတွဲ(၆၅)၊ အမှတ်(၂၇၀)


## ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု "ပုလဲရတု စွမ်းအားပြု၊ ဂုဏ်ယူဝင့်ကြွား မြန်မာအမျိုးသမီးများ" ဝတ်စားဆင်ယင်မှုပြပွဲနှင့် ရုပ်ရှင်သဘင်ဂီတဖျော်ဖြေပွဲ ကျင်းပ



နိုင်ငံတော်သမ္မတ၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက KBZ Group နာယက အလှူရှင် ဒေါ်နန်းလိုင်းခမ်းအား ဂုဏ်ပြုပန်းစည်း ပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇူလိုင် ၁

၂၀၂၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က စီစဉ်တင်ဆက်သည့် "ပုလဲရတု စွမ်းအားပြု၊ ဂုဏ်ယူဝင့်ကြွား မြန်မာအမျိုးသမီးများ" ဝတ်စားဆင်ယင်မှုပြပွဲနှင့် ရုပ်ရှင်သဘင်ဂီတဖျော်ဖြေပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-I) ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ(၁)၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်စမ်းစမ်းအေးနှင့်ဒုတိယသမ္မတ(၂)မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌများ၏ဇနီးများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီး၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၏ဇနီး၊

စာမျက်နှာ ၃ ကော်လံ ၁ ✳

## ကွင်းကောက်ဒေသအား မြို့အဖြစ်ဖွဲ့စည်းနိုင်ရေးအတွက် သတ်မှတ်ထားသည့်အချက်အလက်များ ပြည့်စုံ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားတင်ပြလာပါက ကွင်းကောက်မြို့အဖြစ် အဆင့်တိုးပေးမည်

ဧရာဝတီ ဇူလိုင် ၁

ကွင်းကောက်ဒေသအား မြို့အဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် မြို့အင်္ဂါရပ်များနှင့် ကိုက်ညီရမည့် အချက် ၂၁ ချက်အနက် ခုနစ်ချက်လိုအပ်လျက်ရှိပြီး မြို့အဖြစ်ဖွဲ့စည်းနိုင်ရေးအတွက် သတ်မှတ်ထားသည့် အချက်အလက်များနှင့်ပြည့်စုံ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားတင်ပြလာပါက အမှုတွဲဖွင့်လှစ်၍ ကွင်းကောက်မြို့အဖြစ် အဆင့်တိုးမြှင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမင်းဦး ကိုယ်စား လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ထွန်းဇော်က ပြောကြားသည်။

တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ဇွန် ၃၀ ရက်က ကျင်းပခဲ့ပြီး အင်္ဂပူမြို့နယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းအောင် ၏ အင်္ဂပူမြို့နယ်

စာမျက်နှာ ၁၀ ကော်လံ ၁ ▲




## ရန်ကုန် - မော်လမြိုင် ရထားလမ်းပိုင်းတွင် အမှတ်(၈၃) အဆန်၊ အမှတ်(၈၄)အစုန်လူစီးအမြန်ရထားအား ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲ

နေပြည်တော် ဇူလိုင် ၁

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းနှင့်အတူ ခေတ်မီ DEMU ရထားတွဲဆိုင်းများဖြင့် လူစီးရထားများ ပြေးဆွဲလျက်ရှိသည်။


ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း ရန်ကုန်-နေပြည်တော်-ရန်ကုန် ရထားခရီးစဉ်နှင့် ရန်ကုန်-မန္တလေး-ရန်ကုန် ရထားခရီးစဉ်များအား ပြေးဆွဲပေးခဲ့ပြီး ခရီးသည်များ ကြိုက်နှစ်သက်၍ စီးနင်းမှုများသောကြောင့် ရန်ကုန်-မော်လမြိုင် ရထားလမ်းပိုင်းအတွင်း အမှတ်(၈၃) အဆန် ရန်ကုန် - မော်လမြိုင်ခရီးစဉ်နှင့် အမှတ်(၈၄) အစုန် မော်လမြိုင်-ရန်ကုန် ရထားခရီးစဉ်များကို လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများအသုံးပြု၍ ယနေ့တွင် စတင်ပြေးဆွဲပေးသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❂

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် နေရာကွက်၍ မိုးကြီးနိုင်

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း၌ ဇူလိုင် ၃ ရက်တွင် လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ဇူလိုင် ၃ ရက်မှ ၁၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

စာမျက်နှာ ၆ ကော်လံ ၁ ❏



**ယနေ့ မိုးလေဝသ**

**နေပြည်တော်**
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။
ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်**
မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။
ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေး**
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။
ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ယနေ့ ဖတ် စ ရာ**


တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၇ ရက်မြောက်နေ့ ကျင်းပ — လွှတ်တော်ရေးရာ ◆ စာ ◆ ၄

စာပေထဲက မိန်းမလှ — ဆောင်းပါး ◆ စာ ◆ ၁၂

ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သို့ . . . — ဆောင်းပါး ◆ စာ ◆ ၁၆

## နိုင်ငံတည်ဆောက်ရေးအတွက် အဖိုးတန်အင်အား

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ ဒသမ ၄ သန်း ရှိပြီး အမျိုးသား ၄၇ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၅၃ ရာခိုင်နှုန်းရှိရာ အမျိုးသမီးအချိုးအစား ပိုမိုများပြားသည်။ မြန်မာ့ထုံးတမ်းအစဉ်အလာအရ မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူလူ့အခွင့်အရေးများကို သာတူညီမျှ ရရှိခံစားနေကြရစေကာမူ စာတတ်မြောက်မှု၊ လုပ်သားအင်အား ပါဝင်မှုစသည်တို့တွင်အမျိုးသမီးဦးရေသည်အမျိုးသားဦးရေအောက် လျော့နည်းလျက်ရှိသည်။ နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ရှိသော အမျိုးသမီးများသည် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် ကြီးမားသည့်အင်အားဖြစ်သည့်အလျောက် အမျိုးသမီးများ ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် အရေးကြီးသည်။

လာမည့် ဇူလိုင် ၃ ရက်နေ့သည် မြန်မာနိုင်ငံတစ်ဝန်းတွင် နေထိုင်ကြသည့် မြန်မာအမျိုးသမီးများအားလုံးအတွက် ထူးခြားလေးနက်သော "မြန်မာအမျိုးသမီးများနေ့"ပင် ဖြစ်သည်။ ၁၉၉၅ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံမှ ထုတ်ပြန်ခဲ့သော ပေကျင်းကြေညာစာတမ်းတွင် လုပ်ငန်းနယ်ပယ်အသီးသီးတွင် ရှိသော အမျိုးသမီးများအားလုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတိုင်းတွင် အမျိုးသမီးကော်မတီများ ဖွဲ့စည်းရန်ဟူသော အချက်ပါရှိသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် အမျိုးသမီးများအားလုံး ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးတို့အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး အမျိုးသမီးရေးရာကိစ္စများကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ သို့ဖြစ်ရာ နိုင်ငံနှင့်ပြည်သူအတွက် စွမ်းဆောင်ရည်မြင့်မားသော မြန်မာအမျိုးသမီးများကို ဂုဏ်ပြုသောအားဖြင့် ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့မှစကာ နှစ်စဉ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားများ ကျင်းပလျက်ရှိသည်။

၂၀၂၄ ခုနှစ်၊လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အမျိုးသားများ၏ စာတတ်မြောက်မှုနှုန်းသည် ၉၃ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများ၏ စာတတ်မြောက်မှုနှုန်းမှာ ၉၀ ဒသမ ၉ ရာခိုင်နှုန်းဖြစ်ရာ အမျိုးသားများ၏ စာတတ်မြောက်မှုနှုန်းအောက် လျော့နည်းလျက်ရှိသည်။ အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ လုပ်သားအင်အားပါဝင်မှုတွင် အမျိုးသား ၆၃ ဒသမ ၈ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၃၄ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ရာ ကျား/မ ကွာဟမှုမြင့်မားလျက်ရှိသည်။ အလုပ်လက်မဲ့နှုန်းတွင် အမျိုးသမီး ၀ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး အမျိုးသား ၀ ဒသမ ၆ ရာခိုင်နှုန်းရှိရာ အမျိုးသမီးအလုပ်လက်မဲ့နှုန်းက ပိုမိုများပြားလျက်ရှိသည်။ မြန်မာနိုင်ငံတွင် အရွယ်ရောက်ပြီးသူ ၄၇ ဒသမ ၂ ရာခိုင်နှုန်းသည် အလုပ်လုပ်ကိုင်လျက်ရှိရာ ကျား/မ ကွာခြားမှုမြင့်မားပြီး အမျိုးသမီးများ၏ လုပ်သားအင်အားပါဝင်မှုသည် အသက်အရွယ်အစောပိုင်းမှပင် စတင်၍ ကျဆင်းလာခြင်းဖြစ်သည်ဟု သန်းခေါင်စာရင်းအချက်အလက်များက ပြဆိုနေသည်။

မြန်မာနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသူများ၏ ၃၆ ဒသမ ၆ ရာခိုင်နှုန်းသည် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နေကြသူများဖြစ်ပြီး ပုဂ္ဂလိက / အဖွဲ့အစည်းများတွင် လုပ်ကိုင်သူ ၃၁ ဒသမ ၉ ရာခိုင်နှုန်းရှိရာ ကျား/မ ကွာခြားမှုနည်းသည်။ အစိုးရဝန်ထမ်း ၈ ဒသမ ၃ ရာခိုင်နှုန်းရှိရာတွင် အမျိုးသမီးဝန်ထမ်းက အမျိုးသားဝန်ထမ်းထက် အနည်းငယ်ပိုများသည်။ အခကြေးငွေမရသော မိသားစုဝင် လုပ်သား/မိသားစုလုပ်ငန်းတွင် လုပ်ကိုင်သူ ၈ ဒသမ ၇ ရာခိုင်နှုန်းရှိရာတွင် အမျိုးသမီး ၁၁ ဒသမ ၉ ရာခိုင်နှုန်းသည် အမျိုးသား ၆ ဒသမ ၆ ရာခိုင်နှုန်းထက် သိသာစွာပိုများပြားနေသည်။ ခြုံ၍ပြောရလျှင် မြန်မာအမျိုးသမီးဦးရေ၏ ၃၃ ရာခိုင်နှုန်းသာ အလုပ်လုပ်ကိုင်နေကြပြီး သုံးပုံနှစ်ပုံမှာ လုပ်သားအင်အားတွင် မပါဝင်သူများဖြစ်နေသည်။

အထက်ပါ ကိန်းဂဏန်း အချက်အလက်များအရ အမျိုးသမီးများ စာတတ်မြောက်ရေး၊ အမျိုးသမီးငယ်များ ပညာသင်ယူမှုကို အားပေးမြှင့်တင်ရေး၊ ပညာရေးအားနည်းသူ အမျိုးသမီးများအား ခေတ်မီအသက်မွေးဝမ်းကျောင်းပညာရပ်များကို ပိုမိုသင်ကြားပေးရေး၊ အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုတိုးတက်ရရှိလာစေရန် ဆောင်ရွက်ပေးရေးတို့ လိုအပ်လျက်ရှိသည်ကို တွေ့ရှိနိုင်သည်။

မြန်မာအမျိုးသမီးတို့အနေဖြင့် စာတတ်မြောက်ရေး၊ ပညာသင်ယူမှုအခွင့်အရေး၊ အသက်မွေးဝမ်းကျောင်း ပညာများ သင်ယူနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတို့တွင် မိမိတို့၏ အခွင့်အရေးများကို မိမိတို့ကိုယ်တိုင်ကလည်း ရယူနိုင်ကြရန် အားထုတ်ဆောင်ရွက်ကြဖို့လိုသည်။ မိမိတို့မိသားစု၊ မိမိလူ့အဖွဲ့အစည်းတွင် စွမ်းဆောင်ရည်ရှိသူအဖြစ် မိမိကိုယ်ကိုကြိုးပမ်းဖြည့်ဆည်းကာ နိုင်ငံတော်တည်ဆောက်ရေးအတွက် အဖိုးတန်အင်အား သမီးကောင်းရတနာများ ဖြစ်ကြပါစေကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင် အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## ၁ - ၇ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၆၉၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## (၁-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၅.၃ ~ ၃၆၆၈ | ၅၅၇.၉ ~ ၅၅၈ | ၁၂၅.၄ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်းရောင်းဝယ်သည့် ပမာဏ | ၁၉,၇၃၂,၆၇၃.၆၉ | ၆,၅၅၉,၁၅၅.၃၉ | ၄၅,၆၂၇,၇၉၉.၄၃ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ဂျုံ၊ ပြောင်းစေ့၊ စားသုံးကုန်စည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃.၃၁ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၀၂ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

## မိုးညှင်းမြို့အနီး အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

နေပြည်တော် ဇူလိုင် ၁ – ဇွန် ၃၀ ရက်နေ့ မြန်မာစံတော်ချိန် ၂၃ နာရီ၊ ၄၂ မိနစ်၊ ၂၆ စက္ကန့်တွင် ကသာမြေငလျင်စခန်းမှ မြောက်–အနောက်မြောက်ဘက် ၅၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မိုးညှင်းမြို့၏ အနောက်မြောက်ဘက် ၂၅ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၄ ဒသမ ၉၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၂ ဒီဂရီ၊ အနက် ၃၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄.၃(M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂ - ၇ - ၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၆၁၅ | ၃၇၇၀ | ၃၇၂၀ | ၃၆၃၀ | ၃၇၇၀ | ၃၇၈၅ | ၃၈၂၀ | ၃၇၀၀ | ၄၀၆၅ | ၄၀၉၅ | ၃၇၂၀ | ၃၈၇၅ | ၃၈၀၀ | ၃၇၇၀ | ၃၇၈၀ | ၄၀၀၀ |
| 95 Ron | ၃၆၉၅ | ၃၈၅၀ | ၃၈၀၀ | ၃၇၁၅ | ၃၈၅၅ | ၃၈၇၀ | ၃၉၀၅ | ၃၇၈၀ | ၄၁၅၀ | ၄၁၈၀ | ၃၈၀၅ | ၃၉၇၀ | ၃၈၉၅ | ၃၈၅၀ | ၃၈၆၀ | ၄၀၉၀ |
| HSD (500 ppm) | ၃၅၃၅ | ၃၆၀၀ | ၃၆၃၅ | ၃၅၅၀ | ၃၆၈၅ | ၃၇၀၀ | ၃၇၃၀ | ၃၆၁၅ | - | ၃၉၉၅ | ၃၆၃၅ | ၄၀၂၀ | ၃၇၂၀ | ၃၆၀၀ | ၃၆၉၅ | ၃၉၀၀ |
| HSD (50 ppm) | ၄၁၉၀ | ၄၃၄၅ | ၄၂၈၅ | ၄၂၀၅ | ၄၃၅၀ | ၄၃၆၅ | ၄၃၉၅ | ၄၂၇၅ | ၄၆၄၀ | ၄၆၇၀ | ၄၂၈၅ | ၄၄၇၀ | ၄၃၈၅ | ၄၃၄၅ | ၄၃၅၅ | ၄၅၈၅ |
| HSD (10 ppm) | ၄၁၉၀ | ၄၃၄၅ | ၄၂၈၅ | ၄၂၀၅ | ၄၃၅၀ | ၄၃၆၅ | ၄၃၉၅ | ၄၂၇၅ | | ၄၆၇၀ | ၄၂၈၅ | ၄၄၇၀ | ၄၃၈၅ | ၄၃၄၅ | ၄၃၅၅ | ၄၅၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၄၁၉ | ၃၅၂၁ |
| 95 Ron | ၃၅၀၀ | ၃၆၀၄ |
| HSD (500 ppm) | ၃၃၅၅ | ၃၄၅၁ |
| HSD (50 ppm) | ၃၉၇၇ | ၄၀၈၇ |
| HSD (10 ppm) | ၃၉၇၇ | ၄၀၈၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ


မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီမွှေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com


MYANMAR Digital News Presented by NPE www.mdn.gov.mm





နိုင်ငံတော်သမ္မတ၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ "ရောင်သွေးစုံလင် ပါတိတ်လွင်ပြင်" ခေါင်းစဉ်ဖြင့် နာမည်ကျော်ဝတ်စုံဒီဇိုင်နာများ ဖန်တီးဆန်းသစ်ထားသော ဝတ်စုံများဖြင့် ဝတ်စားဆင်ယင်ပြသနေမှုကို ကြည့်ရှုအားပေးစဉ်။



ဒုတိယသမ္မတ(၁)၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်စမ်းစမ်းအေး သဘင်ပညာရှင်များနှင့် ဂီတပညာရှင်များအား ဂုဏ်ပြုပန်းစည်း ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ(၂) မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းနီနီအေး Forever Group မှ ဒေါ်ခင်ခင်လေးအား ဂုဏ်ပြုပန်းစည်း ပေးအပ်ချီးမြှင့်စဉ်။

*✳ ရွှေဖုံးမှ*

ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ အထူးဧည့်သည်တော်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ဇနီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ဇနီး၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၏ ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး၊ အမှတ်(၃) စစ်ဆင်ရေးအထူးအဖွဲ့မှူး၏ဇနီး၊ စစ်ရေးချုပ်၏ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး၊ အမျိုးသမီးဒုတိယဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏ဇနီးများ၊ ဒုတိယဝန်ကြီးနှင့် အဆင့်တူ အမျိုးသမီးပုဂ္ဂိုလ်များ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၏ဇနီး၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အမျိုးသမီးကော်မတီဥက္ကဋ္ဌနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အလှူရှင်များ၊ အမျိုးသမီးအဖွဲ့များ၏ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံကျော်အနုပညာရှင်များ၊ သဘင်ပညာရှင်များ၊ အဆိုတော်များ၊ ဒီဇိုင်နာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် "မြန်မာအမျိုးသမီးများနေ့" တေးသီချင်း၊ "အင်အားသစ်များနှင့်အတူ" တေးသီချင်း၊ "ရောင်နီသစ်ပြီ" စသည့် တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ "နှစ်သုံးဆယ်အသွင် ပုလဲအဆင်"၊ "တူစုံမောင်မယ် တေးပုလဲသွယ်"၊ "ရောင်သွေးစုံလင် ပါတိတ်လွင်ပြင်" ခေါင်းစဉ်ဖြင့် နာမည်ကျော်ဝတ်စုံဒီဇိုင်နာများ ဖန်တီးဆန်းသစ်ထားသော ဝတ်စုံများကို ဝတ်စားဆင်ယင် ပြသခြင်းနှင့် "ထာဝရငြိမ်းချမ်းရေး" တေးသီချင်းနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်စေရန် ရည်ရွယ်၍ "ကကြိုး" အမည်ဖြင့် တစ်ခန်းရပ်ပညာပေးဇာတ်လမ်းတိုဖြင့် တင်ဆက်ကြပြီး အခမ်းအနားအစီအစဉ် ပထမပိုင်းကို ခေတ္တရပ်နားသည်။

အခမ်းအနားအစီအစဉ်ဒုတိယပိုင်းတွင် "ဝါဆိုဆန်းသစ် မြန်မာ့ချိတ်အစစ်"နှင့် "တူစုံမောင်မယ် တေးပုလဲသွယ်" (ဒုတိယပိုင်းအစီအစဉ်) ဝတ်စားဆင်ယင်မှုဖြင့်တင်ဆက်ခြင်း၊ "ထမင်းမိန်မိန်စားချင်တယ်" နှင့် "မွေခံထိုက်စေ" တေးသီချင်းဖြင့် ဖျော်ဖြေခြင်း၊ မင်းသား စမ်းရေမိုးက ကပြဖျော်ဖြေ တင်ဆက်ခြင်းနှင့် "သဘင်တစ်ခေတ်နှစ်ပါးအသစ်" ဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ်အရ ဂုဏ်ပြုပန်းစည်းချီးမြှင့်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ဇနီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက KBZ Group နာယက အလှူရှင် ဒေါ်နန်းလိုင်းခမ်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဒေါ်မြတ်မြတ်ဦးနှင့် ရုပ်ရှင်အနုပညာရှင်များအားလည်းကောင်း၊ ဒုတိယသမ္မတ(၁)၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်စမ်းစမ်းအေးက သဘင်ပညာရှင်များနှင့် ဂီတပညာရှင်များကိုလည်းကောင်း၊ ဒုတိယသမ္မတ(၂) မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းနီနီအေးက Forever Group နှင့် John Lwin တို့အားလည်းကောင်း၊ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများနှင့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့က ဒီဇိုင်နာများ၊ အလှူရှင်များအားလည်းကောင်း ဂုဏ်ပြုပန်းစည်းများ ပေးအပ်ချီးမြှင့်သည်။



"နှစ်သုံးဆယ်အသွင် ပုလဲအဆင်"ခေါင်းစဉ်ဖြင့် နာမည်ကျော်ဝတ်စုံဒီဇိုင်နာများ ဖန်တီးဆန်းသစ်ထားသော ဝတ်စုံများကို ဝတ်စားဆင်ယင်ပြသစဉ်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ၊ ဒုတိယသမ္မတ(၁)၏ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ(၂) ဒေါ်နန်းနီနီအေးနှင့် တာဝန်ရှိသူများက အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး အခမ်းအနားအား ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သောက်သုံးရေရရှိရေး၊ မြို့ပေါ်ရပ်ကွက်များ ရေလွှမ်းမိုးမှု ကာကွယ်ရန် မြစ်ကြောင်းတစ်လျှောက် သဲနုန်းတူးဖော်ခြင်းနှင့် တာပေါင်မြှင့်တင်ပေးနိုင်ရေး၊ ဆည်ပြန်လည်ပြုပြင်ပေးနိုင်ရေး၊ ရေလှောင်ကန်နှင့်စပ်လျဉ်းသည့် ကျန်ရှိလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး၊ ကျေးရွာများ လျှပ်စစ်မီး၊ ထရန်စဖော်မာများ၊ လမ်းဘေးဝဲယာဆိုလာမီးသီးများတပ်ဆင်ပေးနိုင်ရေး၊ လျှပ်စစ်ခတ်အားခွဲရုံ အဆင့်မြှင့်တင်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ကျွန်းလှမဲဆန္ဒနယ်မှ ဦးစိုးကျော်နိုင်၏ **ကျွန်းလှမြို့တွင် သောက်သုံးရေရရှိရေးအတွက် နိုင်ငံတော်အစိုးရမှ ပံ့ပိုးကူညီပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က သဖန်းဆိပ် ရေလှောင်တမံတည်ဆောက်ခဲ့စဉ်က ကျွန်းလှမြို့သစ်ကို ၁၉၉၆ ခုနှစ်၌ ရွှေ့ပြောင်းတည်ဆောက်ခဲ့ပြီး မိုးတွင်းကာလ၌ ရေကြီးရေလျှံမှု ကာကွယ်ရန်နှင့် မြို့ရေပေးဝေရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ကျွန်းလှမြို့နယ်အနီးရှိ ဘိုယားချောင်းကိုပိတ်၍ ဘိုယားတမံ(၁)နှင့် (၂) တို့ကို တည်ဆောက်ပေးခဲ့ပါကြောင်း။

ဘိုယားတမံ (၁)နှင့် (၂)၏ကန်ရေပြည့် ရေလှောင်ပမာဏ ၈၁၀ ဧကပေ၊ (ရေဂါလန် ၂၂၀ သန်းခန့်) ရှိသည့်အနက် အသုံးပြုနိုင်သည့်ရေပမာဏမှာ ရေဂါလန် သန်း ၂၀၀ ဖြစ်ပါကြောင်း၊ မြို့နေလူထု၏ အဓိကရေသုံးစွဲမှုမှာ မြေအောက်ရေမှ ထုတ်ယူသုံးစွဲခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းနှင့် ယခုကာလတွင် နယ်မြေအခြေအနေများကြောင့် လျှပ်စစ်မီး မရရှိသည့် အခြေအနေကြောင့် ထုတ်ယူသုံးစွဲရန် အခက်အခဲဖြစ်ပေါ်သည့်အတွက် ဘိုယားတမံ(၁)မှ ရေကိုပြောင်းလဲသုံးစွဲခဲ့ရပါကြောင်း။

ထိုသို့သုံးစွဲနိုင်ရေးအတွက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဆည်ရေကို ဘိုယားတမံ(၁)အခြေရှိ ရေငြိမ်ကန်သို့ ရေဖြည့်တင်းပေးပြီး ကျွန်းလှမြို့နယ်စည်ပင်သာယာရေးကော်မတီမှ မြို့နေလူဦးရေ ၂၄၀၀ ခန့်အတွက် ရေဂါလန် ၆၀၀၀၀ ခန့် နေ့စဉ်ဖြန့်ဖြူးပေးခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေအရ ကျွန်းလှမြို့ပေါ်ရပ်ကွက်ကြီး ၄ ခုရှိ လူဦးရေ ၁၄၄၁၈ ဦးအနက် ၂၄၀၀ အတွက်သာ ရေပေးဝေနိုင်သဖြင့် ရေလုံလောက်စွာပေးဝေနိုင်ရန်အတွက် သိုလှောင်ပမာဏ ဂါလန် ၄၅၀၀၀ ရှိသော ရေငြိမ်ကန်တစ်လုံး တည်ဆောက်ခြင်းနှင့် တမံအတွင်းမှ ရေငြိမ်ကန်သို့ ရေဖြည့်ပေးသည့် ရေတံခါးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းအတွက် လိုအပ်ရန်ပုံငွေကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ (သို့မဟုတ်) သင့်လျော်ရာ ရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လှိုင်ကော်မဲဆန္ဒနယ်မှ ဦးမောင်ရွှေ၏ **ကယားပြည်နယ် လှိုင်ကော်မြို့ပေါ်ရပ်ကွက်များအား ရေလွှမ်းမိုးမှုမှကာကွယ်ရန် ဘီလူးချောင်းဘေးမှ ရေတားတာပေါင်ပြုလုပ်ပေးပါရန်နှင့် ရှိပြီးသားတာပေါင်အား ပြန်လည်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကယားပြည်နယ် လှိုင်ကော်မြို့နယ်တွင် နှစ်စဉ်မိုးများ၍ ဘီလူးချောင်းရေမြင့်တက်မှုကြောင့် ဘီလူးချောင်းကမ်းဘေး အနိမ့်ပိုင်းရပ်ကွက်များ နှစ်စဉ်ရေလွှမ်းမိုးမှုဒဏ်ခံရလေ့ရှိပြီး ရေဝင်ရောက်လွှမ်းမိုးမှုကို ကာကွယ်ရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေနီကန်ကျေးရွာနှင့် သတ္တပလူကျေးရွာအနီး ဘီလူးချောင်းအတွင်းရှိ သဲနုန်းများနှင့် ဒိုက်ပင်၊ ကိုင်းပင်များအား တူးဖော်ဖယ်ရှားခြင်းလုပ်ငန်း ၂ ခု၊ ကန္တာရဝတီတံတားမှ နမ့်ကွတ်ရေစီးကွေ့အတွင်း ဘီလူးချောင်းဘေး မြေနိမ့်နေရာအား ကျောက်ရောမြေဖြင့် ပေါင်မြှင့်တင်ခြင်းနှင့် ရေဆိုးထုတ်မြောင်းနေရာ ၅ နေရာအား ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ဘီလူးချောင်းကမ်းပါးဘေး ထပ်မံ၍ လိုအပ်သောနေရာများဖြစ်သည့် ရှမ်းစုရပ်ကွက်၊ နန္ဒာလမ်းကျောက်စီရေတားတာပေါင်နှင့် လျှောက်လမ်းပြုလုပ်ခြင်းအလျား ပေ ၄၃၀ (မြဝတီလမ်းမှ ရှုမဝလမ်းအထိ)၊ ဒေါဥခူရပ်ကွက်၊ ကမ်းနားလမ်းကျောက်စီရေတားတာပေါင်နှင့် လျှောက်လမ်းပြုလုပ်ခြင်း အလျား ပေ ၁၀၆၀ (ကျွန်းတောလမ်းမှ ဒွေးမယ်နော်လမ်းအထိ)တို့အား ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သုံးခွမဲဆန္ဒနယ်မှ ဦးအောင်ကျော်မင်း၏ **သုံးခွမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် လက်ရှိရေပေးဝေမှုစနစ်အား ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်း (သို့မဟုတ်) အနီးဆုံးဆည်/တမံမှ ရေရယူဖြန့်ဝေပေးရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့တွင် ရပ်ကွက် ၁၂ ရပ်ကွက်၊ အိမ်ထောင်စု ၇၄၆၈ စု၊ လူဦးရေ ၂၇၇၈၈ ဦး နေထိုင်လျက်ရှိပြီး တစ်နှစ်သောက်သုံးရေလိုအပ်ချက်မှာ ၁၆၈ ဒသမ ၈၁ ဂါလန်သန်း ဖြစ်ပါကြောင်း၊ သုံးခွမြို့နယ်အတွင်း သောက်သုံးရေပေးဝေနိုင်ရေးအတွက် ဌာနမှတည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံများ မရှိပါကြောင်း၊ သုံးခွမြို့နှင့် အနီးဆုံးတည်ရှိနေသော ရေလှောင်တမံမှာ ကျောက်တန်းမြို့နယ်ရှိ ဘန့်ဘွေးကုန်းရေလှောင်တမံဖြစ်ပြီး မြို့နှင့် ၂၅ မိုင်ခန့် ကွာဝေးပါကြောင်း၊ ဘန့်ဘွေးကုန်းရေလှောင်တမံသည် သိုလှောင်ရေပမာဏ ၁၇၃၅ ဧကပေ(ရေဂါလန် ၄၆၉ သန်းခန့်)ရှိပြီး ကျောက်တန်းမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေဧရိယာ ၁၉၂ ဧကကို အကျိုးပြုနိုင်ရန်အတွက် ရည်ရွယ်တည်ဆောက်ထားခြင်း ဖြစ်ပါကြောင်း။

ဘန့်ဘွေးကုန်းရေလှောင်တမံသည် မြို့ပြရေပေးဝေရန်အတွက် ဆောင်ရွက်ထားသော ရေလှောင်တမံမဟုတ်ဘဲ စိုက်ပျိုးရေပေးဝေလျက်ရှိသော ရေလှောင်တမံဖြစ်ပါကြောင်း၊ ရေသယ်ယူရမည့် အကွာအဝေးမှာလည်း များပြားပါသဖြင့် အနီးနားတွင်ရှိသည့် ရေအရင်းအမြစ်ကိုသာ သုံးစွဲရန် သင့်လျော်သည့် အခြေအနေဖြစ်ပါကြောင်း။

သုံးခွမြို့တွင် မြေသားရေလှောင်ကန် ၅၈ ကန်ရှိပြီး တိုးတက်လာသည့်လူဦးရေအတွက် ရေအရင်းအမြစ်များ ထပ်မံလိုအပ်လာမှုအပေါ် နံ့ယောချောင်းပေါ်ရှိသုံးခွရေတံခါးမှ ရေကို မြို့ပေါ်ရပ်ကွက်အတွင်းရှိ သောက်သုံးရေကန်များသို့ ရေကူဖြည့်တင်းရန်အတွက် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ၆ လ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့်လည်းကောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးအထိ သုံးခွမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့်လည်းကောင်း၊ သုံးခွမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ သုံးခွမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များအား ရေပေးဝေနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဆည်တမံမှ ရေပေးဝေနိုင်ရန်မှာ ရေသယ်ယူရမည့် အကွာအဝေးများပြားသဖြင့်လည်းကောင်း၊ စိုက်ပျိုးရေပေးဝေနေရသဖြင့် ရေပေးဝေနိုင်မှုပမာဏ ကန့်သတ်ချက်များရှိသောကြောင့် လည်းကောင်း၊ မြို့ရေပေးဝေရေးနှင့်ပတ်သက်၍ လက်ရှိစီမံဆောင်ရွက်လျက်ရှိသော ဌာနမှသာ ဆက်လက်ဆောင်ရွက်ရန် သင့်လျော်ပါကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တမူးမဲဆန္ဒနယ်မှ ဦးအောင်ကိုလတ်၏ **တမူးမြို့ပေါ်ရှိ ကံကြီးဝဆည်ကြီးအား အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကံကြီးဝရေလွှဲဆည်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ မြို့မ ရပ်ကွက်၊ မဟူရာချောင်း(ခေါ်) ပါဟဲချောင်းပေါ်တွင်တည်ရှိပြီး ၂၀၂၅ ခုနှစ် မိုးတွင်းကာလ တောင်ကျချောင်းရေများ စီးဆင်းမှုကြောင့် ကံကြီးဝရေလွှဲဆည်အထက်ပိုင်းတွင် သဲနုန်းများပို့ချခဲ့ခြင်း၊ ရေတိုက်စားမှုကြောင့် ရေလျှံထိန်းတာပေါင် အလျား ပေ ၁၀၀၀ ခန့် ပျက်စီးခြင်း နှင့် ရေလွှဲဆည်အောက်ပိုင်း ရေငြိမ်ကန် ရေတိုက်စားမှုကြောင့် အောက်ခံကြမ်းခင်းပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ စိုက်ပျိုးမြေဧရိယာ ၈၃၅ ဒသမ ၂၄ ဧကအား ကောင်းမွန်လုံလောက်စွာ ရေပေးဝေနိုင်ရေးအတွက် ကံကြီးဝရေလွှဲဆည် အထက်ပိုင်းတွင် သဲနုန်းတူးဖော်ခြင်း၊ ရေလွှဲဆည်အထက်ပိုင်း ရေလျှံထိန်းတာပေါင်တည်ဆောက်ခြင်း၊ ရေလွှဲဆည်အောက်ပိုင်း ရေငြိမ်ကန်အထွက်ပိုင်းတွင် မျောတုတ်ရိုက် Gabion Box ကျောက်ချခြင်းလုပ်ငန်းများနှင့် အခြားလိုအပ်သော ပြင်ဆင်မှုများဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ တောင်သူများစိုက်ပျိုးရေးအတွက် အားထားရသော ကံကြီးဝရေလွှဲဆည်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းအတွက် လိုအပ်သောရန်ပုံငွေအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ (သို့မဟုတ်) သင့်လျော်ရာရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သန်း၏ **ကျောက်ဆည်မြို့ပေါ် ရပ်ကွက်ကြီးများအား ရေကြီးမှုမှကာကွယ်ရန် ဇော်ဂျီမြစ်ကြောင်းတစ်လျှောက် သဲနုန်းတူးဖော်ခြင်း အလျား ၂၀ မိုင် ဇော်ဂျီတာပေါင်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရန် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ဇော်ဂျီမြစ်သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်းတယမြို့နယ်မှမြစ်ဖျားခံ၍ ပင်းတယ၊ ရပ်စောက်၊ ရွာငံမြို့နယ်များကို ဖြတ်သန်းစီးဆင်းကာ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်နှင့် စဉ့်ကိုင်မြို့နယ်တို့အား ဖြတ်သန်း၍ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်ပါကြောင်း၊ ဇော်ဂျီမြစ်ပေါ်၌ ဇော်ဂျီရေလှောင်တမံအား ၁၉၉၇ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ဇော်ဂျီမြစ်အား ရေစီးရေလာကောင်းမွန်စေရေးနှင့် မြစ်ရေလွှမ်းမိုးမှု လျော့ချနိုင်ရေးအတွက် ဧးတောရေလွှဲဆည်မှ ဧရာဝတီမြစ်အထိ အလျား မိုင် ၂၀ အား မြစ်ကြောင်းချဲ့ထွင်ခြင်းနှင့် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းကို လည်းကောင်း၊ နောင်ခမ်းကျေးရွာအနီးတွင် ဇော်ဂျီမြစ်အရေးပေါ်ရေလျှံပေါက် အကျယ် ပေ ၁၅၀ တည်ဆောက်ခြင်းလုပ်ငန်းကိုလည်းကောင်း ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ရွာငံမြို့နယ်တွင် မြို့ကြီးရေလှောင်တမံအား ၂၀၁၆ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သဖြင့် နောက်ပိုင်းနှစ်များတွင် ရေကြီးရေလျှံမှုကို လျှော့ချနိုင်ခဲ့ပါကြောင်း၊ ဇော်ဂျီမြစ်အတွင်း တိုက်ရိုက်စီးဝင်သည့် သံပိုချောင်းနှင့် ငမွဲချောင်းမှရေများကို နောင်ခမ်းအရေးပေါ်ရေလျှံပေါက်မှ ထိန်းညှိထုတ်လွှတ်ထားခြင်းများကြောင့် ရာသီဥတုကောင်းမွန်သောနှစ်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခြင်းမရှိခဲ့ပါကြောင်း။

၂၀၂၄ ခုနှစ်တွင် ရာဂီမုန်တိုင်းအရှိန်ကြောင့် ထူးကဲမိုးရွာသွန်းမှုများဖြစ်ပေါ်ခဲ့ချိန်တွင် မြို့ကြီးတမံရေပိုလွှဲမှ ၈ ဒသမ ၁ ပေကျော် စီးဆင်းခဲ့ခြင်း၊ မြစ်အတွင်းသို့ တိုက်ရိုက်စီးဝင်သည့် သံပိုချောင်းနှင့် ငမွဲချောင်းမှ စီးဆင်းရေများပြားခဲ့ခြင်းကြောင့် ဇော်ဂျီမြစ် ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သော်လည်း နောင်ခမ်းအရေးပေါ်ရေလျှံပေါက်မှ ပန်းလောင်မြစ်သို့ ခွဲထွက် စီးဆင်းစေခဲ့ခြင်းကြောင့် ကျောက်ဆည်မြို့သို့ ရေလွှမ်းမိုးမှုဘေးအန္တရာယ်အား အထိုက်အလျောက် လျှော့ချနိုင်ခဲ့ပါကြောင်း။

အလားတူ ၂၀၂၅ ခုနှစ်တွင် ကာဂျီကီမုန်တိုင်း အရှိန်ကြောင့် မိုးရွာသွန်းမှုများပြားခဲ့စဉ် ဇော်ဂျီမြစ်အတွင်းသို့ စီးဝင်ရေများပြားခဲ့သော်လည်း နောင်ခမ်းအရေးပေါ်ရေလျှံပေါက်မှ ပန်းလောင်မြစ်သို့ ခွဲထွက် စီးဆင်းစေခဲ့ခြင်းကြောင့် ရေလွှမ်းမိုးမှုဘေးအန္တရာယ် ဖြစ်ပေါ်ခဲ့ခြင်း မရှိခဲ့ပါကြောင်း၊ ထူးကဲမိုးရေချိန်ဖြင့် မိုးရွာသွန်းချိန်ကာလများတွင် ရေကြီးရေလျှံမှု ဘေးအန္တရာယ်ဖြစ်ပေါ်နိုင်ပါသဖြင့် ဇော်ဂျီမြစ်ကြောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် လိုအပ်သည့်နေရာများတွင် သဲနုန်းတူးဖော်ခြင်း၊ မြစ်ကြောင်းချဲ့ထွင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး တွက်ချက်မှုများအရ အလျား ၁၉ မိုင်ခန့်၊ မြေကြီးကျင်း ၁၄ သိန်းကျော်ခန့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက မိုးရွာသွန်းမှုများပြားနိုင်သည့် ကာလများတွင် မြစ်ဘေးဝဲ/ယာရှိ ကျေးရွာများ၊ မြို့ပေါ်ရပ်ကွက်များ၊ စိုက်ပျိုးမြေများတွင် ဇော်ဂျီမြစ်ရေလျှံမှုကြောင့်ဖြစ်ပေါ်မည့် ရေကြီးနစ်မြုပ်မှုအန္တရာယ်အား လျော့နည်းသက်သာစေမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရမည့်လုပ်ငန်း ပမာဏများပြားခြင်းကြောင့် ဦးစားပေးအစီအစဉ်အရ

*စာမျက်နှာ ၅ သို့*



*စာမျက်နှာ ၄ မှ*

အဝိုင်းလိုက်လျှာထားပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင်၏ **ဝေါမြို့နယ်အတွင်းရှိ မိုးယွန်းကြီးရေလှောင်ကန်အား ပုကိုင်တာနှင့် ထိစပ်နေသော မိုးယွန်းကြီး - ဖွဲ့ဘက်တာ ၁၆/၅ မိုင် လိုင်းကာကျောက်ကြီးစီခြင်းလုပ်ငန်း ၁ ဒသမ ၇ မိုင် ဆောင်ရွက်ပြီးစီးပြီး ကျန် ၁၄/၈ မိုင်အား ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က မိုးယွန်းကြီး-ဖွဲ့ဘက်တာသည် မိုးယွန်းကြီးရေလှောင်ကန်၏ ကန်ပတ်တာတစ်ခုဖြစ်ပြီး အလျား ၁၆ ဒသမ ၅ မိုင်ရှိပါကြောင်း၊ မိုးယွန်းကြီးရေလှောင်ကန်ကို ၁၈၇၈ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ရေဆင်းရေိယာ ၆၀ စတုရန်းမိုင်ရှိပါကြောင်း၊ ၂၀၂၃ ခုနှစ် ပဲခူးခရိုင်တွင် ၆-၁၀-၂၀၂၃ ရက်မှ ၈-၁၀-၂၀၂၃ ရက်အထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးယွန်းကြီး ရေလှောင်ကန်အတွင်းသို့ စီးဝင်သော ချောင်းများမှတစ်ဆင့် မိုးယွန်းကြီးကန်အတွင်း ရေဝင်ရောက်မှုများပြားခဲ့ပြီး လှိုင်းပုတ်ခတ်မှုဒဏ်တို့ကြောင့် မိုးယွန်းကြီး-ဖွဲ့ဘက်တာ၏ တာမိုင် ၇ မိုင်မှ တာမိုင် ၇ မိုင် ၄ ဖာလုံအတွင်း၊ တာမိုင် ၈ မိုင် ၂ ဖာလုံမှ တာမိုင် ၁၂ မိုင်အတွင်းနှင့် တာမိုင် ၁၃ မိုင် မှ တာမိုင် ၁၅ မိုင်အတွင်းရှိ တာပေါင်များ ပွဲကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအရေးပေါ်ရန်ပုံငွေ(ငွေလုံးငွေရင်း)ဖြင့် ဆောင်ရွက်ထားရှိပြီးဖြစ်သဖြင့် လတ်တလော စိုးရိမ်ရသည့် အခြေအနေတွင် မရှိပါကြောင်း။

မိုးယွန်းကြီး-ဖွဲ့ဘက်တာ၏ တာပေါင်အားနည်းသည့် အပိုင်းများကိုသာ ဦးစားပေး၍ လိုင်းကာကျောက်ကြီးစီခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုလက်ရှိအခြေအနေမှာ အလျား ပေ ၉၀၀၀ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ (ငွေလုံးငွေရင်း)ဖြင့် မိုးယွန်းကြီး- ဖွဲ့ဘက်တာ တာမိုင် ၁၅ မိုင် ၇ ဖာလုံမှ တာမိုင် ၁၆ မိုင် ၄ ဖာလုံအတွင်း၊ အလျား ပေ ၇၅၀ ခန့်အား လိုင်းကာကျောက်ကြီးစီခြင်းနှင့် တာမိုင် ၄ မိုင် မှ တာမိုင် ၇ မိုင်အတွင်း တာပုံစံကျ ပြုပြင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထပ်မံ၍ မိုးယွန်းကြီးကန် ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရန်အတွက် ရေလှိုင်းကာ ကျောက်ကြီးစီရန် လိုအပ်သောအပိုင်းများ အလျား ၅ ဒသမ ၃၅ မိုင်ကို ဆောင်ရွက်သွားရန် ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေ တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း၊ လှိုင်းဒဏ်ခံစားရသည့်အပိုင်းများကို ဦးစားပေး အခိုင်အမာကျောက်ကြီးစီခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ (သို့မဟုတ်) အခြားသင့်လျော်ရာ ရန်ပုံငွေမှ တင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်ကာ ဦးစားပေးအစီအစဉ်လိုက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဒေါ်ဥမ္မာမိုးမိုးဇော်၏ **သဲကုန်းမြို့နယ်ရှိ ချောင်းမြောင်းတူးဖော်ရာတွင် အခက်အခဲများ ကြုံတွေ့ရပါသဖြင့် ရန်ပုံငွေလုံလောက်စွာ ချမှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က အင်းမအင်းသည် သဲကုန်းမြို့နယ်၏ အနောက်တောင်ဘက် ၂ ဒသမ ၅ မိုင်အကွာတွင် တည်ရှိပြီး အင်းမအင်းအတွင်း ဂရန်အင်း ၂၇ အင်းရှိပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် အင်းမအင်းအတွင်း အဓိကစီးဝင်သည့် အရှေ့ဘက် ပင်မရေလမ်းကြောင်း အလျား ၄ ဒသမ ၇၉ မိုင်၊ အကျယ် ၇၅ ပေနှင့် အနောက်ဘက် ပင်မရေလမ်းကြောင်း အလျား ၂ ဒသမ ၆၄ မိုင်၊ အကျယ် ၇၅ ပေ ရေလမ်းကြောင်း နှစ်ခုအား တာဝန်ယူထိန်းသိမ်းလျက်ရှိပါကြောင်း။

ဌာနအနေဖြင့် အင်းမအင်း ပင်မရေလမ်းကြောင်းများ ရေစီးရေလာကောင်းမွန်စေရန်နှင့် စိုက်ပျိုးမြေများ ရေကြီးနစ်မြုပ်မှု လျော့နည်းစေရန်အတွက် မြေတူးစက် (Back Hoe On Pontoon) ဖြင့် ရေလမ်းကြောင်း တူးဖော်ရှင်းလင်းခြင်း၊ အင်းနှင့်ဆက်စပ်လျက်ရှိသော ချောင်းဝများအတွင်းရှိ ဗေဒါဒိုက်ပင်များ ရှင်းလင်းခြင်းလုပ်ငန်းများကို ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အရှေ့ဘက်ပင်မရေလမ်းကြောင်း အလျား ၁ ဒသမ ၁ မိုင် တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အရှေ့ဘက် ပင်မရေလမ်းကြောင်း ၁ ဒသမ ၆၀ မိုင် တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကျန်ရှိသောလုပ်ငန်းများကိုလည်း ၂၀၂၇-၂၀၂၈ ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် ထည့်သွင်းတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

သဲကုန်းမြို့နယ်အတွင်း မြစ်မခမြစ်မှာ အလျား ၇ ဒသမ ၂၀ မိုင် ရှည်လျားပြီး ယခုအခါ ၎င်းမြစ်ကွေ့များတွင် ပြန်လည်သောင်ထွန်းလာပါသဖြင့် မြစ်မခမြစ် မြစ်ကြောင်းဖြောင့်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ခုနှစ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် ထည့်သွင်းတင်ပြတောင်းခံကာ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

၂၀၂၅-၂၀၂၆ ခုနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ကျေးလူးချောင်းနှင့် သဲဖြူချောင်း တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင်လည်း ကင်းဒက်ချောင်း၊ ဈေးချောင်း၊ သိုက်တောမချောင်း၊ သဲကုန်းကြီးချောင်းနှင့် ရေဆိုးထုတ်ချောင်းတို့အား တူးဖော်ပေါင်ဆင့်ခြင်းနှင့် လိုအပ်သောနေရာများတွင် တုတ်တန်းရိုက်ကာရံခြင်းလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ သဲကုန်းမြို့နယ်အတွင်းရှိ စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ရေကြီးရေလျှံမှုများကြောင့် လယ်ကွင်းများစွာ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် အင်းမအင်း ရေဝင်ချောင်းများ တူးဖော်ပေါင်ဆင့်ခြင်း၊ အထွက် ရေလမ်းကြောင်း ရှင်းလင်းခြင်း၊ လိုအပ်သည့်နေရာများတွင် တုတ်တန်းရိုက်ကာရံခြင်းလုပ်ငန်းများနှင့် ရေစီးထွက်မှုကောင်းစေရန်အတွက် မြစ်မခမြစ် မြစ်ကြောင်းဖြောင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် ဦးစားပေးအစီအစဉ်ဖြင့် ရန်ပုံငွေပိုမိုရရှိရေး လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နမ့်စန်မဲဆန္ဒနယ်မှ ဦးငွေလွင် (ခ) ဦးဒီလုံး၏ **နမ့်စန်မြို့နယ်၊ ဟိုင်းနားကြီးကျေးရွာအုပ်စု၊ နားရိုင်းလမ်းကြီးရှိ ၃၃ ကေဗွီ ဓာတ်အားလိုင်းမှ နောင်ခမ်း-နောင်ခါး-နမ့်စမ်(နမ့်ဟူးမိုင်)-နောင်ဒေးကျေးရွာများအထိ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၇ မိုင်နှင့် ၃၃/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာလေးလုံး တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ရှမ်းပြည်နယ်၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ် ဟိုင်းနားကြီးကျေးရွာအုပ်စု နောင်ခမ်းကျေးရွာ၊ နောင်ခါးကျေးရွာ၊ နမ့်စမ်(နမ့်ဟူးမိုင်)နှင့် နောင်ဒေးကျေးရွာများ ဓာတ်အားရရှိရေးအတွက် နမ့်စန်-နားရိုင်း ၃၃ ကေဗွီဓာတ်အားလိုင်းမှ ၃၃/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာဖြင့် ဓာတ်အားရရှိပြီးဖြစ်သည့် နောင်ခမ်းကျေးရွာ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး တည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် ၇၉၆ ဒသမ ၀၀၀ သန်း၊ နောင်ခါးကျေးရွာ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး တည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် ၅၈၅ ဒသမ ၇၀၀ သန်း၊ နမ့်စမ်(နားဟူးမိုင်)ကျေးရွာ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး တည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် ၈၈၁ ဒသမ ၁၀၀ သန်းနှင့် နောင်ဒေးကျေးရွာ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး တည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် ၅၆၅ ဒသမ ၆၅၀ သန်း ကုန်ကျမည်ဖြစ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းလျာထားပေးမည်ဖြစ်ပြီး ဘဏ္ဍာငွေခွင့်ပြုရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာပေါင်းမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၏ **သာပေါင်းမြို့နယ်၊ ငက်ပျောတော၊ မဲဇလီကွင်းပေါက်၊ ဆင်လမ်းနှင့် သပြေကုန်းကျေးရွာအုပ်စုများတွင် လျှပ်စစ်မီးရရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ၊ မရှိပါက ဆိုလာမီးကဲ့သို့ ရရှိနိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်များတွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က သာပေါင်းမြို့နယ်၊ ငက်ပျောတောကျေးရွာအုပ်စု၊ မဲဇလီကွင်းပေါက်ကျေးရွာအုပ်စု၊ ဆင်လမ်းကျေးရွာအုပ်စုနှင့် သပြေကုန်းကျေးရွာအုပ်စုများ လျှပ်စစ်မီးရရှိနိုင်ရေးအတွက် လက်ရှိ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဘဲ့ရက်ဓာတ်အားခွဲရုံ၏ ၁၁ ကေဗွီ ဒါးကဗီဒါမှ ၁၁ ကေဗွီဓာတ်အားလိုင်း ၁၅၈၂၀ ပေ၊ ၂ ဒသမ ၉၉၇ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ သုံးလုံးနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၁၀၀ ကေဗွီ ထရန်စဖော်မာ တစ်လုံး တည်ဆောက်ခြင်း လုပ်ငန်းများအတွက် ခန့်မှန်းကုန်ကျငွေ စုစုပေါင်း ငွေကျပ် ၈၄၅ ဒသမ ၃၇၄ သန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း အသုံးစရိတ်တွင် ထည့်သွင်းလျာထားပေးမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ကျေးရွာတွင်း ၄၀၀ ဗို့လိုင်း တည်ဆောက်ခြင်းလုပ်ငန်းများအား သက်ဆိုင်ရာကျေးရွာများမှ ကိုယ်ထူကိုယ်ထ ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပူတာအိုမဲဆန္ဒနယ်မှ ဦးရားနီ၏ **ပူတာအိုမြို့တွင်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ကတ္တရာလမ်းဘေး ဝဲယာ၌ တပ်ဆင်ရန် ဆိုလာမီးသီး ၃၅၀ နှင့် ဆက်စပ်ပစ္စည်းများရရှိနိုင်ရေး လမ်းညွှန်မှုကြားချက်အား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ပူတာအိုမြို့နယ်၊ မူလာရှီးဒီရပ်ကွက်မှ ဟိုန်ရီရပ်ကွက်အထိ အရှည် ၈ ဒသမ ၇မိုင်ရှိသော ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် မူလရှိပြီး ဓာတ်တိုင်များပေါ်တွင် ဆိုလာမီးလုံး ၁၀၃ လုံးအား တပ်ဆင်ရမည်ဖြစ်ပြီး ဓာတ်တိုင်မရှိသော နေရာများတွင် လမ်းမီးတိုင်နှင့် ဆိုလာမီးလုံးတွဲလျက် ၄၇ စုံအား တပ်ဆင်ရမည် ဖြစ်ပါကြောင်း၊ ဆိုလာမီးလုံး ၃၅၀ နှင့် Street Light Single Arm Pole ၄၇ တိုင် တပ်ဆင်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၃၄၆ ဒသမ ၃၅၀ သန်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ဖြည့်စွက်ရန်ပုံငွေ (RE) သို့မဟုတ် အထွေထွေပိုလျှံရန်ပုံငွေ (GRF)တွင် ထည့်သွင်းလျာထားသွားမည် ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှု အခြေအနေပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်ဌေး၏ **ချမ်းအေးသာစံမြို့နယ်၊ ကဋ္ဌမဟီရပ်ကွက်၊ ၇၆လမ်း၊ ၃၀ x ၃၅ လမ်းတစ်လျှောက်တွင် လျှပ်စစ်မီးလင်းရေး၊ ၇၇ လမ်း၊ ၂၆ x ၃၅ လမ်းတစ်လျှောက်တွင် ထပ်ပိုးလမ်းခင်းပြုပြင်ရန်နှင့် မီးလင်းရေးတို့အတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ကဋ္ဌမဟီရပ်ကွက်၊ ၇၆လမ်း၊ ၃၀ x ၃၅ လမ်းတစ်လျှောက်တွင် လျှပ်စစ်မီးလင်းရေးအတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ကွင်းဆင်းစစ်ဆေးခဲ့ရာ လမ်းမီးတိုင်ပေါင်း ၃၁ တိုင်၊ မီးလုံး ၃၁ လုံးရှိရာ အခန်း ၂၂ ခန်း၊ မီးကြိုးအရှည် ၁၃၄၀ မီတာ၊ လမ်းမီးပုံးအတွင်းရှိ Breaker၊ Timer နှင့် Relay များ ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရပြီး အလားတူ ၇၇ လမ်း၊ ၂၆ x ၃၅လမ်း တစ်လျှောက်တွင်လည်း လမ်းမီးတိုင်ပေါင်း ၄၇ တိုင်၊ မီးလုံး ၄၇ လုံးရှိရာ အခန်း ၃၉ ခန်း၊ မီးကြိုးအရှည် ၂၃၇၈ မီတာ၊ လမ်းမီးပုံးအတွင်းရှိ Breaker၊ Timer နှင့် Relay များ ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရပါကြောင်း။

အဆိုပါ လမ်းမီးများအား မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ဦးစားပေးပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ၇၇ လမ်း၊ ၃၃နှင့်၃၅ လမ်းအပိုင်းမှာ နိုင်လွန်ကတ္တရာလမ်းဖြစ်ပြီး လမ်းသားကောင်းမွန်မှုရှိ၍ ၂၆ နှင့် ၃၃ လမ်းအပိုင်းမှာ ရိုးရိုးကတ္တရာလမ်းဖြစ်ပြီး အချို့နေရာများတွင် အပေါ်ယံ ကတ္တရာအလွှာများ ပျက်စီးနေခြင်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ထည့်သွင်းလျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **ကျွဲပွဲမြို့မှ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ လျှပ်စစ်ဓာတ်အားခွဲရုံအား ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ အဖြစ်သို့ အဆင့်မြှင့်တင်ရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့ရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံမှ ကျွဲပွဲမြို့ပေါ်ရပ်ကွက် ၅ ရပ်ကွက်နှင့် ကျေးရွာပေါင်း ၆၆ ရွာရှိ အိမ်ထောင်စုပေါင်း ၇၇၆၀ တို့အား ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာ အမြင့်ဆုံး သုံးစွဲဝန်အားမှာ ၃ ဒသမ ၂ မဂ္ဂါဝပ် (တပ်ဆင်အင်အား၏ ၈၀ ရာခိုင်နှုန်းခန့်) သုံးစွဲလျက်ရှိပြီး ကျေးရွာပေါင်း ၂၉ ရွာအား ထပ်မံဓာတ်အားဖြန့်ဖြူးပေးရန် ကျန်ရှိနေသေးပါကြောင်း။

သို့ဖြစ်ပါ၍ ကျွဲပွဲမြို့ပေါ်ရပ်ကွက်များ မီးလင်းပြီးဖြစ်သော ကျေးရွာများနှင့် မီးလင်းရန်ကျန်ရှိသော ကျေးရွာ ၂၉ ရွာ တို့အား တိုးချဲ့ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံမှ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံသို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၃၇၄၂ ဒသမ ၄၇ သန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားသွားမည်ဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ဇူလိုင် ၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၁**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဇမ္ဗူ့ကျက်သရေလမ်းနှင့် ရွှေကြာပင်လမ်းထောင့်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကွန်တိန်နာအိမ်ရာဝင်းအတွင်း၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေး တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

**စုပေါင်းစိုက်ပျိုး**

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ရတနာတန်းဝင် ကျွန်းပင် ၃၀၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ်(၁) ဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နိုင်ငံ့ဝန်ထမ်း အကြီးအမှူးများ (ဒုတိယ ညွှန်ကြားရေးမှူးချုပ်ရာထူး)အတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ်(၁)ကို ယနေ့နံနက်ပိုင်းက ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်း (Legal Advocacy Center ) MOLA Lecture Hall ၌ ဖွင့်လှစ်ရာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်နှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ယခုသင်တန်းသည် အစိုးရဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ စနစ်တကျဖြစ်စေရေး၊ ဥပဒေရေးရာ အခြေခံသဘောတရားများကို သိရှိနားလည်ပြီး တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေမည် ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းကို ဇူလိုင် ၁ ရက်မှ ၂၈ ရက်အထိ ရက်သတ္တပတ်လေးပတ်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

# မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)နှင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ တွေ့ဆုံ

**မန္တလေး ဇူလိုင် ၁**

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)နှင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး၊ လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစစ်နိုင်နှင့် မန္တလေးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေလူငယ်ထု ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ရေးဆွဲမည်ဖြစ်ကြောင်း၊ ထိုစီမံချက်ရေးဆွဲနိုင်ရန် တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီဝင်များကဝိုင်းဝန်းကူညီပေးကြစေလိုကြောင်း၊ စီမံချက်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်လုံး တစ်ပြိုင်တည်း ဆောင်ရွက်ရန် မလွယ်ကူသည့်အတွက် Pilot Project အနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်မှ စတင်ဆောင်ရွက်လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မန္တလေးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌတို့က လူငယ်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။


**သတင်းစဉ်**



❑ *ရွှေ့ဖုံးမှ*

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းနှင့် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ၃-၇-၂၀၂၆ ရက်နေ့၌ လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်လာနိုင်ခြင်းတို့ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိုးကြီးမည့် သတိပေးချက်နှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက် ထုတ်ပြန်ပေးပို့တင်ပြသွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။ **မိုး/ဇလ**



**ပညာရွှေအိုး လူမခိုး**



# ၂၀၂၆ ခုနှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲမှ ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အမှတ်(၁) လေ့ကျင့်ရေးကွင်း၌ သက်ဆိုင်ရာ အားကစားနည်းများအလိုက် ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ယနေ့တွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူနည်းပြများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား မီတာ ၄၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲတွင် ဆုရရှိကြသူများကို တစ်ဦးချင်း ဆုတံဆိပ်များ၊ ငွေသားဆုများ ပေးအပ်ကြသည်။

ယမန်နေ့ကလည်း ဘော်လီဘောပြိုင်ပွဲ (အမျိုးသား)နှင့် ဘော်လီဘောပြိုင်ပွဲ (အမျိုးသမီး) ဗိုလ်လုပွဲ ပွဲစဉ်များနှင့် တတိယနေရာလုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပထမဆုရ ပုသိမ်ဘော်လီဘော(အမျိုးသား)အသင်း၊ ဒုတိယဆုရ မန္တလေးဘော်လီဘော (အမျိုးသား) အသင်း၊ တတိယဆုရ တောင်ကြီး ဘော်လီဘော (အမျိုးသား)အသင်း၊ ပထမဆုရ မော်လမြိုင် ဘော်လီဘော (အမျိုးသမီး)အသင်း၊ ဒုတိယဆုရ နေပြည်တော် ဘော်လီဘော (အမျိုးသမီး)အသင်း၊ တတိယဆုရ မန္တလေးဘော်လီဘော(အမျိုးသမီး) အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်များ၊ ငွေသားဆုများနှင့် ဆုဖလားများကို ပေးအပ်ချီးမြှင့်ခဲ့သည်။


၂၀၂၆ ခုနှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို ဘောလုံး၊ ဖူဆယ်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ် စသည့် အားကစားနည်း ငါးမျိုးဖြင့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အား ထိုင်းဘုရင့်တပ်မတော်မှ Lt. Gen. Warathep Boonya ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အား မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်ခဲ့သည့် (၃၈) ကြိမ်မြောက် မြန်မာ - ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ထိုင်းဘုရင့်တပ်မတော်မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt. Gen. Warathep Boonya ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ညှိနှိုင်းမဆောင်၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အား ထိုင်းဘုရင့်တပ်မတော်မှ Lt. Gen. Warathep Boonya ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြု တွေ့ဆုံစဉ်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ ယာယီသံရုံးတာဝန်ခံ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၈)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာအောင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုများအပေါ် ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားသည့်စိတ်၊ အိမ်နီးချင်းကောင်းပီသသည့် စိတ်ဓာတ်တို့ဖြင့် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ထောက်ပံ့ပစ္စည်းများ စေလွှတ်ပေးအပ်သည့်အတွက် များစွာ ကျေးဇူးတင်ရှိမှု၊ နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ၊ ယဉ်ကျေးမှုအဖွဲ့များ၊ အားကစားအဖွဲ့များနှင့် သင်တန်းသားများ အပြန်အလှန် စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ပြီး နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ တရားမဝင်ကုန်သွယ်မှု၊ မူးယစ်ဆေးဝါးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲ အပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်တို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး ညှိနှိုင်းမှုဗဟိုဌာန အမှုဆောင်ဒါရိုက်တာနှင့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် အာဆီယံသဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး ညှိနှိုင်းမှုဗဟိုဌာန (ASEAN Coordinating Centre for Humanitarian Assistance on Disaster Mangement– AHA Centre)၊ အမှုဆောင်ဒါရိုက်တာ မစ္စတာလီယန်မင်းနှင့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**



ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်နိုင်ရေး AHA Centre ၏ ကြိုးပမ်းဆောင်ရွက်ချက်များအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပြီး အမှန်တကယ် အကူအညီလိုအပ်နေသည့် မြန်မာပြည်သူများထံ အကူအညီများ ထိရောက်လျင်မြန်စွာရောက်ရှိရေးအတွက် မြန်မာနိုင်ငံ အစိုးရနှင့် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရာတွင် မြန်မာနိုင်ငံ၏ ဦးစားပေးလိုအပ်ချက်နှင့် ကိုက်ညီမှုရှိစေရန်အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် အရေးကြီးမှုနှင့် AHA Centre နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို အကြံပြုခဲ့ပြီး AHA Centre ၏ လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံအနေဖြင့် ဆက်လက် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။

မစ္စတာလီယန်မင်းက AHA Centre မှတစ်ဆင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရာတွင် မြန်မာနိုင်ငံအစိုးရ၏ ပံ့ပိုးမှုနှင့် ကူညီဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပြီး AHA Centre က ရှေ့ဆက်ဆောင်ရွက်မည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေး အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။ **သတင်းစဉ်**

*ရှေ့ဖုံးမှ*

အဆိုပါ အမှတ်(၈၃)အဆန် ရန်ကုန်-မော်လမြိုင် ခေတ်မီလေအေးပေးစက်ပါ DEMU ရထား ခရီးစဉ်စတင်ပြေးဆွဲခြင်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်ဘူတာကြီး စင်္ကြံအမှတ် (၁)တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာ့မီးရထားမှ အရာထမ်း/အမှုထမ်းများ၊ ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က အမှာစကား ပြောကြားကြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြေးဆွဲမည့်ရထားတွဲဆိုင်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး လျှပ်စစ်စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် မြန်မာ့မီးရထား၊ အထွေထွေမန်နေဂျာ(သွားလာပို့ဆောင်ရေး)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ယင်းနောက် မော်လမြိုင်သို့ စီးနင်းလိုက်ပါကြမည့် ခရီးသည်များအား လိုက်လံနှုတ်ဆက်ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကာ နံနက် ၅ နာရီတွင် ရထားစတင်ထွက်ခွာရာ ဒုတိယဝန်ကြီးနှင့်အဖွဲ့က မော်လမြိုင်အထိ လိုက်ပါစီးနင်းကြသည်။

ဆက်လက်၍ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် မော်လမြိုင်ဘူတာ အမှတ်(၁)စင်္ကြံ၌ အမှတ် (၈၄)အစုန် မော်လမြိုင်-ရန်ကုန် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားခရီးစဉ် စတင်ပြေးဆွဲခြင်းဖွင့်ပွဲကို ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ အရာထမ်း/အမှုထမ်းများ၊ ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြေးဆွဲမည့်ရထားတွဲဆိုင်းအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရန်ကုန်သို့ စီးနင်းလိုက်ပါမည့် ခရီးသည်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကာ မွန်းတည့် ၁၂ နာရီတွင် ရထားစတင်ထွက်ခွာရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျိုက်ထိုဘူတာအထိ လိုက်ပါစီးနင်းကြသည်။

အဆိုပါ အမှတ်(၈၃)အဆန်/အမှတ်(၈၄)အစုန် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်း တစ်ဆိုင်းတွင် အထက်တန်း နှစ်တွဲ၊ ပထမတန်း လေးတွဲပါရှိပြီး အထက်တန်းတွင် ၆၆ ဦးနှင့် ပထမတန်းတွင် ၂၂၄ ဦး စုစုပေါင်း ၂၉၀ စီးနင်းလိုက်ပါနိုင်မည်ဖြစ်သည်။

ရန်ကုန်-မော်လမြိုင်-ရန်ကုန်ခရီးစဉ်တစ်လျှောက် တိုးကြောင်ကလေး၊ ပဲခူး၊ သိမ်ဇရပ်၊ ကျိုက်ထို၊ သထုံ၊ ပေါင် ဘူတာများတွင် ရပ်တန့်ပေးမည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ ခရီးစဉ်အစအဆုံး အထက်တန်းအတွက် ငွေကျပ် ၂၂၀၀၀ နှင့် ပထမတန်းအတွက် ငွေကျပ် ၁၆၀၀၀ ကျသင့်မည်ဖြစ်သည်။

ထို့အတူ ရန်ကုန် - မော်လမြိုင် ရထားလမ်းပိုင်းတွင် ပုံမှန်ပြေးဆွဲလျက်ရှိသော အမှတ်(၈၁) အဆန်/ အမှတ် (၈၂)အစုန် လူစီးအမြန်ရထားနှင့် ယနေ့စတင်ပြေးဆွဲသည့် အမှတ်(၈၃)အဆန်/ အမှတ် (၈၄) အစုန် ခေတ်မီ DEMU လူစီးအမြန်ရထားများ၏ ရထားလက်မှတ်များကို



Online Railways Ticketing and Payment System (ORTP) စနစ်ဖြင့် လက်မှတ်များ ဝယ်ယူနိုင်ပြီး ခရီးစဉ်အစအဆုံးအတွက် ခုနစ်ရက်နှင့် ကြားဘူတာများအတွက် ငါးရက်ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်သည်။

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်-မော်လမြိုင်-ရန်ကုန်ခရီးစဉ်ကို ခရီးသွားပြည်သူများ လုံခြုံစိတ်ချစွာဖြင့် သက်သောင့်သက်သာရှိစွာ စီးနင်းလိုက်ပါနိုင်ရေး ဝန်ဆောင်မှုတိုးမြှင့် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ယခင်ကပြေးဆွဲချိန် ရှစ်နာရီ မိနစ် ၃၀ ကြာမြင့်ရာမှ ယခုအခါ အချိန်ခြောက်နာရီခန့်ဖြင့် ရောက်ရှိနိုင်မည်ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် လမ်းပိုင်းများ ပိုမိုကောင်းမွန်လာခြင်း၊ ခေတ်မီအချက်ပြစနစ် တပ်ဆင်အသုံးပြုနိုင်ခြင်း၊ ခေတ်မီစက်ခေါင်း/ တွဲဆိုင်းများ အသုံးပြုခြင်းတို့ဖြင့် ရထားအမြန်နှုန်း တိုးမြှင့်ပြေးဆွဲပေးလျက်ရှိရာ ပြေးဆွဲချိန် လျှော့ချပေးနိုင်ခဲ့ပြီး ရထားစီးခရီးသည်များ ပိုမိုစိတ်ချမ်းမြေ့စေရေး ဆက်လက်အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်သမ္မတရုံး၏ သတင်းစာရှင်းလင်းပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁

**နိုင်ငံတော်သမ္မတရုံး၏ သတင်းစာရှင်းလင်းပွဲကို ဇွန် ၃၀ ရက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတရုံး ဘက်စုံသုံးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာ ဇော်ဌေး က နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံခရီးစဉ်များအတွင်း ဆောင်ရွက်ချက်များ၊ အစိုးရ၏ ရက် ၁၀၀ စီမံချက်အတွင်း ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။**

ဆက်လက်၍ တက်ရောက်လာသည့် ပြည်တွင်း/ပြည်ပ သတင်းဌာနများမှ မေးမြန်းသည့် မေးခွန်းများကို နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည် -

**(ယမန်နေ့မှ အဆက်)**



One News Channel မှ သတင်းထောက် ဦးကျော်လွင်



KS News Media မှ အယ်ဒီတာ ဦးကျော်စွာမြင့်



Skynet Media မှ သတင်းထောက် ဦးမြင့်ဇော်



အမိမြေသစ္စာ သတင်းစုံဂျာနယ်မှ သတင်းထောက် ဦးစောမျိုးအောင်

**One News Channel မှ သတင်းထောက် ဦးကျော်လွင်**၏ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများနှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားရာတွင် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့ပြီးဖြစ်ကြောင်း၊ မကြာမီ လာအိုနိုင်ငံသို့ နိုင်ငံတော်သမ္မတကြီး သွားရောက်မည်ဖြစ်ကြောင်း၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ လာအို စသည့် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဆောင်ရွက်သွားလျက်ရှိကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ကုန်သွယ်ရေးကဏ္ဍတွင် ထိုင်းနိုင်ငံနှင့် ရေလမ်း၊ ကုန်းလမ်း၊ လေကြောင်းလမ်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အာဆီယံနိုင်ငံများနှင့်လည်း မူလအတိုင်း မိတ်ဝတ်မပျက်ဆက်ဆံရေးဖြင့် ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ နိုင်ငံအချို့က အထင်အမြင်လွဲမှားပြီး မိမိတို့နိုင်ငံအပေါ်တွင် ဆက်ဆံရေး ပြောင်းလဲခဲ့ကြောင်း၊ မိမိတို့ဘက်က အလုပ်ဖြင့် သက်သေပြနေကြောင်း၊ ရွေးကောက်ပွဲ ကျင်းပခဲ့ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်အားလုံးကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

နောက်တစ်ခုမှာ ဘင်းမ်စတက်ဖြစ်ပြီး ဘင်းမ်စတက် အတွင်းရေးမှူးချုပ် လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံသည် ဘင်းမ်စတက်တွင် အတက်ကြွဆုံး နံပါတ် (၁) နိုင်ငံဟု ပြောသွားပါကြောင်း၊ နောက် ၆ လအကြာတွင် မိမိတို့နိုင်ငံသည် ဘင်းမ်စတက် အတွင်းရေးမှူးချုပ် တာဝန်ယူရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် BIMSTEC တွင် ပါဝင်သည့် အနောက်ခြမ်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းပြောကြားသွားသည့် နံပါတ် (၁) အခန်းကဏ္ဍကိုလည်း ဆက်လက်ထိန်းသိမ်းပြီး အတွင်းရေးမှူးချုပ် တာဝန်ယူရမည်ဖြစ်သည့်အတွက် ယခင်ထက်ပိုပြီး တက်တက်ကြွကြွ ပါဝင်လှုပ်ရှား ဦးဆောင်နိုင်သည့် အနေအထားမျိုး ဖြစ်ကြောင်း။

မြန်မာနိုင်ငံအတွက် ဘယ်လောက်ထိ အခွင့်အလမ်းတွေရှိမလဲဆိုသည့် ဆက်စပ်မေးခွန်းနှင့် စပ်လျဉ်း၍ မိမိတို့နိုင်ငံအနေဖြင့် ဘင်းမ်စတက်နှင့် ဆက်ဆံရေးကောင်းမွန်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများလည်း လုပ်ဆောင်နေကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည့်နေ့တွင် အာဆီယံ ၁၀ နိုင်ငံအနက် ၅ နိုင်ငံက ဂုဏ်ပြုသဝဏ်လွှာပေးပို့ခဲ့ပါကြောင်း၊ အလားတူ နိုင်ငံတော်အစိုးရသစ်ကာလတွင် အာဆီယံနိုင်ငံအချို့မှ လာရောက်တွေ့ဆုံပြီး ဆွေးနွေးခဲ့သည့် အကြောင်းအရာများအနက် ထုတ်ပြန်၍ရသည့် အကြောင်းအရာများကို သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ မည်သို့ပင်ဆိုစေ မိမိတို့နိုင်ငံကို လာရောက်တွေ့ဆုံခြင်းသည် ဆက်ဆံရေးမျက်နှာစာသစ်ဖွင့်ရန် ပြန်လည်စဉ်းစားနေသည့် အနေအထားမျိုးဖြစ်သည်ကို ခန့်မှန်းတွက်ချက်နိုင်ပါကြောင်း ဖြေကြားသည်။

**KS News Media အယ်ဒီတာ ဦးကျော်စွာမြင့်**၏ အစိုးရ၏ ရက် ၁၀၀ စီမံချက်အတွင်း အခြေခံဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် အခြေခံလူတန်းစားမြင့်တင်ရေးအတွက် စီမံချက်များ ရှိ၊ မရှိနှင့် ရှိပါက အကြမ်းဖျင်းစီမံချက်များကို ရှင်းပြပေးစေလိုကြောင်းနှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုနှုန်းမှာ မြင့်မားနေဆဲဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရန်ဆိုသည့်ကိစ္စကို မိမိတို့အစိုးရလက်ထက်တွင်သာမဟုတ်ဘဲ အစိုးရအဆက်ဆက် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခု အစိုးရလက်ထက်စပြီး တာဝန်ယူသည့်အချိန်၌ အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် စားရေရိက္ခာဖူလုံရေး၊ တိုင်းပြည်သာယာဝပြောရေးကို တစိုက်မတ်မတ် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရသည့် အကြောင်းရင်းမှာ မိမိတို့နိုင်ငံသည် မြို့ပြတွင် နေထိုင်သူ ၃၀ ရာခိုင်နှုန်းသာရှိပြီး ကျေးလက်တွင် နေထိုင်သူက ၇၀ ရာခိုင်နှုန်းရှိပါကြောင်း၊ ကျေးလက်တွင်နေသည့် လူအများစုမှာ ဆင်းရဲနွမ်းပါးပြီး စိုက်ပျိုးမွေးမြူရေးကိုသာ အဓိကထား လုပ်ကိုင်ကြပါကြောင်း။

နိုင်ငံတော်သမ္မတကြီးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၌ စိုက်ပျိုးကမြေများ အလုံအလောက်ရှိသည့်အတွက် လက်ရှိစိုက်ပျိုးနေသည့် စိုက်ပျိုးကမြေများတွင် သီးနှံအထွက်နှုန်းတိုးရန် သက်ဆိုင်ရာဝန်ကြီးဌာနများကို တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကိုသွားသည့် ရည်ရွယ်ချက်များအနက် စိုက်ပျိုးမွေးမြူရေးကဏ္ဍ မြှင့်တင်ရန်၊ ခေတ်မီနည်းပညာများ၊ AI သုံးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်ဆိုသည့် ရည်ရွယ်ချက်လည်း ပါဝင်ပါကြောင်း၊ မိမိတို့ နိုင်ငံမှ အခြေခံလူတန်းစားများ၊ တောင်သူလယ်သမားများ၏ ဘဝမြှင့်တင်ရေးအတွက် အထွက်နှုန်းကောင်းမွန်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ထွက်ရှိလာသည့် ကုန်ပစ္စည်းများ ဈေးကောင်းရရှိရန်၊ အရည်အသွေး ပြည့်မီရန်၊ တန်ဖိုးမြင့်ထုတ်ကုန်များဖြစ်စေရန် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်လျက်ရှိကြောင်း၊ MSME လုပ်ငန်းများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် လိုအပ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် MSME လုပ်ငန်းကို ပစ်ပယ်၍မရကြောင်း၊ MSME သည် ကျေးလက်ဒေသမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးအခြေခံပစ္စည်းများကို အသုံးပြုပြီး ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများ၊ ဆင်းရဲနွမ်းပါးသူများ လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းစဉ်များထဲမှ တစ်ခုဖြစ်ကြောင်း၊ ယခုအချိန်တွင် MSME ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိပြီး ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံတော်သမ္မတကြီးက မြန်မာနိုင်ငံကို ကမ္ဘာ့စားနပ်ရိက္ခာ အဓိကဖြည့်ဆည်းတင်ပို့ပေးနိုင်သည့် နိုင်ငံဖြစ်ရမည်ဆိုသည့် မူဝါဒချမှတ်ပေးခဲ့ပြီး ယင်းမူဝါဒအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုမူဝါဒကို အပြည့်အဝအကောင်အထည်ဖော်နိုင်ပါက ဆင်းရဲနွမ်းပါးမှုကို မိမိတို့ အမြစ်ပြတ်တိုက်ထုတ်နိုင်သည့် အနေအထားကို ရောက်ရှိလာမည်ဖြစ်ကြောင်း ဖြေကြားသည်။

**Skynet Media မှ သတင်းထောက် ဦးမြင့်ဇော်**၏ လက်ရှိပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး မည်သည့်အခြေအနေကို ရောက်ရှိနေသည်၊ မည်မျှမျှော်လင့်နိုင်မည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး ဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သည့်အဖွဲ့က ဆွေးနွေးမှုများ အဆက်မပြတ်လုပ်ဆောင်နေပါကြောင်း၊ NCA ထိုးပြီးသည့် အဖွဲ့များ၊ NCA မထိုးရသေးသော အဖွဲ့များနှင့် ဆွေးနွေးနေပါကြောင်း၊ မကြာသေးမီက မိုင်းလားနှင့် "ဝ" ဒေသကို သွားခဲ့ပါကြောင်း၊ NDAA နှင့် "ဝ" အဖွဲ့များနှင့် ဆွေးနွေးခဲ့ပါကြောင်း၊ ဆွေးနွေးသည့် အထဲတွင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ပါသလို ကလေးများ ကျောင်းပြန်တက်နိုင်ရေးကိစ္စလည်း ပါပါကြောင်း။

ဆရာ ဆရာမများ ခန့်ထားရေး၊ ငြိမ်းချမ်းရေးကိစ္စများကို ဆွေးနွေးခဲ့ပါကြောင်း ၊ "ဝ" အဖွဲ့နှင့် ဆွေးနွေးစဉ် ၎င်းတို့က နိုင်ငံရေးအခင်းအကျင်းကို ယခုထက်ပိုပြီး ကောင်းမွန်သည့် အခင်းအကျင်းဖြစ်ရန်အတွက် သူတို့လည်း ဝိုင်းဝန်းပါဝင်ပြီး ဆောင်ရွက်သွားမည်၊ ယခုထက်ပိုပြီး ကောင်းမွန်သော အခင်းအကျင်းဖြစ်အောင် လုပ်သွားမည်ဆိုသည့် ရည်မှန်းချက်ဖြင့် ဆွေးနွေးခဲ့ပါကြောင်း၊ "ဝ" နှင့် မိုင်းလားကို သွားခဲ့သောခရီးစဉ်မှာ ရလဒ်ကောင်းများ ရခဲ့သည်ဟု သိရပါကြောင်း၊ ရှေ့ဆက်ပြီးလည်း ဆွေးနွေးမှုများ လုပ်သွားမည်ဖြစ်ပါကြောင်း။

လက်ရှိ တိုက်ပွဲဖြစ်နေသည့် အဖွဲ့များကိုလည်း နိုင်ငံတော်သမ္မတကြီးက ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ထားပါကြောင်း၊ ရက် ၁၀၀ ဆိုတော့ ရက် ၁၀၀ အတွင်းမှာ ပြီးပြီလားစသည်ဖြင့် ရေးနေ၊ ပြောနေတာတွေ ရှိပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး ဘာကြိုတင်ကန့်သတ်ချက်မှ မရှိပါကြောင်း၊ ငြိမ်းချမ်းရေးလိုချင်လျှင် လာခဲ့ပါ၊ အပြည့်အဝ ဆွေးနွေးမည်ဖြစ်ပါကြောင်း၊ ရက် ၁၀၀ အတွင်းသာမဟုတ်ဘဲ ရက် ၁၀၀ ကျော်သွားလျှင်လည်း ဆွေးနွေးမည်ဖြစ်ပါကြောင်း၊ အချိန်မရွေး လာခဲ့ပါ၊ တံခါးဖွင့်ထားတယ်၊ ကမ်းလှမ်းကြိုဆိုပါတယ်ဆိုပြီး နိုင်ငံတော်သမ္မတကြီး၏ အသံကိုပါ မိမိတို့၏ PPIB website ၌ တင်ထားပါကြောင်း၊ အသံကိုကိုယ်တိုင် နားထောင်ကြည့်နိုင်ပါကြောင်း။

ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ နံပါတ် (၁) ပါဆိုပြီး နိုင်ငံတော်သမ္မတကြီး ပြောထားပါကြောင်း၊ ယခုအစိုးရလက်ထက်မှာ ပထမဦးဆုံး စလုပ်သည်မှာ ငြိမ်းချမ်းရေးဖြစ်ပြီး ရက် ၁၀၀အတွင်း အောင်မြင်အောင်လုပ်မည်၊ ရက် ၁၀၀ ကျော်သွားလျှင်လည်း ဆက်ပြီး ငြိမ်းချမ်းရေးလိုချင်သူ မည်သူမဆိုလာခဲ့ပါ၊ တံခါးဖွင့် ကမ်းလှမ်းကြိုဆိုပါတယ်ဟု ပြောထားတာရှိပါကြောင်း ဖြေကြားသည်။

**အမိမြေသစ္စာ သတင်းစုံဂျာနယ်မှ သတင်းထောက် ဦးစောမျိုးအောင်**၏ လက်ရှိနိုင်ငံတော်အစိုးရက နိုင်ငံရေးပြစ်ဒဏ်ကျသူများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ အကြမ်းဖက်အမည်ခံ PDF များကို ဥပဒေဘောင်အတွင်း လက်တွဲခေါ်ခြင်း၊ ပြည်တွင်းပြည်ပရှိ မတူကွဲပြားခဲ့သူအချို့ကိုလည်း ပြည်တွင်းကို ပြန်လည်ဖိတ်ခေါ်နေခြင်းရှိရာ ယင်းပုဂ္ဂိုလ်များ Black List စာရင်းတွင် ပါဝင်မှု ရှိ၊ မရှိ၊ အကယ်၍ Black List စာရင်းတွင် ပါဝင်နေပါက မည်သို့ ပယ်ဖျက်ရန် ဆောင်ရွက်ရမည်ဆိုသည့် နည်းလမ်းကို သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် လွတ်ငြိမ်းသက်သာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာသူများသည် ပြစ်ဒဏ်ကျခံပြီးဖြစ်သည့်အတွက် Black List စာရင်းတွင် ပါဝင်ခြင်း လုံးဝမရှိပါကြောင်း၊ သာမန်ပြည်သူဖြစ်သွားပြီ ဖြစ်ပါကြောင်း၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့များသည်လည်း နိုင်ငံသား၊ ပြည်သူပြည်သားများဖြစ်သည့်အပြင် စာပေသင်ကြားရမည့် သားသမီး အရွယ်ကလေးများဖြစ်ပါကြောင်း၊ ၎င်းတို့ကိုလည်း Black List စာရင်းတွင် ထည့်သွင်းမထားပါကြောင်း၊ Black List သွင်းထားသည်မှာ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ အကြောင်းအမျိုးမျိုးကြောင့် ဌာနကင်းကွာသွားသည့် ဝန်ထမ်းများ၊ နိုင်ငံတော်သို့ ငွေကြေးအကျေ ပြန်လည်မပေးဆပ်သူ စီးပွားရေးလုပ်ငန်းရှင်များကိုသာ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက Black List ထည့်သွင်းထားပါကြောင်း။

ဌာန ကင်းကွာဖြစ်သွားသူများအနေဖြင့် Black List တွင်ပါဝင်ခြင်းကို ဖြေလျှော့ပေးရန် သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားနိုင်ပါကြောင်း၊ သက်ဆိုင်သည့် ဌာန၊ သံရုံးများမှတစ်ဆင့် လျှောက်ထားနိုင်ပါကြောင်း၊ မိမိမှတ်မိသလောက် Black List ဖြေလျှော့ပေးသည့် အရေအတွက် ၇၀၀၀ ကျော်ရှိပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် Black List တွင် ပါဝင်နေပါက ဖြေလျှော့ပေးရန် လျှောက်ထားနိုင်ပါကြောင်း၊ ဥပဒေကို ဆန့်ကျင်သည့် အခြေအနေမျိုး လုပ်ဆောင်ခြင်းမရှိဘဲ အကြောင်းအမျိုးမျိုးကြောင့် Black List တွင် ပါဝင်နေပါက လုပ်ငန်းစဉ်အတိုင်း ဖြေလျှော့ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**Voice of Myanmar News -VOM မှ အယ်ဒီတာချုပ် ဦးနေမျိုးလင်း**၏ ရက် ၁၀၀ စီမံကိန်းအပါအဝင် နိုင်ငံတိုးတက်ပြောင်းလဲရေးအတွက် ရည်ရွယ်ချက်များ၊ ဦးတည်ချက်များနှင့် လုပ်ဆောင်နေကြသည်ကို တွေ့ရှိရပါကြောင်း၊ သို့သော် ပြည်တွင်းပဋိပက္ခကြောင့်

*စာမျက်နှာ ၉ သို့*

စာမျက်နှာ ၈ မှ

ဖွံ့ဖြိုးမှု နောက်ကျရသည့်အတွက် ပြည်တွင်းပဋိပက္ခများ ပြေလည်စေရန် အတိုက်အခံဖြစ်နေသော အဖွဲ့အစည်းများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေါ်အောင်ဆန်းစုကြည်တို့လို ပုဂ္ဂိုလ်မျိုးကို လက်ရှိအစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် ပါဝင်ခွင့်ပေးဖို့ ဖိတ်ခေါ်သွားရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းမှုနှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် EAO များနှင့် ပတ်သက်၍ ငြိမ်းချမ်းရေးဖိတ်ခေါ်ထားပါကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပြီးလျှင်၊ သဘောတူညီချက်များ ရပြီးသွားလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းတို့အနေဖြင့်လည်း မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့လူမျိုး တိုးတက်ရေးအတွက် ရည်မှန်းချက်များထားပြီး လုပ်ဆောင်သွားမည်သာ ဖြစ်ပါကြောင်း၊ မိမိတို့သည် တစ်နိုင်ငံတည်းက နိုင်ငံသားများဖြစ်သည့်အတွက် အားလုံးပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း။

အတိုက်အခံဟုပြောဆိုကြသော်လည်း အတိုက်အခံပါတီများသည် ရွေးကောက်ပွဲတွင် ပါဝင်ခဲ့ကြပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် ဖြစ်သူ၊ မဖြစ်သူရှိကြပါကြောင်း၊ အားလုံးအတူတူ ရှေ့ဆက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်၍ ရပါကြောင်း။

ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်သည် လက်ရှိတွင် ပြစ်ဒဏ်ကျခံနေရသူဖြစ်သည့်အတွက် ပြစ်ဒဏ်ကာလပြီးဆုံးပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ခွင့်ရမည်ဖြစ်ပါကြောင်း၊ မည်သည့်ပြဿနာ၊ မည်သည့်အခက်အခဲမှ မရှိပါကြောင်း၊ နိုင်ငံသား ပြည်သူတစ်ယောက်အနေဖြင့် ပါဝင်ဆောင်ရွက်နိုင်ပါကြောင်း၊ ပြင်ပတွင် ပြောဆိုနေကြသကဲ့သို့ ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံရေးပုဒ်မ၊ နိုင်ငံရေးပြစ်မှုတို့ဖြင့် အရေးယူခံထားရခြင်း မဟုတ်ပါကြောင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေများနှင့် အရေးယူခံထားရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဥပဒေဘောင်အတွင်းမှ ပြစ်ဒဏ်များ ကျခံပြီးသွားပါက ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ပါဝင်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**NHK သတင်းဌာနမှ ဒေါ်ခင်မိုမိုမြင့်** ၏ ဒေါ်အောင်ဆန်းစုကြည်၏ လက်ရှိကျန်းမာရေးအခြေအနေ၊ အာဆီယံအထူးကိုယ်စားလှယ်က တွေ့ခွင့်တောင်းထားသည့် ကိစ္စ၊ ဇူလိုင်လတွင် ကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးနှင့် နိုဝင်ဘာလတွင် ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးတွင်မြန်မာနိုင်ငံ တက်ရောက်နိုင်မည့်အခြေအနေကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေး အခြေအနေ အလွန်ကောင်းမွန်နေပါကြောင်း၊ ဘာမှပြဿနာ မရှိပါကြောင်း၊ ဆေးစစ်ဆေးမှုများကိုလည်း ပုံမှန်ပြုလုပ်ပေးနေပါကြောင်း၊ အာဆီယံအထူးကိုယ်စားလှယ်က တွေ့ခွင့်တောင်းသည့် ကိစ္စနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်သည် ပြစ်မှုများဖြင့် ဥပဒေအရ အရေးယူခံထားရသည့် ပြစ်ဒဏ်ကျခံနေရသူဖြစ်ပါကြောင်း၊ ယင်းအတွက် နိုင်ငံတကာ ကိုယ်စားလှယ်များနှင့် တွေ့၍ မရပါကြောင်း၊ ပြစ်ဒဏ်ကျခံပြီးသွားသည့် အချိန်ကျမှသာ တွေ့ခွင့်ရကောင်းရနိုင်ပါကြောင်း၊ မိမိအနေဖြင့် အာဆီယံအစည်းအဝေးကို တက်မှာလားဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ဖိတ်မှာလားဟု ပြန်မေးလိုပါကြောင်း၊ ဖိတ်ကြားပါက တက်ရောက်မည်ဖြစ်ပါကြောင်း ၊ ၎င်းတို့အနေဖြင့် နောက်ပိုင်းတွင် အဆင့်ခွဲခြား၍ ဖိတ်ကြားမှုများ ရှိလာပါကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် ဒေသတွင်း၌ အာဆီယံနှင့် မိတ်ဝတ်မပျက် ဆက်ဆံရေးအတွက် လုံးဝ တာဝန်မပျက်ကွက်ခဲ့ပါကြောင်း၊ အမြဲတမ်း တက်ရောက်ခဲ့ပါကြောင်း ဖြေကြားသည်။

**Nikkei Shimbun သတင်းဌာနမှ ဒေါ်နန်းပြည့်** ၏ လက်ရှိမြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ပူးပေါင်းပြီး ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်း၊ မူဆယ်-မန္တလေး ရထားလမ်းစီမံကိန်းတို့ အကောင်အထည်ဖော် ဆောင်ရွက်နေသလို အိန္ဒိယနိုင်ငံနှင့်လည်း ကုလားတန်မြစ်ကြောင်း ဘက်စုံသယ်ယူပို့ဆောင်ရေး စီမံကိန်း၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး စီမံကိန်းတို့ကို ဆောင်ရွက်နေသည်ဟု သိရှိရပါကြောင်း၊ ထိုစီမံကိန်းတစ်ခုချင်းစီ၏ လက်ရှိအခြေအနေ၊ မကြာမီကာလမှာ ဘယ်လိုလုပ်ငန်းအဆင့်များကို ဆက်လက်ပြီး လုပ်ဆောင်သွားမလဲ၊ ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အပိုင်းကို ကြည့်မည်ဆိုလျှင် အချို့ ရပ်ဆိုင်းနေသည်များရှိပါကြောင်း၊ ဂျပန်နိုင်ငံက ODA ရပ်ဆိုင်းထားသည့်အတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး အပိုင်းများ ရပ်တန့်နေပါကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် ဂျပန်နိုင်ငံကို ဘယ်လိုမျိုး မျှော်လင့်ထားပါသလဲ၊ လက်ရှိ ရေတိုကာလမှာ ဂျပန်နိုင်ငံ၏ အထောက်အပံ့က မြန်မာနိုင်ငံ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုအတွက် မလိုအပ်သေးဘူးလို့ ယူဆပါသလားဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် မူဆယ် – မန္တလေး ရထားလမ်းစီမံကိန်းတွင် မူဆယ်မှ မန္တလေးအထိ လမ်းကြောင်းရှာသည့် အပိုင်း၌ လေ့လာမှု ပြီးစီးသွားပြီဖြစ်ပြီး အစီအစဉ် စလုပ်ဖို့ အနေအထားဖြစ်ပါကြောင်း၊ မန္တလေး – ကျောက်ဖြူအပိုင်းအတွက် လမ်းကြောင်းအကြမ်းဖျင်း ရွေးချယ်ပြီးပြီ၊ လေ့လာမှုလုပ်နေရင်းမှ ယခုဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် တချို့နေရာများ၌ လုံခြုံရေး စိတ်မချရသည့်အတွက် ရပ်သွားပါကြောင်း၊ လုံခြုံရေးအခြေအနေ ပြန်လည်ကောင်းမွန်ပါက အမြန်ဆုံးပြန်စဖို့ ဆောင်ရွက်နေပါကြောင်း။

ကုလားတန်မြစ်ကြောင်း ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်းကို အမြန်ဆုံးအပြီးသတ်ဆောင်ရွက်နိုင်ရေးအတွက် သဘောတူညီချက်များ ရရှိပြီး ဖြစ်ပါကြောင်း၊ အဓိကမှာ နယ်မြေအေးချမ်းရန်ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသများတွင် နယ်မြေအေးချမ်းပြီး လုံခြုံရေးကောင်းမွန်သည်နှင့် ချက်ချင်းပြန်စမည်ဖြစ်ပါကြောင်း။

ဂျပန် မှ ODA အကူအညီများ အများကြီးရခဲ့ပြီး အထူးသဖြင့် ပညာသင်ကြားရေးကဏ္ဍ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ကဏ္ဍများတွင် အကူအညီများစွာ ရရှိခဲ့သဖြင့် အထောက်အကူလည်း အများကြီး ဖြစ်ခဲ့ပါကြောင်း၊ ယခု အကူအညီများကို ရပ်ထားပါကြောင်း၊ ဆောင်ရွက်နေသည့် လုပ်ငန်းများ အကုန်ရပ်သွားသည့်အတွက် ပြည်သူများကို ထိခိုက်ပါကြောင်း၊ ရထားလမ်းစီမံကိန်း ရပ်သွားသည့်အတွက် ပြည်သူများ ဒုက္ခရောက်ရပါကြောင်း။

ဂျပန်အစိုးရကို ပြောကြားလိုသည်မှာ အကူအညီပေးခဲ့သည်များ အားလုံးအတွက် ကျေးဇူးတင်ပါကြောင်း၊ မိမိတို့ အကူအညီ လိုအပ်နေပါကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံဖြစ်ရသည့်အထဲ ၂၀၂၅ ခုနှစ်က ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ များစွာလုပ်နေရပါကြောင်း၊ ပျက်စီးသွားသည့် ကိစ္စအများအပြားရှိသည့်အတွက် အကူအညီအများကြီး လိုအပ်ပါကြောင်း၊ ဖြစ်နိုင်ပါက အကူအညီအသစ်များ မပေးသည့်တိုင် မိမိတို့ ယခင်သဘောတူညီခဲ့သည့် အကူအညီများကို ပြန်ပေးမည်ဆိုလျှင် ပြည်သူများအတွက် အများကြီးအထောက်အပံ့ဖြစ်မည်ဖြစ်ပါကြောင်း၊ ပြည်သူများအတွက် အများကြီး အကျိုးရှိခဲ့သည်ကို ပြောချင်ပါကြောင်း၊ သတင်းထောက်ကြီးမေးမြန်းသည့် “အကူအညီ မလိုတော့ဘူးလား” မေးခွန်းနှင့် ပတ်သက်၍ အကူအညီ လိုပါတယ်၊ အကူအညီပေးပါဟု ဤနေရာမှ တောင်းဆိုလိုပါကြောင်း ဖြေကြားသည်။

**Truth Zone Online မီဒီယာမှ အယ်ဒီတာချုပ် ဒေါ်သဇင်ဦး**၏ လူငယ်များအနေဖြင့် သူတို့အနာဂတ်အတွက် စိုးရိမ်ပူပန်နေကြပါကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်းမှ လူငယ်များ ပြည်ပသို့ ထွက်ခွာနေကြရခြင်းအပေါ် အစိုးရအနေဖြင့် ဘယ်လိုသုံးသပ်မိပါသလဲ၊ လူငယ်များအတွက် မြန်မာနိုင်ငံတွင် ပညာရေး၊ အလုပ်အကိုင်၊ အခွင့်အလမ်းနှင့် အနာဂတ်မျှော်လင့်ချက်များ ပြန်လည်ရရှိအောင် နိုင်ငံတော်အစိုးရအနေဖြင့် ဘယ်လိုအထူးစီမံချက်များဖြင့် ဆွဲဆောင်ထိန်းသိမ်းသွားမလဲ မေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် လူငယ်များက သူတို့အနာဂတ်အတွက် စိုးရိမ်မှုတွေ ရှိနေသလို မိမိတို့ လူကြီးများကလည်း နိုင်ငံ့အနာဂတ်အတွက် စိုးရိမ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး အပါအဝင် အစိုးရအဖွဲ့ဝင်များလည်း စိုးရိမ်ပါကြောင်း၊ ဘာကြောင့်လဲဆိုသော် လူငယ်ဆိုသည်မှာ နောက်တစ်ချိန် လူကြီးဖြစ်မည့်သူများ၊ နိုင်ငံ့စွမ်းအားများ၊ အရင်းအမြစ်များ ဖြစ်ပါကြောင်း။

မိမိအနေဖြင့် ဆက်စပ်သည့်အတွက် ကိုယ်တိုင်လေ့လာထားသည့် ကိစ္စတစ်ခုကို ထည့်သွင်းပြောကြားလိုပါကြောင်း၊ ၂၀၁၄ သန်းခေါင်စာရင်းကောက်လိုက်သည့်အချိန်တွင် လူငယ်အရေအတွက် အများကြီးရှိပါကြောင်း၊ ယင်းမှာ လွန်ခဲ့သည့် အနှစ် ၃၀၊ ၄၀ ကာလများက မွေးနှုန်းမြင့်မားခဲ့၍ ဖြစ်ပါကြောင်း၊ ၂၀၁၄ တုန်းက အလုပ်လုပ်နိုင်သည့် အရွယ်ရောက်နေသူ ဘယ်လောက်များသလဲဆိုတာ မိမိသိပါကြောင်း၊ အလုပ်လုပ်နိုင်သူ တကယ်များခဲ့ပါကြောင်း၊ မိမိတို့လူဦးရေ Bonus ရနေခြင်း ဖြစ်ပါကြောင်း၊ Demographic Dividend ဟု ခေါ်ပါကြောင်း။

ယခု ၂၀၂၄ သန်းခေါင်စာရင်းကောက်လိုက်သည့်အခါ လွန်ခဲ့သည့် ၁၀ နှစ်က အသက် ၁၄၊ ၁၅ နှစ်ရှိသည့် အုပ်စုက ယခုအချိန်မှာ အသက် ၂၄ နှစ်၊ ၂၅ နှစ်ဖြစ်မည်၊ အလုပ်လုပ်နိုင်သည့် အရွယ်လူငယ်တွေများလာရမည့်အစား လျော့သွားသည်ကို တွေ့ရပါကြောင်း၊ သို့သော်လည်း လူငယ်အများကြီး ရှိနေဆဲဖြစ်ပါကြောင်း၊ ဘယ်လိုပဲဖြစ်ဖြစ် ယခင်ထက်စာလျှင် ရွှေ့ပြောင်းနေထိုင်သူများလာပါကြောင်း၊ ထိုအချက်အလက်များအတွက် မိမိတို့ စိုးရိမ်ပါကြောင်း၊ စိတ်ပူပါကြောင်း။

မိမိတို့၏ ကျွမ်းကျင်လုပ်သားများ ဆုံးရှုံးသွားသလားဟု စိတ်ပူပါကြောင်း၊ ယင်းကို ဘယ်လိုတားမလဲစဉ်းစားရာ ရွှေ့ပြောင်းနေထိုင်ကြခြင်းမှာ မိမိတို့နိုင်ငံသာမဟုတ်ဘဲ ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးတွင် အလွန်မြင့်မားပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံသည်လည်း ကိုယ့်နိုင်ငံ အနေအထားအရသော်လည်းကောင်း၊ ကမ္ဘာလုံးဆိုင်ရာမှာ စီးမြောသွားသည့် အနေအထားအရသော်လည်းကောင်း ရွှေ့ပြောင်းနေထိုင်မှု များနေခြင်းဖြစ်ပါကြောင်း၊ သူတို့ ဘာလို့ထွက်သွားသလဲဆိုတော့ အဓိကအကြောင်းရင်းကို ကြည့်သည့်အခါ အလုပ်အကိုင် အခွင့်အလမ်းကြောင့် ဖြစ်ပါကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်း အပြင် တခြားအကြောင်းအရာများလည်း ရှိပါကြောင်း၊ သို့သော်လည်း အဓိကရည်ရွယ်ချက်မှာ အလုပ်အကိုင်အခွင့်အလမ်း ရရှိဖို့၊ သူတို့ဘဝ ဖွံ့ဖြိုးတိုးတက်ဖို့၊ စီးပွားရေးပြေလည်ဖို့ ဖြစ်ပါကြောင်း။

လေ့လာကြည့်သည့်အခါ ပညာအရည်အချင်းအရ မူလတန်း၊ အလယ်တန်း အဆင့်ရှိသူများ ပြည်ပသို့ ထွက်ခွာမှုများသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် တစ်ချိန်မှာ လုပ်သားအင်အား ရှားပါးမှုပြဿနာ ဖြစ်လာနိုင်ပါကြောင်း၊ အဓိကအကြောင်းရင်းမှာ အလုပ်အကိုင် အခွင့်အလမ်းအတွက် သွားခြင်းဖြစ်၍ မိမိတို့က ကျေးလက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ပြန်ပြီးတိုးတက်လာအောင်၊ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ ခေါ်တယ်ဆိုတာလည်း ထိုရည်ရွယ်ချက်ပါပါကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်ပါကြောင်း၊ နောက်တစ်ခုမှာ MSME ကလည်း ကျေးလက်မှ ထွက်ကုန်များကို ပိုပြီးအဆင့်မြှင့်တင်ပြီး နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ဖို့၊ အလုပ်အကိုင် အခွင့်အလမ်း ရရှိဖို့ ဖြစ်ပါကြောင်း၊ နောက်တစ်ခုက နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ပြည်ပခရီးစဉ်များတွင် ပြုလုပ်သည့် စီးပွားရေးဖိုရမ်များတွင် ပါဝင်ဆွေးနွေးခဲ့ပါကြောင်း၊ ဖိတ်ခေါ်ခဲ့တယ်ဆိုတာကလည်း ပြည်တွင်းကို ရင်းနှီးမြှုပ်နှံမှုတွေ စီးဝင်လာဖို့ဖြစ်ပါကြောင်း၊ ယခုလို စီးဝင်မှုပဲ မိမိတို့နိုင်ငံရှိ လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များလာမည်ဖြစ်ပါကြောင်း။

နောက်တစ်ခုကတော့ နိုင်ငံတော်၏ စေတနာပါ။ ပြည်ပကို တရားမဝင်ထွက်ခွာသွားသူများ ရှိပါကြောင်း၊ အလုပ်လုပ်သည့်အခါ အထူးသဖြင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ စသည့် နိုင်ငံတို့တွင် အင်မတန် ဒုက္ခရောက်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ စေတနာက တရားမဝင်အထောက်အထားမဲ့ ထွက်ခွာသွားသူများကို အထောက်အထားရရှိအောင် CI (Certificate of Identity) ကို ပြည်ပကို သွားရောက်ပြီး ထုတ်ပေးပါကြောင်း၊ နှစ်နိုင်ငံ MoU များ ထိုးထားပြီး သူတို့ကို တရားဝင်ဖြစ်အောင် လုပ်ပေးနေပါကြောင်း၊ ယင်းမှာ မိမိတို့ နိုင်ငံသားများအတွက် စောင့်ရှောက်သည့် နိုင်ငံတော်၏ စေတနာပါသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ ငါးနှစ်တာကာလအတွင်း အလုပ်အကိုင် အခွင့်အလမ်းများလာအောင်၊စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် မိမိတို့ ဆောင်ရွက်နိုင်မည်ဆိုလျှင် ရွှေ့ပြောင်းသွားလာသူများ အကုန်လုံးလိုလိုကို ထိန်းပြီးသားဖြစ်သလို ပြည်ပကို ရောက်နေသူများလည်း ပြန်လာမည်ဖြစ်ပါကြောင်း၊ ကိုယ့်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းပြီး ဆောင်ရွက်ဖို့ လိုပါကြောင်း ဖြေကြားသည်။

**People Media မှ သတင်းထောက်ချုပ် ဦးကျော်စိုးဦး** ၏ ၂၀၂၆ ခုနှစ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် PDF များ အလင်းဝင်ရောက်မှုနှုန်း မြင့်တက်လာကာ ယခုအချိန်အထိ တစ်နိုင်ငံလုံး

စာမျက်နှာ ၁၀ သို့



Voice of Myanmar News –VOM မှ ဦးနေမျိုးလင်း



NHK သတင်းဌာနမှ ဒေါ်ခင်မိုမိုမြင့်



Nikkei Shimbun သတင်းဌာနမှ ဒေါ်နန်းပြည့်



Truth Zone Online မီဒီယာမှ ဒေါ်သဇင်ဦး

*စာမျက်နှာ ၉ မှ*

အတိုင်းအတာဖြင့် အလင်းဝင်ရောက်သည့် PDF ဦးရေကို သိရှိလိုပြီး ရက် ၁၀၀ အလွန်တွင် PDF များနှင့် ပတ်သက်၍ နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်သွားမည့် အခြေအနေ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာမည့် PDF များနှင့် စပ်လျဉ်း၍ မည်ကဲ့သို့ သတင်းစကားပါးချင်သည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် မိမိအနေဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF ၄၀၀၀ ကျော်ရှိပြီဟု သိရှိမှတ်သားမိပါကြောင်း၊ ရက် ၁၀၀ စီမံချက်ဟု ပြောဆိုခြင်းမှာ ရက် ၁၀၀ အတွင်းကိုသာ ဆိုလိုခြင်းမဟုတ်ပါကြောင်း၊ ရက် ၁၀၀ ကို အစပြုဖိတ်ခေါ်ခြင်းကိုဆိုလိုပြီး ရက် ၁၀၀ ကျော်သွားပါကလည်း ဖိတ်ခေါ်မည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် မန္တလေးတိုင်းဒေသကြီးမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့များ များစွာရှိပါကြောင်း၊ PDF အဖွဲ့များတွင် ကလေးအရွယ်၊ ကျောင်းတက်၍ ပညာရှာရမည့် အရွယ်၊ လုပ်ငန်းခွင် ဝင်ရောက်ရမည့် အရွယ်များ ပါဝင်နေပါကြောင်း၊ ထို့ကြောင့် ရက် ၁၀၀ ကျော်သွားပါကလည်း နွေးထွေးစွာ ကြိုဆိုနေမည်ဆိုသည်ကို ပြောကြားလိုပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့မှ ဗိုလ်မှူးချုပ် စံညိုဝင်းက ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ယနေ့အထိ PDF ၂၅၇၅ ဦး ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီ လမှ ယနေ့အထိ ဆိုပါက ၄၁၈၆ ဦး ဥပဒေဘောင် အတွင်း ဝင်ရောက်ခဲ့ပါကြောင်း ဖြေကြားသည်။

**Myanmar Hard Talk အယ်ဒီတာချုပ် ဦးအောင်မင်း**၏ NSPNC မှ ဗိုလ်ချုပ်ကြီး ရာပြည့်နှင့် အဖွဲ့ "ဝ"နဲ့မိုင်းလားကိုသွားရောက်တွေ့ဆုံခဲ့မှုအပေါ် မည်သို့ရလဒ်ရရှိသည် သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် ငြိမ်းချမ်းရေးအတွက် NCA ရေးထိုးထားသည့် အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများရှိပါကြောင်း၊ "ဝ" နှင့် မိုင်းလားသည် NCA ရေးထိုးထားခြင်း မရှိသေးသော်လည်း မိမိတို့၏ နိုင်ငံရေးရည်မှန်းချက်များက ဒီမိုကရေစီစနစ်၊ ဖက်ဒရယ်စနစ်ကို အခြေခံသည့် နိုင်ငံကို တည်ဆောက်ရန်ဖြစ်သည့်အတွက် တိုင်းရင်းသားအားလုံး ပါဝင်ရန်လိုအပ်ပါကြောင်း၊ ထို့အတွက် ဗိုလ်ချုပ်ကြီး ရာပြည့်နှင့်အဖွဲ့က အဆိုပါ ဒေသကို သွားရောက် ဆွေးနွေးခဲ့ခြင်းဖြစ်ပါကြောင်း၊ NCA ရေးထိုးထားခြင်း မရှိသေးသော်လည်း ထိုအဖွဲ့များသည် ယခင်အစည်းအဝေးများ ကျင်းပစဉ်ကတည်းက တက်ရောက်ခဲ့ကြပါကြောင်း၊ ထိုသို့ သွားရောက်ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို တရားဝင်သတင်းထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအပြင် လက်ရှိအခြေအနေထက် ကောင်းမွန်သည့် နိုင်ငံရေး အခြေအနေကို ဆောင်ရွက်သွားနိုင်ရန် ဆွေးနွေးခဲ့သည်များရှိသည်ကို သိရှိရပါကြောင်း၊ အွန်လိုင်းလိမ်လည်မှု၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တောင်းဆိုဆွေးနွေးခဲ့ကြသည်ဟုလည်း သိရှိရပါကြောင်း၊ အပြန်အလှန် ညှိနှိုင်းဆွေးနွေးဆဲကာလဖြစ်ပါကြောင်း ဖြေကြားသည်။

**Eleven Media Group မှ သတင်းထောက် ဦးအောင်မင်းသိမ်း**က နိုင်ငံတော်သမ္မတ၏ ရက် ၁၀၀ စီမံကိန်းတွင် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်မည်ဆိုသည်မှာ ပါရှိပြီးဖြစ်ပါကြောင်း၊ လက်ရှိပဋိပက္ခဖြစ်ပွားနေသည့် EAO များ၊ TNLA ၊ MNDAA တို့ကဲ့သို့ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးသွားမည့် အခြေအနေကို သိရှိလိုပြီး နိုင်ငံတော်သမ္မတ၏ တရုတ်နိုင်ငံ ခရီးစဉ်တွင် တရုတ်နိုင်ငံဘက်က စီမံကိန်းများ စတင်နိုင်ရန် ငြိမ်းချမ်းရေး၊ လုံခြုံရေးကိစ္စများနှင့် စပ်လျဉ်း၍ ထည့်သွင်းဆွေးနွေးခဲ့သည်ကို သိရှိရပါကြောင်း၊ ထို့အတွက် လုံခြုံရေးနှင့် ငြိမ်းချမ်းရေးအခြေအနေက အဓိကကျလာသည့်အတွက် EAO အဖွဲ့များ၊ AA၊ TNLA၊ MNDAA၊ KIA အဖွဲ့များနှင့် လက်ရှိအခြေအနေကို သိရှိလိုခြင်းတို့နှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် နိုင်ငံတော်သမ္မတ၏ မူဝါဒမှာ ငြိမ်းချမ်းရေးအတွက် အားလုံးကို ပါဝင်ရန်ဖိတ်ခေါ်ထားပါကြောင်း၊ EAO များ၊ လက်ရှိပဋိပက္ခများဖြစ်နေသည့် နေရာများမှ အဖွဲ့အစည်းအားလုံးကို ဖိတ်ခေါ်ထားပါကြောင်း၊ ထို့ကြောင့် ၎င်းတို့အနေဖြင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန် စိတ်ဝင်စားပါက မိမိတို့ဘက်က အဆင့်သင့်ရှိပြီး လက်ကမ်းကြိုဆိုနေပါကြောင်း၊ ထို့အတွက် NCA ထိုးထားသည်ဖြစ်စေ၊ မထိုးထားသည်ဖြစ်စေ ငြိမ်းချမ်းရေးအတွက် မိမိတို့ဘက်က အဆင်သင့်ရှိနေပါကြောင်း။

တရုတ်နိုင်ငံ၏ Belt and Road စီမံကိန်း၊ China–Myanmar Economic Corridor –CMEC စီမံကိန်းတို့သည် နယ်စပ်ဒေသငြိမ်းချမ်းမှ အဆင်ပြေနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတွက် မြန်မာနိုင်ငံ ထာဝရငြိမ်းချမ်းရေးရရှိရေးကို အပြည့်အဝ ကူညီသွားမည်၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးဆောင်ရွက်သည့် လုပ်ငန်းများတွင် အပြည့်အဝ ပူးပေါင်းပါဝင်သွားမည်ဆိုသည်ကို တရုတ်နိုင်ငံ ခေါင်းဆောင်များက ဆွေးနွေးပြောကြားခဲ့ကြပါကြောင်း၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အေးချမ်းမှုရှိရန် လိုအပ်ကြောင်း၊ ထို့အတွက်ကြောင့် နိုင်ငံတော်သမ္မတက ငြိမ်းချမ်းရေးသည် ပထမဆိုသည်ကို အစိုးရသစ်စတက်ကတည်းက ပြောကြားခဲ့ပါကြောင်း ဖြေကြားသည်။

**Union Politics News မှ အယ်ဒီတာချုပ် ဦးထူးမောင်မောင်**၏ ၎င်းတို့၏ အကျိုးစီးပွားတွေအတွက် NCA ကို အကာအကွယ်ယူပြီး ပြည်တွင်းငြိမ်းချမ်းရေး တကယ်မလိုချင်ဘဲ အကာအကွယ်ယူနေသည့်အဖွဲ့များရှိလျှင် NSPNC နှင့် နိုင်ငံတော်ဘက်က ဘယ်လိုသဘောထားမျိုးရှိမလဲဆိုသည့် မေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် ငြိမ်းချမ်းရေး ဖိတ်ခေါ်ပါလျက်သားနှင့် မလာဘူး၊ ဒီလိုတွေ လုပ်မယ်ဆိုရင်တော့ လုပ်သင့်လုပ်ထိုက်တာတွေ ဆက်ပြီးလုပ်သွားရပါလိမ့်မယ်ဆိုတာ သမ္မတကြီး၏ မူဝါဒဖြစ်ပါကြောင်း ဖြေကြားသည်။

**Popular News သတင်းဌာန၏ အယ်ဒီတာချုပ် ဦးမြတ်ခိုင်**က သမ္မတကြီး ဦးသိန်းစိန် လက်ထက်က သတင်းမီဒီယာများကို ဖိတ်ခေါ်ပြီး မေးခွန်းများကို ကိုယ်တိုင်ဖြေပေးခဲ့ပါကြောင်း၊ လက်ရှိ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်အနေဖြင့်လည်း သတင်းသမားများနှင့်တွေ့ဆုံပြီး ဖြေကြားပေးရန်ရှိ/ မရှိ သိရှိလိုသည့်မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အနေဖြင့် နိုင်ငံတော်သမ္မတတာဝန်ယူပြီး ခရီးစဉ်နှစ်ခုတွင် ပြည်တွင်း၊ ပြည်ပ သတင်းဌာနများနှင့် အင်တာဗျူးများ ဖြေကြားခဲ့ပါကြောင်း၊ ဖြေပေးရန်လည်း ဆန္ဒရှိပါကြောင်း၊ ပြည်ပသတင်းဌာနများမှ သမ္မတကြီးဆီ စာပို့ပြီး အင်တာဗျူး လုပ်လိုကြောင်း ပြောကြားရာ သမ္မတကြီးကလည်း ဖြေကြားပေးရန် ဆန္ဒရှိပါကြောင်း၊ ဦးမြတ်ခိုင် မေးမြန်းသည့် မေးခွန်းနှင့် ပတ်သက်၍ ဆန္ဒရှိပါကြောင်း၊ အခြေအနေပေးခဲ့လျှင်၊ အခွင့်အခါသင့်ခဲ့လျှင် သမ္မတကြီးက ဖြေကြားပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**သတင်းစဉ်**



People Media မှ ဦးကျော်စိုးဦး



Myanmar Hard Talk မှ ဦးအောင်မင်း



Eleven Media Group မှ ဦးအောင်မင်းသိမ်း



Union Politics News မှ ဦးထူးမောင်မောင်



Popular News သတင်းဌာနမှ ဦးမြတ်ခိုင်

# (၃၈) ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၈) ကြိမ်မြောက်မြန်မာ–ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ Amazing Kengtong Resort ဟိုတယ်၌ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ် ကျော်လင်းမောင်၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ဇော်မင်းလတ်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် Lt. Gen. Warathep Boonya နှင့် အဖွဲ့ဝင်များ တက်ရောက်သည်။

ဦးစွာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ကျော်လင်းမောင်နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt. Gen. Warathep Boonya တို့က အမှာစကား ပြောကြားကြသည်။



အဆိုပါ အစည်းအဝေးတွင် နှစ်နိုင်ငံနယ်နိမိတ်ဆိုင်ရာ ကိစ္စရပ်များ၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးနှင့် နှိမ်နင်းရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ မရှိစေရေးအတွက် တိုက်ဖျက်နှိမ်နင်းရေး လုပ်ငန်းစဉ်များကို နှစ်နိုင်ငံအစိုးရချင်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နယ်စပ်ဒေသတွင် ကဏ္ဍအလိုက်ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များ၊ အခြားကိစ္စရပ်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက်ဆွေးနွေးသည်။

ညပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ကျော်လင်းမောင်က ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt. Gen. Warathep Boonya နှင့် နယ်ခြားကော်မတီ အစည်းအဝေးသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်များအား စိန်ပန်းနီနီ ဧည့်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် Amazing Kengtong Resort ဟိုတယ်၌ ဆက်လက်ကျင်းပရာ နှစ်နိုင်ငံကိုယ်စားလှယ်ခေါင်းဆောင်များက (၃၈)ကြိမ်မြောက်မြန်မာ–ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေး သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြပြီး အမှာစကားများ ပြောကြားကြသည်။

ထို့နောက် နှစ်နိုင်ငံကိုယ်စားလှယ် ခေါင်းဆောင်များသည် နှစ်နိုင်ငံအထိမ်းအမှတ် တံဆိပ်များ အပြန်အလှန်ပေးအပ်သည်။

(၃၈)ကြိမ်မြောက် မြန်မာ–ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ထိုင်းနိုင်ငံမှကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုခြင်း၊ သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်ကြည့်ရှုလေ့လာ၍ ပန်းခွေချအလေးပြုခြင်း၊ ကျိုင်းတုံမြို့ရှိ တန်ခိုးကြီးဘုရားစေတီများသို့ သွားရောက်ဖူးမြော်ခြင်းများ ဆောင်ရွက်ကြပြီး နေပြည်တော်နှင့် ကျိုင်းတုံမြို့ရှိ အထင်ကရ နေရာများသို့လည်း သွားရောက်လေ့လာ လည်ပတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

▲ *ရှေ့ဖုံးမှ*

ကွင်းကောက်ဒေသအား မြို့အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ"မေးမြန်းမှုကို အထက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ဝန်ကြီးဦးကျော်ထွန်းဇော်က "အင်္ဂပူမြို့နယ် ကွင်းကောက်ဒေသသည် မြို့အင်္ဂါရပ် ၂၁ချက်နှင့် ညီညွတ်ရန်လိုအပ်ကြောင်း၊ မြို့အင်္ဂါရပ် ၂၁ ချက်အား စိစစ်ရာတွင် အချက် ၇ ချက်လိုအပ်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။

ကွင်းကောက်ဒေသအား မြို့အဖြစ်အဆင့်တိုးမြှင့်ရန် ရပ်မိရပ်ဖများ၊ ကျေးရွာအကျိုးတော်ဆောင်များနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအရ ကွင်းကောက်မြို့အဖြစ်ဖွဲ့စည်းနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ထားသည့် အချက်အလက်များ ပြည့်စုံပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ထွန်းဇော်က ပြန်လည်ဖြေကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## အင်းစိန်မြို့နယ်၌ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း (၁/၂၀၂၆) ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁**
ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အင်းစိန်ခရိုင်အတွင်းရှိ မြို့နယ်များ၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း (၁/၂၀၂၆) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အင်းစိန်ခရိုင်အတွင်းရှိ မြို့နယ်များ၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းတွင် နည်းပြများက အင်းစိန်မြို့နယ်၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်နှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်တို့မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၅၀ ကို ဇူလိုင် ၁ ရက်မှ ၂၈ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇွဲထက်ကို(မြန်/ဆက်)**

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် လက်ရက်ကန်း ခြောက်လသင်တန်း ဖွင့်ပွဲတက်ရောက်

**စစ်တွေ ဇူလိုင် ၁**
ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားလူငယ်များအတွက် လက်ရက်ကန်း ခြောက်လသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြဆရာ ဆရာမများ၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လက်ရက်ကန်း ခြောက်လသင်တန်းအတွက် ချီးမြှင့်ငွေ ပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးက သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများပေးအပ်ပြီး ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်ကြားမည့်ဘာသာရပ်များကို ရှင်းလင်းတင်ပြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ညှိနှိုင်းခန်းမ၌ စစ်တွေမြို့ရှိ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Mr. Abdullah AL Razi နှင့် အဖွဲ့အား တွေ့ဆုံပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(မြန်/ဆက်)**





## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

**ပဲခူး ဇူလိုင် ၁**
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ပြွန်တန်ဆာမြို့ "သပြေရိပ်" လယ်ယာသုံးစက်မှု/လက်မှုလုပ်ငန်း၌ ရိတ်သိမ်းခြွေလှေ့စက်နှင့် တွဲဖက်ထားသည့် ပဲသန့်စင်စက်၊ လယ်ယာသုံးခဲးစက်တုံး၊ ၃၂ လက်မ လယ်ယာသုံး သံဘီးနှစ်တန်းထိုး ကြားပေါင်းလိုက် သမန်းနိုးစက်နှင့် တစ်တန်းထိုး ကြားပေါင်းလိုက် သမန်းနိုးစက် ထုတ်လုပ်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ညောင်လေးပင်ခရိုင် စုပေါင်းရုံး၌ မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာတွဲ ပထမအဆင့် အမှတ်အများဆုံးဖြင့် ကျောက်တံခါးမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ အောင်မြင်ခဲ့သူ မစုမြတ်အောင်နှင့် မိသားစုများ၊ ဆရာမများနှင့် တွေ့ဆုံအားပေးစကား ပြောကြားပြီး သီးခြားဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ညောင်လေးပင်အထွေထွေရောဂါကုဆေးရုံကြီး၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများကို သွားရောက်တွေ့ဆုံအားပေးကာ ကျန်းမာရေးဝန်ထမ်းများအတွက် သီးခြားချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ညောင်လေးပင်မြို့ မြို့သစ်ရပ်ကွက်ရှိ ဦးသိန်းလွင်၏ "ရွှေခေတ်" မုန့်မျိုးစုံလုပ်ငန်းနှင့် ညောင်လေးပင်မြို့နယ် ဆေးရိုးခင်ကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးစောဆာကေ၏ မွေးမြူရေးခြံတို့ကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(မြန်/ဆက်)**

## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် Ayeyawady FC အမျိုးသမီးအသင်းမှ ကစားသမားများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသူများ၏ Meet The Future အစီအစဉ်တက်ရောက်အားပေး

**ပုသိမ် ဇူလိုင် ၁**
Myanmar Women's League 2026–27 အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားနေသည့် Ayeyawady FC အသင်းမှ ကစားသမားများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသူများ၏ Meet The Future အစီအစဉ်ကို ယနေ့ညနေပိုင်းက ပုသိမ်မြို့ ကိုးသိန်းဖူဆယ်အားကစားရုံ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်အားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် Ayeyawady FC အမျိုးသမီးအသင်းမှ နည်းပြ၊ ကစားသမားများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသူများ၏ ဘောလုံးအခြေခံအားကစားနည်းများ လေ့ကျင့်ဆောင်ရွက်မှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပုသိမ်မြို့ ကျောက်တိုင် အားကစားကွင်း၌ ပုသိမ်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီနှင့် မြို့နယ်ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော အသက်(၂၀) နှစ်အောက် ရပ်ကွက်/ကျေးရွာနှင့် တိုက်နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် အမှတ် ၇၊ ၈ ရပ်ကွက် ကိုယ်စားပြု BRETHREN FC အသင်းနှင့် အမှတ် ၁၂၊ ၁၅ ရပ်ကွက် ကိုယ်စားပြု FAMILY FC အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁ ရက်မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (မြန်/ဆက်)**



❒ *ကျောဖုံးမှ*

တိုက်စစ်ကစားသမား အမ်ဘာပေသည် ဆီွဒင်အသင်းကို နှစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုးပေါင်း ခြောက်ဂိုးအထိ ရှိလာပြီဖြစ်သည်။ ထို့ပြင် ကွင်းလယ်တိုက်စစ်ကစားသမား အိုလီဆေးသည် ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်နိုင်ခဲ့သည့်အတွက် ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂိုးဖန်တီးမှု ငါးကြိမ်အထိ ရှိလာပြီဖြစ်သည်။ ဆီွဒင်အသင်းသည် ပုံမှန်ခြေစွမ်းပြသနိုင်ခြင်းမရှိဘဲ ပြင်သစ်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကိုသာ ပွဲချိန်အများစု ဟန့်တားကာကွယ်ခဲ့ရသည်။ ပြင်သစ်အသင်းသည် ၁၆ သင်းအဆင့်တွင် ပါရာဂွေးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

နံနက် ၈ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် မက္ကဆီကိုနှင့် အီကွေဒေါအသင်းပွဲစဉ်တွင် မက္ကဆီကိုက နှစ်ဂိုးပြတ် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့သည်။ မက္ကဆီကိုအသင်းသည် ကမ္ဘာ့ဖလားလေးပွဲယှဉ်ပြိုင် ကစားပြီးချိန်တွင် တိုက်စစ်ကရှစ်ဂိုးအထိ သွင်းယူထားပြီး ခံစစ်က ပေးဂိုးခွင့်ပြုထားရခြင်းမရှိသေးပေ။ မက္ကဆီကို အသင်းသည် ၁၆ သင်းအဆင့်တွင် အင်္ဂလန်နှင့် ကွန်ဂိုအသင်းတို့ထဲတွင် အနိုင်ရရှိမည့်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဇွန် ၃၀ ရက် ည ၁၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် အိုင်ဗရီကို့စ်နှင့် နော်ဝေအသင်းပွဲစဉ်တွင် နော်ဝေအသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး–တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ ၁၆ သင်းအဆင့် တက်လှမ်းနိုင်ခဲ့သည်။ အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး နောက်ဆုံးမိနစ်အထိ ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။ နော်ဝေအသင်းသည် ၁၆ သင်းအဆင့်တွင် အသင်းကြီး ဘရာဇီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

# စာပေထဲက မိန်းမလှ

ခင်ဆွေမြင့် (မြန်မာစာ)

**မဟေသီထိပ်ထား ပဲခူးမိဖုရား**

ရှေးမြန်မာဂန္ထဝင်စာပေနယ်ပယ်တွင် မြန်မာအမျိုးသမီးစာဆိုများ၏ စာပေဖန်တီးမှုသည် တစ်ခန်းတစ်ကဏ္ဍအဖြစ် လှပတင့်တယ်စွာ တည်ရှိခဲ့ပါသည်။ ရွှေနန်းတော်နေ မင်းမိဖုရားများ၊ နှမတော်များ၊ သမီးတော်များ၊ မောင်းမမိသံများသာမက သာမန်နန်းတွင်းသူများ၊ ရပ်သူရွာသူ ကျေးလက်သူ အမျိုးသမီးများစွာတို့သည် စာသံပေသံ၊ ကျမ်းဂန်သံပါသော နန်းတွင်းစာပေများ၊ ထီးသံနန်းသံ လွမ်းသံပါသော ရတုကဗျာအချင်းကဗျာများ၊ လယ်တောသံ ယာတောသံ ကျေးတောသံပါသော တေးချင်းကဗျာ များစွာတို့ကို ရေးဖွဲ့ခဲ့ကြသည်။

- ❖ **ဟံသာဝတီရွှေနန်းရှင် ငါးဆူဒါယကာ နန္ဒဘုရင်၏ မိဖုရားခေါင်ကြီးဖြစ်သော၊ ပဲခူးမိဖုရားဟု နှောင်းလူတို့ အသိအမှတ်များကြသော ဟံသာဝတီမိဖုရားကြီးသည်လည်း ရတုကဗျာပုဒ်ရေများစွာကို ရေးဖွဲ့ခဲ့သည့် တောင်ငူခေတ် နန်းတွင်းစာဆို မိဖုရားကြီးတစ်ပါးဖြစ်**
- ❖ **တွေ့ရှိရသော ပဲခူးမိဖုရား၏ ရတုပုဒ်ရေ ၃၀ တွင် သူ့ခေတ်သူ့အခါက ရွှေနန်းတော်နေ ဘဝတစ်ခုမှ အဆင့်မြင့်လှသော အမျိုးသမီးစာဆို တစ်ဦး၏ သောက၊ ဒုက္ခ၊ သမုဒယ၊ အချစ်အလွမ်းများနှင့် ရတုကဗျာ အဖွဲ့စွမ်းရည်ကို ထိတွေ့ခံစားရ**
- ❖ **စာဆိုပဲခူးမိဖုရားသည် မိမိ၏ ကိုယ်ရေးကိုယ်တာ ဘဝအတွေ့အကြုံ များစွာ၊ အထိအခိုက် အရှုအနများစွာ၊ ခံစားမှုဝေဒနာများစွာတို့ကို ရတုကဗျာများစွာဖြင့် ဖွင့်အန်သွန်ချ ဖွဲ့ဆိုပြခဲ့**

ဟံသာဝတီရွှေနန်းရှင် ငါးဆူဒါယကာ နန္ဒဘုရင်၏ မိဖုရားခေါင်ကြီးဖြစ်သော၊ ပဲခူးမိဖုရားဟု နှောင်းလူတို့ အသိအမှတ်များကြသော ဟံသာဝတီ မိဖုရားကြီးသည်လည်း ရတုကဗျာပုဒ်ရေများစွာကို ရေးဖွဲ့ခဲ့သည့် တောင်ငူခေတ် နန်းတွင်းစာဆို မိဖုရားကြီးတစ်ပါး ဖြစ်ပါသည်။

**"ဆောင်းလည်းကုန်လေ၊ နွေသို့ရောက်လစ်**
**ရတုသစ်ဝယ်၊ ကျူးထစ်သံပြိုင်**
**မြရေစိုင်တိ၊ ရွာပြိုင်ထန်ပြင်း၊**
**ပဇ္ဇုန်မင်းသည်၊ နွေကြွင်းမိုးသင်နှစ်တကား"**

ထိုကဲ့သို့ ဆောင်းရာသီကုန်ဆုံး၍ နွေရက်များ ကြွင်းကျန်နေသေးသောအချိန်တွင်ပင် မိုးသည်းထန်စွာ ရွာကျလာသော ရာသီ၏ ထူးခြားသော သဘာဝနှင့် ရသကို ခံစားမိလာအောင် ရာသီဖွဲ့များကို မိမိ၏ ရတုများစွာတွင် နှစ်လိုဖွယ် ရေးဖွဲ့လေ့ရှိသူဖြစ်သည်။

တွေ့ရှိရသော ပဲခူးမိဖုရား၏ ရတုပုဒ်ရေ ၃၀ တွင် သူ့ခေတ်သူ့အခါက ရွှေနန်းတော်နေ ဘဝတစ်ခုမှ အဆင့်မြင့်လှသော အမျိုးသမီးစာဆိုတစ်ဦး၏ သောက၊ ဒုက္ခ၊ သမုဒယ၊ အချစ်အလွမ်းများနှင့် ရတုကဗျာအဖွဲ့စွမ်းရည်ကို ထိတွေ့ခံစားရပါသည်။

**ပဲခူးမိဖုရား**

ပဲခူးမိဖုရားသည် မဟာသီရိဇေယျသူရဘွဲ့ခံ ကေတုမတီမြို့တည် မင်းကြီးညို၏ သားတော် တပင်ရွှေထီး၏ သမီးတော်တစ်ပါး ဖြစ်ပါသည်။ ဘုရင့်နောင်ကျော်ထင်နော်ရထာနှင့် မင်းကြီးညို၏ သမီးတော် တပင်ရွှေထီး၏ အစ်မတော်ဖြစ်သော ခင်ကြီး၏သားတော် နန္ဒမင်းသားနှင့် လက်ဆက်ခဲ့သူဖြစ်ပါသည်။ ဆင်ဖြူများရှင် ဘုရင့်နောင်ကျော်ထင်နော်ရထာ နတ်ရွာစံပြီးနောက် နန္ဒမင်းသားသည် ဟံသာဝတီနန်းသို့ တက်ရသောအခါ ပဲခူးမိဖုရားသည် အတုလသီရိ မဟာရာဇဒေဝီဘွဲ့ခံ မိဖုရားခေါင်ကြီး ဖြစ်လာခဲ့ပါသည်။ ဟံသာဝတီ-တောင်ငူ ထီးနန်းလောကတွင် ပဲခူးမိဖုရား ဟူ၍ ထင်ရှားခဲ့သူ ဖြစ်ပါသည်။

ပဲခူးမိဖုရားသည် တပင်ရွှေထီး၏ အစ်မတော် ခင်ကြီး၏ တူမတော်ရင်းဖြစ်ပြီး နန္ဒဘုရင်သည် တပင်ရွှေထီး၏ တူတော်ရင်းဖြစ်သည်။ ပဲခူးမိဖုရားနှင့် နန္ဒဘုရင်သည် မောင်နှမတစ်ဝမ်းကွဲ တော်စပ်သူဖြစ်သည်။ ဝမ်းကွဲမောင်တော် နှမတော်ချင်း လက်ဆက်ရာမှ သားတော် သမီးတော် ခုနစ်ပါး မွေးဖွားခဲ့ပါသည်။ သားတော် သမီးတော်များမှာ-

(၁) မင်းအကြီး - တောင်ငူ ဒုတိယရွှေနန်းတည် မင်းရဲသီဟသူ၏ ညီတော် ကောလိယမင်းရဲကျော်ထင်နှင့် လက်ဆက်သူ၊

(၂) မင်းအထွေး - အိမ်ထောင်မကျ၊

(၃) မင်းကြီးစွာ - နန္ဒဘုရင်နန်းတက်ပြီးနောက် အိမ်ရှေ့မင်းဖြစ်လာပြီး ရာဇဝင်ကျမ်းများတွင် အိမ်ရှေ့ဥပရာဇာငယ်ဟူ၍ ခေါ်ဝေါ်သုံးစွဲသူ၊ ရာဇဓာတုကလျာကို သိမ်းယူခဲ့သူ၊

(၄) ခင်မနှောင်း - မြန်မာသက္ကရာဇ် ၉၆၂ (ခရစ်နှစ် ၁၆၀၀) တွင် ဟံသာဝတီသို့ စစ်ချီလာသော ရခိုင်မင်းအပြန်၌ တောင်ငူဘုရင်မင်းရဲသီဟသူက ဆင်ဖြူနှင့်အတူ ပေးအပ်ခဲ့သောကြောင့် ရခိုင်သို့ ဆောင်ယူခံရသူ၊

(၅) ခင်ပု - အသက် ၁၉ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သူ ၊

(၆) အင်းဝမင်းရဲကျော်စွာစုန် - အင်းဝဘုရင်ခံဖြစ်ခဲ့ပြီး တောင်ငူဘုရင်မင်းရဲသီဟသူလက်အောက်သို့ ဝင်ခဲ့သူ၊ တောင်ငူမိဖုရားနှင့် သားတော်နတ်သျှင်နောင်တို့၏ လုပ်ကြံမှုဖြင့် ကွယ်လွန်ခဲ့သူ၊

(၇) မင်းကြီးနှောင်း - နန္ဒဘုရင်လက်ထက်တွင် သတိုးဓမ္မရာဇာဘွဲ့မည်ဖြင့် ပြည်မြို့ကိုစားရသူတို့ ဖြစ်သည်။

**ပဲခူးမိဖုရားနှင့် တောင်ငူခေတ်နောက်ခံဝန်းကျင်**

မြန်မာရာဇဝင်ကျမ်းများအလိုအရ တောင်ငူမြို့သည် ဂေါတမဗုဒ္ဓဘုရားရှင်၏ ဗျာဒိတ်ရနယ်မြေတွင် တည်ခဲ့သော မြို့ကြီးပြည်ကြီးဖြစ်သည်။ မြန်မာသက္ကရာဇ် ၆၄၁ခုနှစ် (ခရစ်နှစ် ၁၂၇၉) တွင် ဆွာချောင်းနားရှိ ကမ်းပါးမြင့်ရွာ - ရွာစား၏သားကြီး သဝန်ကြီးသည် ခပေါင်းချောင်းနှင့် ပေါင်းလောင်းမြစ် ဆုံရာအရပ်တွင် တောင်ငူမြို့ကို စတင်တည်ထောင်ခဲ့သည်။ သဝန်ကြီး သဝန်ငယ်မှအစပြု၍ မင်းအဆက်ဆက် အုပ်ချုပ်ခဲ့ကြသော တောင်ငူသည် မြန်မာမင်းများ နန်းစိုက်ခဲ့ကြသော မြင်စိုင်း၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝဟူသော နန်းမြို့များထက် မြို့သက်ရှည်ကြာသော မြို့ဖြစ်ပါသည်။

မြန်မာသက္ကရာဇ် ၈၄၇ ခုနှစ် (ခရစ်နှစ် ၁၄၈၅) တွင် တောင်ငူမင်း ၂၉ ဆက်မြောက်ဖြစ်သော မင်းကြီးညို နန်းတက်သည်မှစ၍ တောင်ငူသည် အင်အားကြီးမားလာခဲ့သည်။ မင်းကြီးညိုသည် တောင်ငူပတ်ဝန်းကျင် မြို့ရွာများကို တိုက်ခိုက်သိမ်းယူနိုင်ခဲ့သည်။ မင်းကြီးညို၏ ထက်မြက်သော စစ်ရေးစွမ်းရည်ကြောင့် တောင်ငူ၏ စစ်ရေးအောင်မြင်မှုနယ်ပယ်သည် ကာလတိုအတွင်းမှာပင် ဟံသာဝတီအစပ်၊ ရမည်းသင်း မိတ္ထီလာနယ်မြေ၊ ကျောက်ပန်းတောင်းနယ်၊ တောင်တွင်းကြီးနယ်ပယ်များအထိ ကျယ်ပြန့်လာခဲ့သည်။

ရွှေနန်းကြော့ရှင်လက်ထက် အင်းဝ၏ နန်းတွင်းထီးနန်းလုပွဲများ၊ တော်လှန်ပုန်ကန်မှုများကြောင့်လည်း အင်းဝမှတောင်ငူသို့ ထွက်ပြေးတိမ်းရှောင်သူများ များစွာရောက်ရှိလာခဲ့ကြသည်။ ဤသို့ဖြင့် တောင်ငူတွင် လက်ရုံးရည် နှလုံးရည်ထက်မြက်သူများ တိုးပွားလာခဲ့သည်။ အင်းဝဘုရင် ဒုတိယမင်းခေါင်က မင်းကြီးညိုအား မင်းမြောက်တန်ဆာငါးပါးပေးပို့ပြီး ထီးရှင်နန်းရှင် မင်းတစ်ပါးအဖြစ် အသိအမှတ်ပြုခဲ့ခြင်း၊ အင်းဝရွှေနန်းကြော့ရှင် ဘုရင်နရပတိက တူမတော်နှစ်ပါးကို မိဖုရားများအဖြစ် ပေးအပ်ခဲ့ခြင်းဟူသော နိုင်ငံရေးအခြေအနေ၊ နန်းတွင်းလူမှုဆက်ဆံရေးအခြေအနေများ ဖြစ်တည်လာခဲ့ပါသည်။

မင်းကြီးညို နတ်ရွာစံပြီးနောက် နန်းတက်သော တပင်ရွှေထီးနှင့် ဘုရင့်နောင်လက်ထက်တွင် တောင်ငူကို အခိုင်အမာ အခြေပြုပြီး တစ်မြို့တစ်နန်းစီဖြင့် ဖရိုဖရဲပြိုကွဲနေသော မြန်မာနိုင်ငံတော်ကြီးကို ပြန်လည်စည်းရုံး တည်ဆောက်ခဲ့ကြသည်။ မြန်မာသက္ကရာဇ် ၈၉၂ခုနှစ် (ခရစ်နှစ် ၁၅၃၀) - တပင်ရွှေထီး နန်းတက်သည်မှ ဘုရင့်နောင်မင်းတရားကြီး နတ်ရွာစံသည့် မြန်မာသက္ကရာဇ် ၉၄၃ခုနှစ် (ခရစ်နှစ် ၁၅၈၁) အထိ နှစ်ပေါင်း ၅၀မျှကြာအောင် မင်းနှစ်ပါးသည် မြန်မာ တပ်မှူး၊ စစ်ကဲ၊ ရဲမက်၊ စစ်သည်များနှင့်အတူ ပြည်တွင်းပြည်ပတိုက်ပွဲများ၊ မြို့သိမ်းပြည်သိမ်းတိုက်ပွဲများ များစွာကို ဆင်နွှဲခဲ့ကြသည်။

အသက်၊ သွေး၊ ချွေး၊ ကိုယ်လက်ခန္ဓာများစွာကို စတေးပြီး စည်းလုံးညီညွတ်သော၊ ဖွံ့ဖြိုးတိုးတက်သော၊ အေးချမ်းသာယာသော၊ အခြားတစ်ပါးသော မင်းတို့ နှောင့်ယှက်ဖျက်ဆီးရန် မဝံ့သော၊ သာသနာ့အရောင် ဆီမီးတန်ဆောင်ကဲ့သို့ ထွန်းပသော မြန်မာနိုင်ငံတော်ကို တည်ထောင်နိုင်အောင် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။

ဘုရင့်နောင်၏ အရိုက်အရာကို ဆက်ခံသော သားတော် ငါးဆူဒါယကာ နန္ဒဘုရင်လက်ထက်တွင် ပြည်ဘုရင်သတိုးဓမ္မရာဇာ၊ တောင်ငူဘုရင် မင်းရဲသီဟသူ၊ ဇင်းမယ်နော်ရထာစောသြောင်ရမ်း မင်းရဲ ရန္တမိတ် စသော ဘထွေးတော်၊ ညီအစ်ကိုတော်၊ မြို့စားနယ်စား ဘုရင်ခံများနှင့် စိတ်ဝမ်းကွဲလာခဲ့သည်။ တောင်ငူဘုရင်မင်းရဲသီဟသူနှင့် သားတော် နတ်သျှင်နောင်တို့၏ တိုက်ခိုက်သိမ်းပိုက်မှုကြောင့် ကမ္ဘောဇသာဒီရွှေနန်းတော်နှင့် ဟံသာဝတီရွှေမြို့တော် ပျက်စီးခဲ့ရသည်။ သံလျင်စားငဇင်ကာနှင့်ပူးပေါင်းပြီး မြန်မာ့နန်းမြို့တော် တောင်ငူကို ဖြိုလှဲခဲ့သော နတ်သျှင်နောင်လက်ထက်တွင် တောင်ငူမင်းဆက် ပြတ်ခဲ့သည်။

စစ်ပွဲများ၊ တိုက်ပွဲများ၊ အောင်ပွဲများ၊ စစ်ဘေး စစ်ဒဏ်ခံစားရခြင်းများ၊ မြို့ကြီး နန်းကြီး တည်ထောင်နိုင်ခြင်းများ၊ သာသနာတော်ပြန့်ပွားထွန်းကားခြင်းများနှင့် ယနေ့ထိတိုင် မြန်မာ့သမိုင်းတွင် နယ်နိမိတ်ဧရိယာ အကျယ်ပြန့်ဆုံးဖြစ်ခဲ့သော ဒုတိယမြန်မာနိုင်ငံတော်ကြီး ထူထောင်နိုင်ခဲ့ခြင်းများကို ခက်ခဲကြမ်းတမ်းပင်ပန်းစွာ ဖြတ်သန်းခဲ့ရသော တောင်ငူခေတ်သည် မြန်မာသက္ကရာဇ် ၉၇၄ ခုနှစ် ( ခရစ်နှစ် ၁၆၁၂ ) တွင် အဆုံးသတ်ခဲ့ရပါသည်။

ပဲခူးမိဖုရား၏ ဘဝရှင်သန်ရသော တောင်ငူခေတ်ကာလ၏ နောက်ခံဝန်းကျင်သည် ရွာတစ်ရွာ-မြို့တစ်မြို့ - ရုံးတစ်ရုံး - ခါးတစ်စင်းဖြင့် ကိုယ့်မင်းကိုယ့်ချင်း မင်းလုပ်နေကြသော၊ ဝါးအစည်းပြေနေကြသောခေတ်၊ သူပုန်သူကန် သူခိုးခါးပြများ ပုန်ကန်သောင်းကျန်းနေကြသောခေတ်ဖြစ်သည်။ မင်းတရားရွှေထီးနှင့် ဘုရင့်နောင်သည် ဤသို့သော မြန်မာနိုင်ငံတော်ကို စစ်ရေးနည်းများဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်နှိမ်နင်းခဲ့ကြရသည်။ နိုင်ငံရေးနည်းများဖြင့် ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးသိမ်းသွင်းခဲ့ကြရသည်။

ပဲခူးမိဖုရားသည် တောင်ငူဘုရင် မင်းကြီးညို၏ မြေးတော်ရင်း၊ မင်းတရားရွှေထီး၏ သမီးတော်၊ ဘုရင့်နောင်ကျော်ထင်နော်ရထာ၏ ချွေးမတော်၊ နန္ဒဘုရင်၏ မဟေသီမိဖုရား၊ အိမ်ရှေ့စံများ မြို့စားပြည်စားများ မိဖုရားများဖြစ်နေကြသော သားတော်သမီးတော်များ၏ မယ်တော် မိဖုရားခေါင်ကြီး တစ်ပါး ဖြစ်ပါသည်။

ပဲခူးမိဖုရား၏ ဖခမည်းတော်၊ ယောက္ခမတော်၊ ခင်ပွန်းသည်နှင့် သားတော်များ၊ သမက်တော်များ၊ ဆွေတော်မျိုးတော်များသည် တောင်ငူခေတ်၏ နိုင်ငံရေးခေါင်းဆောင်၊ စစ်ရေးခေါင်းဆောင်များအဖြစ် တိုက်ပွဲ စစ်ပွဲများစွာတွင် ပါဝင်ခဲ့ကြရသည်။ မိဝေး ဖဝေး၊ သားဝေး သမီးဝေး၊ ချစ်သူအိမ်သူဝေး နေခဲ့ကြရသည်။ ချွေး၊ သွေး၊ အသက်နှင့် ခန္ဓာများကို စွန့်စားစွန့်လွှတ်ခဲ့ကြရသည်။

ပဲခူးမိဖုရားသည် စစ်ချီ စစ်ထွက်နေကြရသော ခင်ပွန်းသည်နှင့် သားတော်၊ သမက်တော်များ၊ စစ်သူကြီးများ တပ်မှူးများတို့၏ ကြင်ရာတော်များ ဖြစ်နေကြသော သမီးတော်များ၏ ဘဝများအတွက် ပူပင်သောက ရောက်ခဲ့ရပါသည်။

စစ်ရေးစစ်ရာများကြောင့်ပင် မိမိ၏ ကြင်ရာတော် နန္ဒဘုရင်နှင့် သားတော်လတ် မင်းရဲကျော်စွာစုန်သည် တူတော်၊ ညီအစ်ကိုတော်ဖြစ်သော နတ်သျှင်နောင်၏ သတ်မိန့်တော်ကြောင့် နတ်ရွာစံခဲ့ကြရသည်။ သားတော်ကြီးဖြစ်သော ဥပရာဇာငယ်မင်းကြီးစွာသည် ယိုးဒယားသို့ စစ်ချီ စစ်တိုက်ရာတွင် ကျဆုံးခဲ့ရသည်။ သမီးတော်ခင်ပုသည် အသက် ၁၉ နှစ်အရွယ်တွင် ဆုံးပါးသွားခဲ့ရသည်။ သမီးတော် တစ်ပါးဖြစ်သော ခင်မနှောင်းသည် ရခိုင်မင်းအတွက် စစ်ကူလက်ဆောင်အဖြစ် နှင်းဆက်ခံခဲ့ရပြီး ရခိုင်သို့ ပါသွားခဲ့ရသည်။ မိဖုရားကြီးသည် ရင်နင့်ဖွယ်ရာ ရင်နာဖွယ်ရာ ခါးသီးလှသော မိသားစု၏ ဖြစ်ရပ်အထွေထွေနှင့် တစ်ဘဝတာလုံး ပင်ပန်းနွမ်းလျခဲ့သူ ဖြစ်ပါသည်။

**သူရေးသီရာ ရတုကဗျာ**

စာဆိုပဲခူးမိဖုရားသည် မိမိ၏ ကိုယ်ရေးကိုယ်တာ ဘဝအတွေ့အကြုံများစွာ၊ အထိအခိုက် အရှုအနများစွာ၊ ခံစားမှုဝေဒနာများစွာတို့ကို ရတုကဗျာများစွာဖြင့် ဖွင့်အန်သွန်ချ ဖွဲ့ဆိုပြခဲ့ပါသည်။

**မိဘချင်းချင်း သက်ရာနှင်း၍ ဆောင်နှင်းအံ့ပေ**

ပဲခူးမိဖုရားသည် မိမိ၏ဖခမည်းတော် တပင်ရွှေထီးနှင့် မယ်တော်မိဖုရား၊ နန္ဒမင်းသား၏ ဖခမည်းတော် ဘုရင့်နောင်နှင့် မယ်တော်ဖြစ်သော မိမိ၏ အရီးတော်သခင်ကြီးတို့၏ သဘောတူကြည်ဖြူပြီး အိမ်ရာချထားပေးမှုဖြင့် နန္ဒမင်းသားနှင့် ဘိသိက်မင်္ဂလာပွဲ ဆင်နွှဲခဲ့သူဖြစ်သည်။

*စာမျက်နှာ ၁၃ သို့*

❍ *ကျောဖုံးမှ*

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးတင်ဦးလွင်၊ ဦးမြင့်ကြိုင်နှင့် ဦးမောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးအဖွဲ့များ၊ ဝန်ကြီးဌာနကိုယ်စားပြုပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အဖွဲ့သည် ပြိုင်ပွဲဝင်အသင်းများ၊ ပြိုင်ပွဲတွင် ပါဝင်ကူညီအားဖြည့်ပေးခဲ့သည့် ဘင်ခရာအဖွဲ့နှင့် ဒိုင်လူကြီးများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ **(ယာပုံ)**

**ကြည့်ရှုအားပေး**

ယင်းနောက် ဖ ပေါက်တန်း (အမျိုးသား)ပြိုင်ပွဲ ပွဲစဉ်များအဖြစ် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်း၊ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံး (အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ဇူလိုင် ၁ ရက်မှ ဖ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ဖ သင်း စုစုပေါင်း ပြိုင်ပွဲဝင်အင်အား ၂၅၃ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



---

❖ *ကျောဖုံးမှ*

များကို နိုင်ငံ့သားကောင်းများပီသစွာ စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ထိုသို့ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ် ချီးမြှင့်ပေးအပ်ခြင်းနှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ်ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) မှ တပ်မတော် အရာရှိကြီးများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သတ်မှတ်စစ်မှုထမ်းကာလကို တာဝန်ကျေပွန်စွာ ထမ်းဆောင် ပြီးမြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးမြောက်ကြောင်း လက်မှတ်ပုံစံ(၁၂)နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပစဉ်။

အခမ်းအနားများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။ ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက စစ်မှုထမ်း တာဝန်ကျေပွန်စွာ ထမ်းဆောင်၍ သတ်မှတ်စစ်မှုထမ်း ကာလ ပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားအသီးသီးသို့ တက်ရောက် လာကြသူများအား လက်ဖက်ရည်ဝိုင်းများ၊ ဂုဏ်ပြုနေ့လယ်စာများဖြင့် တည်ခင်းဧည့်ခံ၍ နိုင်ငံ့သားကောင်း စစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ် စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘော ဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်(သို့) အလားတူ ရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။ ထို့ပြင်သတ်မှတ် စစ်မှုထမ်းကာလ ပြည့်မြောက်ပြီးသူများအနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့် ပတ်သက်၍လည်း ၎င်းတို့ ဆန္ဒရှိပါက သက်ဆိုင်ရာ ဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်း သင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရေးတို့အတွက် "စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ" က သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းအချို့အနေဖြင့် သက်ဆိုင်ရာ ရုံး၊ ဌာနများနှင့် လုပ်ငန်းများတွင် ဝင်ရောက် အလုပ်လုပ်ကိုင်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းအချို့သည်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန် ထမ်းဆောင်ကြသည်များလည်းရှိကြကြောင်း သိရှိရသည်။

**သတင်းစဉ်**

---

## ဒုတိယဝန်ကြီး ဦးမျိုးမြင့် တီးတိန်မြို့ရှိ စည်ပင်သာယာဈေးများ သွားရောက်ကြည့်ရှု

**နေပြည်တော် ဇူလိုင် ၁**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ဇွန် ၂၉ ရက်တွင် တီးတိန်မြို့ရှိ စည်ပင်သာယာဈေး(မြို့မ)တွင် ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုနှင့် စကောလမ်းရပ်ကွက်ရှိ စည်ပင်သာယာဈေးတွင် ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် တီးတိန်မြို့နယ် ရှောင်စောနန်းစံပြကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့်တွေ့ဆုံပြီး ကျောင်း၏ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ကျေးရွာအတွင်း လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက လမင်းစီမံချက်ဖြင့် ရှောင်စောနန်းစံပြ ကျေးရွာတွင် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



---

*စာမျက်နှာ ၁၂ မှ*

**"ထားအရာစင်"** ချီ ရတုတွင် – မိမိတို့အား မင်းသားငယ်၊ မင်းသမီးငယ်ဘဝ ငယ်စဉ်အရွယ် ကပင်လျှင် နှစ်ဖက်သော ဘိုးဘွားမိဘများက လက်ထပ်မင်္ဂလာဆောင်နှင်းပေးရန် နှုတ်ကတိစကားပြောကြားခဲ့ကြကြောင်းကို

**"မျိုးစေ့ဆွေညီ၊ နှုတ်ချင်းပြီး၍**
**စဉ်စီဘိုးဘွား၊ ရည်မှတ်ထားရှင့်"** ဟူ၍ ဖွဲ့ဆိုဖော်ပြခဲ့ပါသည်။

ခမည်းတော် မယ်တော်များ၏ သဘောတူညီမှုဖြင့်

**"ဆောက်နှင်းကောင်းညွှန့်၊ မိန့်တော်ခန့်လျက်၊**
**ရက်သန့်လျော်စွာ၊ ကြန်သောခါမှ၊**
**မင်္ဂလာအထွတ်၊ စုလျားပတ်၍"** လက်ထပ်ခဲ့ခြင်းဖြစ်ပါကြောင်း မိမိဘဝ၏ တင့်တယ်လှပသော ကဏ္ဍတစ်ခုကို မှတ်တမ်းတင်ခဲ့ပါသည်။

မိမိအား ချစ်သူဟူ၍လည်းမှတ်ယူ၊ ဘုန်းကံချင်းလည်းတူညီ၊ အဆွေအမျိုးလည်းတော်စပ်၊ ရဲရင့်သူလည်းဖြစ်၊ အစ်မတော်အရင်းကဲ့သို့လည်း မိမိအပေါ်ကြင်နာသော နန္ဒမင်းသားနှင့် အသက်နှင့်ထပ်တူချစ်ခင်မိသည်ဖြစ်သော်လည်း လက်ထပ်မင်္ဂလာ မဆောင်နှင်းမီ မိမိ၏ ဦးဆံကို မနှင်း၊ မိမိဘဝကို မပေးအပ်ခဲ့သူ ဖြစ်သည်။ လက်ထပ်ကျမ်းသစ္စာဆိုပြီးမှသာလျှင် ချစ်သူမင်းသားအား ချစ်ရည်တူ နှစ်ကိုယ်မျှခဲ့သူ ဖြစ်ပါသည်။ တောစောင့်နတ်၊ တောင်စောင့်နတ်များ အားလုံးထံတွင် အကြိမ်ကြိမ်အဖန်ဖန် ကျိန်ဆိုပြီးခါမှ မိမိ၏အသည်းအသက်ကို နန္ဒမင်းသားအား နှင်းအပ်ခဲ့သူလည်း ဖြစ်ပါသည်။ ဤသည်ကို –

**"ချစ်သူမှတ်ပျော်၊ ဘုန်းချင်းလျော်၍၊**
**မျိုးဖော်တမျှ၊ ရဲတေဇနှင့်၊**
**အစ်မရင်းမြတ်၊ မှတ်ပေစတင့်"**
**"မြရွှန်းကျိုင်းတံ၊ ရဲလှစံကို၊**
**ဦးဆံရှင်းရှင်း၊ မယ်မနှင်းတည်း၊**
**မင်းတို့ကျမ်းကို၊ ကျိန်ရွယ်ဆိုမှ၊**
**တစ်ကိုယ်အတူနေ၊ ကျွမ်းမိပေရှင့်"**
**"နတ်မှူးအလုံး၊ တောတောင်ကျုံး၍**
**သိမ်းရုံးဖန်ဖန်၊ ကျိန်မျိုးလွန်မှ**
**မင်းမွန်မင်းထံ၊ အသက်နှံ့ရှင့်"** စသောအဖွဲ့များဖြင့် မိမိ၏ နှစ်လိုဖွယ်အိမ်ထောင်ဖက်မှုနှင့် မိန်းမသား ဂုဏ်ရည်စောင့်ထိန်းမှုကို တင်ပြခဲ့ပါသည်။

ချစ်ခင်ရင်းနှီးကြသော တစ်ဝမ်းကွဲ မောင်နှမများဘဝမှ ချစ်သူကြင်ဖက်များ ဖြစ်လာကြသော်လည်း ပဲခူးမိဖုရားသည် မြန်မာအမျိုးသမီးတစ်ဦး၏ ဂုဏ်သိက္ခာကို အလေးအမြတ်ထားသူဖြစ်ကြောင်း သိမြင်ကြရပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## အင်ဒိုနီးရှား၌ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရန် ဆင်းမ်ကတ်စည်းမျဉ်းသစ် ကျင့်သုံး

**ဂျကာတာ ဇူလိုင် ၁**

အင်ဒိုနီးရှားနိုင်ငံသည် အွန်လိုင်း လိမ်လည်မှုများကို တိုက်ဖျက်ရန် စည်းမျဉ်းသစ်တစ်ရပ်ကို စတင် ကျင့်သုံးနေပြီဖြစ်ရာ ဇူလိုင် ၁ ရက်တွင်စတင်ကျင့်သုံးခဲ့သော အဆိုပါ



စည်းမျဉ်းသစ်အရ ပြည်သူများ အနေဖြင့် ဖုန်းနံပါတ်အသစ်များကို စတင်အသုံးပြုရာတွင် ဇီဝဆိုင်ရာအချက်အလက်ကို မဖြစ်မနေ မှတ်ပုံတင်ရမည်ဖြစ်ကြောင်း သိရသည်။

စနစ်ဟောင်း သုံးစွဲသူများ အနေဖြင့် စနစ်သစ်အရ မှတ်ပုံတင်နံပါတ်အပြင် မျက်နှာသွင်ပြင် မှတ်မိနိုင်သည့်စနစ်ကိုပါ အသုံးပြုရန် လိုအပ်သည်။ အင်ဒိုနီးရှား လိမ်လည်မှုတိုက်ဖျက်ရေးဌာနက ပြီးခဲ့သည့် တစ်နှစ်ခွဲအတွင်း ပြည်သူထံမှ လိမ်လည်မှုနှင့် ပတ်သက်သည့်တိုင်ကြားစာပေါင်း ၅၈၀၀၀၀ နီးပါး လက်ခံရရှိခဲ့သည်ဟု သိရပြီး အများစုမှာ နာမည်အတု သို့မဟုတ် အခြားသူများ၏ ကိုယ်ရေးအချက်အလက်ကို လွဲမှားစွာမှတ်ပုံတင်ထားသော ဆင်းမ်ကတ်များပါဝင်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## စပိန်၌ ဇွန်လအတွင်း အပူချိန်လွန်ကဲမှုကြောင့် လူ တစ်ထောင်ကျော်သေဆုံး

**မက်ဒရစ် ဇူလိုင် ၁**

စပိန်နိုင်ငံ ကားလို့စ် (၃) ကျန်းမာရေးဌာန အမျိုးသားကူးစက်ရောဂါဗေဒဌာနက ပူးပေါင်းဆောင်ရွက်သည့် နေ့စဉ်လူသေဆုံးမှုစောင့်ကြည့်ရေးစနစ်(MoMo)၏ ခန့်မှန်းချက်အရ နိုင်ငံ၏ ဒုတိယမြောက် အပူဆုံးလ ဇွန်လအတွင်း အပူချိန်လွန်ကဲမှုကြောင့် သေဆုံးသူပေါင်း ၁၀၂၉ ဦးရှိခဲ့ကြောင်း သိရသည်။

သေဆုံးသူများတွင် အပူလျှပ်ခြင်းကြောင့် တိုက်ရိုက်သေဆုံးသူများအပြင် ရှိရင်းစွဲ ကျန်းမာရေးအခြေအနေ ပိုမိုဆိုးရွားလာမှုကြောင့် သေဆုံးသူများလည်းပါဝင်သည်။ ယခုနှစ် ဇွန်လသည် ၁၉၆၁ ခုနှစ်က မှတ်တမ်းစတင်ကောက်ယူသည့်အချိန်မှစတင်ပါက ဒုတိယမြောက် အပူပြင်းဆုံးလတစ်လဖြစ်ပြီး စပိန်ကျွန်းဆွယ်၏ ၂၄ နာရီ ပျမ်းမျှအပူချိန်မှာ ၂၄ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ်စ်ရှိသည်။

ယခုနှစ် ဇွန်လ ၂၃ ရက်နေ့သည် နိုင်ငံသမိုင်းတစ်လျှောက် အပူပြင်းဆုံးနေ့ရက်အဖြစ် မှတ်တမ်းဝင်ခဲ့ပြီး လူပေါင်း ၃၅ ဒသမ ၇ သန်း (နိုင်ငံ့လူဦးရေ၏ ၇၃ ရာခိုင်နှုန်းခန့်) သည် အပူချိန်လွန်ကဲမှုကြောင့် ကျန်းမာရေးထိခိုက်နိုင်သည့် အခြေအနေနှင့် ကြုံတွေ့ခဲ့ကြရကြောင်း သိရသည်။ **ဆင်ဟွာ**



### ဂျပန်၏ ဖူဂျီတောင်တက်လမ်းနှစ်လမ်း စတင်ဖွင့်လှစ်

**တိုကျို ဇူလိုင် ၁**

ဂျပန်နိုင်ငံ၏အမြင့်ဆုံး ဖူဂျီတောင်သို့တက်ရန် တောင်တက်လမ်းလေးလမ်းအနက် နှစ်လမ်းကို တောင်တက်ရာသီအတွက် ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ ယာမာနာရှီခရိုင် တောင်တက်လမ်းနှင့် ရှီဇူအိုကာခရိုင် ဆူဘာရှီရီ တောင်တက်လမ်းတို့ကို ဇူလိုင် ၁ ရက်က ဖွင့်လှစ်ခဲ့သည်။ တောင်တက်စဉ် ပြဿနာဖြစ်စေမည့် အပြုအမူများ သို့မဟုတ် ညအိပ်တောင်တက်ခြင်းများမပြုလုပ်ရန် တားမြစ်ချက်များကို ယာမာနာရှီဘက်ရှိ တောင်တက်လမ်းအရာရှိများက ထုတ်ပြန်ထားသည်။ **အင်န်အိတ်ချ်ကေ**

## ထိုင်းသို့ ရုပ်ရှင်လာရိုက်သူများ ကန်ဒေါ်လာ သန်း ၁၂၀ သုံးစွဲ

**ဘန်ကောက် ဇူလိုင် ၁** – ၂၀၂၆ ခုနှစ် ပထမနှစ်ဝက်အတွင်း နိုင်ငံခြားသား ရုပ်ရှင်အဖွဲ့သားများက ထိုင်းတွင် လာရောက်ရုပ်ရှင်ရိုက်ကူးရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၁၂၀ သုံးစွဲခဲ့ကြောင်း ဇူလိုင် ၁ ရက်တွင် တရားဝင်ထုတ်ပြန်သည်။ ထိုင်းနိုင်ငံတွင် ရုပ်ရှင်ရိုက်ကူးရန် လျှောက်ထားသည့် နိုင်ငံတကာထုတ်လုပ်ရေး ၃၀၂ ခုရှိပြီး ခြောက်လအတွင်း ဝင်ငွေရရှိမှုမှာ ၂၀၂၅ ခုနှစ် တစ်နှစ်လုံးဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၁၀ ၏ ထက်ဝက်ခန့်ထက် ကျော်လွန်ခဲ့ကြောင်း ခရီးသွားလာရေးဝန်ကြီးဌာနက သိရသည်။ **ဆင်ဟွာ**

## ကမ္ဘာ့ဘဏ်က ဂျော်ဒန်ကို ကန်ဒေါ်လာ သန်း ၇၀၀ ထုတ်ချေးမည်

**အမ္မန် ဇူလိုင် ၁** – ဂျော်ဒန်နိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်ဖန်တီးမှုကိုမြှင့်တင်ရန် ကမ္ဘာ့ဘဏ်ကချေးငွေ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ထောက်ပံ့ရန် အတည်ပြုကြောင်း ဇူလိုင် ၁ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်အရ သိရသည်။ အဆိုပါ ချေးငွေသည် ဂျော်ဒန်နိုင်ငံ၏ ဖွံ့ဖြိုးမှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ရေး အစီအစဉ် ဒုတိယအဆင့်ကို ကိုယ်စားပြုပြီး ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှု၊ အလုပ်အကိုင်ဖန်တီးမှုနှင့် ဂျော်ဒန်နိုင်ငံ၏ အစိမ်းရောင်နှင့် ဒီဂျစ်တယ်ကူးပြောင်းမှုကို အရှိန်မြှင့်တင်ရန်လည်း ရည်ရွယ်သည်။ ဂျော်ဒန်နိုင်ငံသည် မက်ခရိုစီးပွားရေးတည်ငြိမ်မှုကို ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ပြည်တွင်းအသားတင်ထုတ်ကုန်သည် ၂ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## ပေါ်တူဂီ၌ အပူလှိုင်းအတွက် အရေးပေါ်ကြိုတင်ပြင်ဆင်မှု စတင်

**လစ္စဘွန်း ဇူလိုင် ၁** – ၁၀ ရက်ကြာမြင့်နိုင်မည့် အပူလှိုင်းတစ်ခု ပေါ်တူဂီနိုင်ငံ၌ ကျရောက်မည်ဟုခန့်မှန်းထားရာ ဆေးရုံများတွင် အရေးပေါ်ကြိုတင်ပြင်ဆင်မှု စတင်လုပ်ဆောင်ထားကြောင်း ကျန်းမာရေးဝန်ကြီး အန်နာပေါလာမာတင်က ဇွန် ၃၀ ရက်တွင် ပြောကြားသည်။ လက်ရှိဖြစ်ပေါ်နေသည့် ရာသီဥတုအခြေအနေသည် အပူလှိုင်းအဖြစ် ပြောင်းလဲနိုင်ပြီး ၈ ရက်မှ ၁၀ ရက်အထိ ကြာမြင့်နိုင်ကြောင်း ပေါ်တူဂီပင်လယ်နှင့် လေထုအင်စတီကျူ့က ထုတ်ပြန်ထားသည်။ နိုင်ငံ၏ နေရာအများစုတွင် အမြင့်ဆုံးအပူချိန်မှာ ၃၅ ဒီဂရီဆဲလ်စီးယပ်စ်မှ ၄၄ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ **ဆင်ဟွာ**

### ၂၀၂၆ ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ

ဖလားဆွတ်ခူးနိုင်ခြေမြင့်မားတဲ့ စပိန်၊ ပေါ်တူဂီ အသင်းတို့ ပါဝင်တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းအဆင့် ပွဲစဉ်တွေကို ဇူလိုင် ၃ ရက် နံနက်ပိုင်းမှာ ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ရှုံးထွက်ပွဲစဉ်ဖြစ်တာကြောင့် ဘယ်အသင်းက နိုင်ပွဲရယူပြီး ဘယ်အသင်းက ရှုံးပွဲကြုံတွေ့သွားမလဲ ရင်သပ်ရှုမောဖွယ်စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

**ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းအဆင့်**

| | |
|---|---|
| စပိန် – ဩစတြီးယား | နံနက် ၁း၃၀ |
| ပေါ်တူဂီ – ခရိုအေးရှား | နံနက် ၅း၃၀ |
| ဆွစ်ဇာလန် – အယ်ဂျီးရီးယား | နံနက် ၉း၃၀ |

FRI JULY 3

# ပြင်းထန်လာဦးမယ့် နာမည်ကြီး ပေါ်တူဂီနဲ့ ခရိုအေးရှားတို့ရဲ့ အားပြိုင်မှု

■ မိုးဇက်

### စပိန် VS ဩစတြီးယား

ဖလားဆွတ်ခူးနိုင်ခြေမြင့်မားတဲ့ စပိန်အသင်းက ပွဲစဉ်တိုင်းနီးပါး ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကစားကွက်ကို စိတ်ကြိုက်ပုံဖော်နိုင်စွမ်းရှိတယ်။ ဩစတြီးယားက ခံစစ်ကနေ တိုက်စစ်ကူးပြောင်းရာမှာ လျင်မြန်သွက်လက်မှုရှိတယ်။ စပိန်ရဲ့ လူငယ်ကြယ်ပွင့်ကစားသမားတွေရဲ့ မြန်နှုန်းမြင့်တိုက်စစ်ဆင်မှုက ပြိုင်ဘက်အသင်းခံစစ်ကို အကြိမ်ကြိမ် ဒုက္ခပေးနိုင်ဖွယ်ရှိတာကြောင့် ဩစတြီးယားအသင်းအခက်တွေ့ပြီး ရှုံးပွဲကြုံတွေ့နိုင်တယ်။

■ အဓိက စောင့်ကြည့်ရမယ့် ကစားသမားများ

**ယာမဲလ် (စပိန်)**



**ထူးခြားချက် –**

✓ ဂိုးသွင်းနိုင်မှုအပြင် ဂိုးဖန်တီးမှုမှာပါ ထူးချွန်ခြင်း။

**ဆာဘစ်ဆာ (ဩစတြီးယား)**



**ထူးခြားချက် –**


✓ ဘောလုံးလမ်းကြောင်းကြိုတင်တွက်ဆ ရာမှာ ထူးချွန်ခြင်း။

### ပေါ်တူဂီ VS ခရိုအေးရှား

ပေါ်တူဂီက ထိပ်တန်းအဆင့်ကစားသမား အများအပြားပိုင်ဆိုင်ထားသော်ငြား အသင်းကြီးတွေနဲ့ ရင်ဆိုင်ရတဲ့အခါ ကစားကွက်ပုံဖော်မှုပိုင်း တည်ငြိမ်မှုမရှိဘဲ ခံစစ်နဲ့ ကွင်းလယ်ချိတ်ဆက်မှု ကြားဟာကွက်ဖြစ်ပေါ်တတ်တာ သတိပြုရမယ်။ ခရိုအေးရှားက ဖိအားတွေအောက်မှာ တည်တည်ငြိမ်ငြိမ်နဲ့ သွင်းဂိုးရရှိအောင် စွမ်းဆောင်နိုင်တယ်။ ရှုံးထွက်ပွဲစဉ်ဖြစ်တာကြောင့် အမှားနည်းတဲ့အသင်းက နိုင်ပွဲရပြီး နောက်တစ်ဆင့်တက်မယ်။

■ အဓိက စောင့်ကြည့်ရမယ့် ကစားသမားများ

**စီရော်နယ်ဒို (ပေါ်တူဂီ)**



**ထူးခြားချက် –**

✓ ပြိုင်ဘက်ဧရိယာအတွင်း တုံ့ဆိုင်းမှုမရှိ ဂိုးသွင်းယူနိုင်ခြင်း။

**မိုဒရစ် (ခရိုအေးရှား)**



**ထူးခြားချက် –**

✓ ဘောလုံးထိန်းချုပ်မှု ပါးနပ်ပြီး ဖြန့်ဝေမှု တိကျခြင်း။

### ဆွစ်ဇာလန် VS အယ်ဂျီးရီးယား

ဆွစ်ဇာလန်ရဲ့ တိုက်စစ်က ဂိုးသွင်းထက်မြက်မှုရှိသော်ငြား ခံစစ်က ပွဲတိုင်းနီးပါး ဂိုးပေးရလေ့ရှိတာကို သတိပြုရမယ်။ ခံစစ်အသားပေးနည်း ဗျူဟာအသုံးပြုလာဖွယ်ရှိတဲ့ အယ်ဂျီးရီးယားက ထောင့်ကန်ဘောတွေ၊ ပြစ်ဒဏ်ဘောတွေကနေ တစ်ဆင့် သွင်းဂိုးရဖို့ ကြိုးပမ်းလာမှာပါ။ ကစားသမားအချင်းချင်း လျင်လျင်မြန်မြန်နဲ့ နေရာအပြန်အလှန်လဲလှယ်ကစားမှုမြင့်မားတဲ့ ဆွစ်ဇာလန်အသင်း နိုင်ပွဲရဖွယ်ရှိတယ်။

■ အဓိက စောင့်ကြည့်ရမယ့် ကစားသမားများ

**ဗားဂတ်စ် (ဆွစ်ဇာလန်)**



**ထူးခြားချက် –**

✓ နေရာစုံ ကစားနိုင်ပြီး ဂိုးဖန်တီးမှု အားကောင်းခြင်း။

**မာရက်ဇ် (အယ်ဂျီးရီးယား)**



**ထူးခြားချက် –**

✓ ပြင်းထန်အားပါတဲ့ ကန်ချက်တွေနဲ့ ဂိုးသွင်းယူနိုင်ခြင်း။

### ပါးစပ်ကိုလက်ဖြင့်အုပ်မှုကြောင့် ထုတ်ပယ်ခံရသည့် ဒုတိယမြောက်ကစားသမား ဟင်ကာပီယေဖြစ်လာ

အီကွေဒေါ ခံစစ်ကစားသမား ပီအဲရိုဟင်ကာပီယေသည် အီကွေဒေါ က မက္ကဆီကို ကို နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့သော ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းအဆင့်ပွဲစဉ်အတွင်း ပြိုင်ဘက်ကစားသမားနဲ့အခြေအတင်ဖြစ်နေစဉ် ပါးစပ်ကို လက်ဖြင့်အုပ်ကာ ပြောဆိုခဲ့သည့်အတွက် ထုတ်ပယ်ခံခဲ့ရသည့် ဒုတိယမြောက် ကစားသမား ဖြစ်လာခဲ့သည်။ ၎င်းသည် ယခုပြိုင်ပွဲအတွက် ဖီဖာက ချမှတ်ထားသော စည်းမျဉ်းသစ်ကို ချိုးဖောက်ရာရောက်သည့် အတွက် ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။ ယင်းဖြစ်စဉ်ကို ကွင်းလယ်ဒိုင်လူကြီး စလပ်ကိုဗင်ချစ် ကိုယ်တိုင်မမြင်တွေ့ခဲ့သော်လည်း VAR ပြန်လည်ကြည့်ရှုပြီးနောက် အနီကတ်ပြထုတ်ပယ်လိုက်ခြင်း ဖြစ်သည်။ အဆိုပါဖြစ်စဉ်ကြောင့် ပထမဆုံး ထုတ်ပယ်ခံရသည့် ကစားသမားမှာ ပါရာဂွေး တောင်ပံကစားသမား အယ်လ်မီရွန်ဖြစ်သည်။






## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ(၄)ရက် ( စနေနေ့ )



International Day of Cooperatives
Cooperatives for a peaceful world
4 July 2026

International Co-operative Alliance

"Cooperatives for a Peaceful World"

"ကမ္ဘာမြေငြိမ်းချမ်းဖို့ သမဝါယမများက ဝန်းရံစို့"

❂ ကျော်ဖုံးမှ

"ငြိမ်းချမ်းဦး အား ပြန်ပေးဆွဲထားကြောင်း၊ မိခင်ဖြစ်သူနှင့် မိသားစုဝင်များက လူမှုကွန်ရက်ပေါ်တွင် ပို့စ်တင်ရေးသားထားသည့် လူပျောက်ကြော်ငြာသတင်းများအား ပြန်ဖျက်ပေးရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းဦး အား ပြန်လိုချင်ပါက ပြန်ပေးဆွဲငွေအနေဖြင့် သိန်း ၁၀၀ ကျပ် ပေးရမည်ဖြစ်ပြီး ငွေလွှဲပေးရမည့် ဘဏ်အကောင့်အား ပြန်ပြောပေးမည်" ဟုပြောဆိုလာကြောင်း၊ထို့နောက် ငြိမ်းချမ်းဦး၏ ရည်းစားဖြစ်သူ ဒေါက်တာ ခိုင်ဆုရည်သည် ငြိမ်းချမ်းဦး၏ အဒေါ်ဖြစ်သူထံသို့ ဖုန်းဖြင့်ဆက်သွယ်၍ ငြိမ်းချမ်းဦး၏ မိခင်ဖြစ်သူသည် ကျန်းမာရေး မကောင်း၍ ဆေးခန်းပြနေရသည် ဟု သတင်းကြား သိရသဖြင့် ကျန်းမာရေး အခြေအနေအား စိုးရိမ်၍ မေးမြန်းဆက်သွယ်လာခဲ့ကြောင်း သိရသည်။ ထို့ကြောင့် အဆိုပါ ဆက်သွယ်လာသော ဖုန်းနံပါတ်များအား တာဝန်ရှိသူများက စစ်ဆေးခဲ့ရာ ဒေါက်တာ ခိုင်ဆုရည်အမည်ဖြင့် မှတ်ပုံတင်ထားကြောင်း စစ်ဆေးတွေ့ရှိရပြီး ဒေါက်တာ ခိုင်ဆုရည်နှင့် ငြိမ်းချမ်းဦးတို့၏ ပတ်သက်ဆက်နွယ်မှုများနှင့် ပတ်သက်၍ မသင်္ကာဖွယ်ရာ ကနဦး



ဖမ်းဆီးရမိသည့် ငြိမ်းချမ်းဦး (၃၁) နှစ်၏ဓာတ်ပုံ။



ဖမ်းဆီးရမိသည့် ခိုင်ဆုရည် (၃၂) နှစ်၏ဓာတ်ပုံ။

တွေ့ရှိရသည်။

ဇွန် ၃၀ ရက် နံနက် ၇ နာရီခွဲခန့်တွင်လည်း ဖုန်းဖြင့် ငြိမ်းချမ်းဦးမှ အသံဖျက်၍ ပြန်ပေးဆွဲသူ အယောင်ဆောင်ကာ ထပ်မံဆက်သွယ်လာပြီး "၄င်းတို့ထံ ပိုက်ဆံ ဘယ်တော့လွှဲပေးမလဲ၊ အချိန်ပေးထားတာ ၃ ရက်ရှိသွားပြီဖြစ်ကြောင်း၊ ၎င်းသည် ငွေသားမလိုဘဲ KBZ Pay ဖြင့်သာ လိုချင်ကြောင်း၊မလွှဲပေးပါက ငြိမ်းချမ်းဦးသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်စာရင်းထဲသို့ ပါသွားမည်ဖြစ်ကြောင်း၊ ငွေကျပ် သိန်း ၁၀၀ အား ငြိမ်းချမ်းဦး၏ KBZ Pay အကောင့်ထဲသို့သာ လွှဲပေးရန်" ထပ်မံပြောကြားလာသဖြင့် ၎င်းအား ဖမ်းဆီးရမိရေး လိုအပ်သော စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၃၀ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် တာမွေမြို့နယ်ရှိ ဟိုတယ်တစ်ခုတွင် ငြိမ်းချမ်းဦးနှင့် ဒေါက်တာ ခိုင်ဆုရည်တို့အား ဖမ်းဆီးရမိခဲ့ပြီး ငြိမ်းချမ်းဦးအနေဖြင့် ရည်းစားဖြစ်သူနှင့် အချိန်ကြာကြာ တွေ့ဆုံနိုင်ရန်အတွက် ဇွန် ၂၇ ရက်တွင် မိသားစုနှင့် အဆက်အသွယ်ဖြတ်တောက်ကာ ယခုကဲ့သို့ စဉ်းစားဆင်ခြင်ခြင်းမရှိဘဲ ၎င်းအားပြန်ပေးဆွဲခံရသည် ဟု လိမ်လည်ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့ကြသဖြင့် ၎င်းတို့အား တရားဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လတ်တလော လူပျောက်ဆုံးမှု ကိစ္စရပ်များနှင့် ပတ်သက်၍ လူမှုကွန်ရက်များတွင် ခေတ်သစ်မီဒီယာအပါအဝင် ပြည်ဖျက်မီဒီယာများက နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ကိစ္စရပ်များ၊ ပြည်သူ့စစ်မှုထမ်း ထမ်းဆောင်ရမှုများနှင့် ပတ်သက်၍ ခေါင်းစဉ်အမျိုးမျိုး၊ အကြောင်းအရာအမျိုးမျိုးဖြင့် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိရာ အဆိုပါဖြစ်စဉ်များအား သက်ဆိုင်ရာတာဝန်ရှိသူများက စစ်ဆေးခဲ့ရာတွင် အထက်ပါဖြစ်စဉ်ကဲ့သို့ မဟုတ်မမှန် ကောလာဟလ သတင်းများအား ဖော်ထုတ် တွေ့ရသည်။

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ထုတ်ပြန်ထားသည့် စစ်မှုထမ်းဥပဒေနှင့် အညီသာ ဆောင်ရွက်လျက်ရှိပြီး ပြည်သူများအား အကြောင်းမဲ့ ဖမ်းဆီးခြင်း၊ စစ်ဆေးခြင်း မရှိကြောင်း၊ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် သတင်းတု သတင်းမှားများအား စဉ်းစားချင့်ချိန်သုံးသပ်နိုင်ပါရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ပြည်သူများ အေးချမ်းစွာ နေထိုင်နိုင်ရန်အတွက် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

**(၁-၇-၂၀၂၆)ရက်နေ့၊ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၃၁-၅-၂၀၂၆)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃၀-၆-၂၀၂၆)ရက်နေ့၊ ည (၈:၀၀)နာရီအထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် ဇွန် ၃၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "CHEERY NAING" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကွင်းမြောက်ရပ်ကွက်နေ ချယ်ရီဇော်အား မွန်းလွဲ ၁ နာရီတွင် ကျောက်တံခါးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

✱ ကျော်ဖုံးမှ

၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညို အခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ် ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှုမှုမမှန်ခြင်း၊ နေ့အပူချိန်များ မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မှုမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်ပါသည်။ **မိုး/ဇလ**

■ ကျော်ဖုံးမှ

ဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် နှစ်ထပ်လူနေ အဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် နှစ်ထပ် လူနေအဆောက်အအုံတစ်လုံးကို စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၇ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၁၀ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပါ။**

# ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သို့ . . .

ဇော်လင်း

**"မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုး ၁၃၀ ကျော်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော နိုင်ငံဖြစ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးက အသက်တစ်မျှ အရေးကြီးလှသည်။ ဖြတ်သန်းခဲ့ရသော သမိုင်းကြောင်းတွင် လွတ်လပ်ရေး ဆုံးရှုံးခဲ့ရခြင်း၊ ကိုလိုနီလက်အောက်တွင် ကာလကြာရှည်ခဲ့ရခြင်း၊ လွတ်လပ်ရေးရရှိပြီးနောက် တည်ငြိမ်အေးချမ်းမှု အားနည်းခဲ့ရခြင်းများကိုလည်း ကြုံတွေ့ခံစားခဲ့ကြရသည်။ တိုင်းရင်းသားညီအစ်ကိုများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် တည်ဆောက်နိုင်မှသာလျှင် တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သို့ ရောက်ရှိနိုင်မည်"**

"အကြောင်းအမျိုးမျိုးကြောင့် နောက်ကျကျန်ခဲ့သည့် နယ်မြေများကို ဖွံ့ဖြိုးတိုးတက်မှုများ ကွာဟမှု မရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အချို့နယ်မြေများသည် အစွန်အဖျားဒေသများ မဟုတ်သော်လည်း ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့်ဒေသများလည်းရှိကြောင်း၊ ထို့ကြောင့် အဆိုပါဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း"

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျင်းပသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) တွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်ဖြစ်သည်။

၁၉၈၉ ခုနှစ် တပ်မတော်အစိုးရလက်ထက် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့် ရလဒ်အဖြစ် ၁၉၈၉ ခုနှစ်မှ ၁၉၉၇ ခုနှစ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး ၁၇ ဖွဲ့နှင့် အဖွဲ့ခွဲများ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည်။ ငြိမ်းချမ်းပြီဆိုသည်နှင့် တစ်ပြိုင်တည်း ကပ်ပါလာသည်က ဖွံ့ဖြိုးတိုးတက်မှုဖြစ်သည်။ ၁၉၈၉ ခုနှစ် မေလ ၂၅ ရက်နေ့တွင် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို စတင်ဖွဲ့စည်းကာ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ကြသည်။

ဖွံ့ဖြိုးတိုးတက်မှုဟုဆိုလျှင် ရုပ်ပိုင်းဆိုင်ရာနှင့် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ (သို့တည်းမဟုတ်) အသိဉာဏ်ပိုင်းဆိုင်ရာဖြစ်စဉ်ဟု အကြမ်းဖျင်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ထိုစဉ်က နယ်စပ်ဒေသများတွင် လုပ်ငန်းကော်မတီဝန်ထမ်းများက ဖွံ့ဖြိုးရေးရုံးများ ဖွင့်လျက် လမ်းပန်းဆက်သွယ်ရေး၊ ပြန်ကြားရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသော လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြသည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ၁၉၉၂ ခုနှစ်အတွင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့သည်။ ထိုမှတစ်ဆင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာနအဖြစ် အဆင့်ဆင့် ပြောင်းလဲဖွဲ့စည်းခဲ့သည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများအား နိုင်ငံတစ်နံတစ်လျား နယ်စပ်ဒေသတစ်လျှောက် အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ခဲ့ကြသည်။ ယနေ့အချိန်ကာလတွင် ဖွံ့ဖြိုးရေးရလဒ်များအဖြစ် လမ်းပေါင်းမြောက်မြားစွာ၊ တံတားပေါင်းမြောက်မြားစွာ၊ ပညာရေး၊ ကျန်းမာရေး စသော အခြေခံအဆောက်အအုံ မြောက်မြားစွာ၊ စိုက်ပျိုးရေး၊ ဆက်သွယ်ရေး၊ စွမ်းအင်၊ ပြည်သူ့ဆက်ဆံရေး စသည်ဖြင့် ငြင်း၍မရနိုင်သော အထောက်အထားများစွာက မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးသမိုင်းကြောင်း တစ်နည်းအားဖြင့် နိုင်ငံတော်အစိုးရ၏ စေတနာ တစ်နည်းအားဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန၏ စွမ်းဆောင်ရည်ကို ဖော်ညွှန်းနေသည်ဟု ဆိုချင်ပါသည်။

ထို့ပြင်မက နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ၏ ပညာရေးအတွက် ယခင်က စာသင်ကျောင်းမရှိသော နေရာများတွင် စာသင်ကျောင်းများ ဖွင့်လှစ်ပေးခြင်း၊ ဆရာ ဆရာမများ စေလွှတ်ခြင်း စသော လိုအပ်နေသည့် ပညာရေးကွက်လပ်များအား ဖြည့်ဆည်းပေးနိုင်ခဲ့ကြသည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့်ပညာကဏ္ဍတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်နှစ်ကျောင်း၊ အခြေခံပညာရပ်များအတွက် လူငယ်သင်တန်းကျောင်း ၄၅ ကျောင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များအတွက် စက်မှုလက်မှုသင်တန်းကျောင်း ကိုးကျောင်း၊ အိမ်တွင်းမှုသင်တန်းကျောင်း ၄၇ ကျောင်းတို့ ဖွင့်လှစ်နိုင်ခဲ့ပြီး တိုင်းရင်းသားတို့၏ လူ့စွမ်းအားအရင်းအမြစ်များအား မြေတောင်မြှောက်ပေးနိုင်ခဲ့သည်။ ထိုဖွံ့ဖြိုးတိုးတက်မှုများသည် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းသောကြောင့် တစ်နည်းအားဖြင့် "ငြိမ်းချမ်းရေး"၏အဓိပ္ပာယ်ကို ပီပီပြင်ပြင်ဖွင့်ဆိုနိုင်သောကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် အသိဉာဏ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုဖြစ်စဉ်အား စဉ်ဆက်မပြတ် မောင်းနှင်နိုင်ခဲ့ခြင်းဖြစ်သည်။

"အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့ရသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြည်နယ်၊ ပြည်မအကြားအလပ်မရှိစေရေး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးရန်" ဟူသည့် နယ်စပ်ရေးရာဝန်ကြီးဌာန၏ မဟာဗျူဟာဖြစ်သည်။ ထိုမဟာဗျူဟာ ရည်မှန်းချက်အတိုင်း နယ်စပ်ဒေသများ၏ဖွံ့ဖြိုးတိုးတက်မှုအား အရှိန်အဟုန်ပြင်းပြင်း ဆောင်ရွက်နိုင်သကဲ့သို့ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှုကို အဓိကဒေါက်တိုင်ကြီး သုံးခုဖြင့် တည်ဆောက်ရသည်ဟု ဆိုကြသည်။ (၁) လူမှုရေးကောင်းမွန်မှု (Social)၊ (၂) စီးပွားရေးဖွံ့ဖြိုးမှု (Economic) နှင့် (၃) သဘာဝပတ်ဝန်းကျင် တည်မြဲမှု (Environment) တို့ဖြစ်သည်။ ဒေါက်တိုင်ကြီးများအနက် အခြေခံအကျဆုံး ဒေါက်တိုင်ဖြစ်သော လူမှုရေးကောင်းမွန်မှုသည် တည်ငြိမ်အေးချမ်းခြင်း၊ တရားဥပဒေစိုးမိုးခြင်း၊ ငြိမ်းချမ်းခြင်း စသော အင်္ဂါရပ်များမရှိဘဲ မဖြစ်နိုင်ပေ။

ဒုတိယကမ္ဘာစစ်ကာလ ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့် နာဂါစကီမြို့တို့သည် အနုမြူဗုံးအကြဲခံရပြီး ပြာပုံအတိဖြစ်ခဲ့ရသည်။ ထိုအခြေအနေမျိုးမှ မာရှယ်စီမံကိန်းဖြင့် ပြန်လည်ရုန်းထပြီး ၂၀ ရာစုအတွင်းမှာပင် ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဂျပန်နိုင်ငံ၏ စစ်ပြီးခေတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် စဉ်ဆက်မပြတ် ဒေသဖွံ့ဖြိုးရေးအသိသညာ "Sustainable Regional Development Concept" က အရေးကြီးနေသောနေရာမှ ပါဝင်သည်။ ထိုအသိသညာတွင် အခြေခံအချက်ကြီး သုံးချက်ရှိသည်။ Disaster Management၊ Environmental Management နှင့် အရေးအကြီးဆုံးနှင့် အခြေခံအကျဆုံးဖြစ်သော Human Security တို့ဖြစ်သည်။

အကြမ်းအားဖြင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုမရှိလျှင် ဖွံ့ဖြိုးရေးလုပ်ငန်းများက သမင်မွေးရင်း ကျားစားရင်းနှင့် တည်ဆောက်ခဲ့သမျှ အပျက်သံသရာလည်နေမည်။ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုမရှိပြန်လျှင်လည်း ပျက်စီးရေးကို လက်ယက်ခေါ်သလို ဖြစ်နေမည်။ အရေးကြီးသည်က လူသားလုံခြုံမှုဖြစ်သည်။ လူသားလုံခြုံမှုအတွက် ကြောက်ရွံ့ခြင်းမှ လွတ်မြောက်ရန်လိုသည်။ ကြောက်ရွံ့ခြင်းမှ လွတ်မြောက်ရန် အခြေခံအားဖြင့် တည်ငြိမ်အေးချမ်းမှု၊ ငြိမ်းချမ်းမှုရှိနေရန် မဖြစ်မနေလိုအပ်သည်။ ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်သည် တည်ငြိမ်အေးချမ်းခြင်းဖြစ်သည်နှင့်အညီ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တည်ငြိမ်အေးချမ်းခြင်းအပေါ်တွင် တည်မှီနေကြောင်း ပြောလိုရင်းဖြစ်ပါသည်။

ခေတ်အဆက်ဆက်အစိုးရများက နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလိုသော စေတနာများ ရှိခဲ့ကြသည်။ ဆောင်ရွက်ပေးခဲ့ကြသည်။ သို့သော် မိမိတို့နိုင်ငံ၏ လွတ်လပ်ရေး ရရှိပြီးချိန်မှစ၍ နှစ်ပေါင်း ၇၀ ကျော်ကာလ ကြာမြင့်အောင် လက်နက်ကိုင်ပဋိပက္ခများ ရင်ဆိုင်နေရမှု၊ လက်နက်ကိုင်တိုက်ခိုက်မှုများ၊ ပြည်သူပိုင်လမ်းတံတား၊ အဆောက်အအုံများကို ဖျက်ဆီးမှုများက နိုင်ငံနှင့်ပြည်သူအား ဆင်းရဲနွံထဲသို့ တွန်းပို့မှုများ ကြုံခဲ့ကြရသည်။ နိုင်ငံချစ်သူများက တည်ဆောက်ပြုပြင်ကြသည်။ ကိုယ်ကျိုးစီးပွားအတွက် ဖျက်ဆီးသူကလည်း ဖျက်ဆီးရက်ကြသည်။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုး ၁၃၀ ကျော်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော နိုင်ငံဖြစ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးက အသက်တစ်မျှအရေးကြီးလှသည်။ ဖြတ်သန်းခဲ့ရသော သမိုင်းကြောင်းတွင် လွတ်လပ်ရေးဆုံးရှုံးခဲ့ရခြင်း၊ ကိုလိုနီလက်အောက်တွင် ကာလကြာရှည်ခဲ့ရခြင်း၊ လွတ်လပ်ရေးရရှိပြီးနောက် တည်ငြိမ်အေးချမ်းမှုအားနည်းခဲ့ရခြင်းများကိုလည်း ကြုံတွေ့ခံစားခဲ့ကြရသည်။ တိုင်းရင်းသားညီအစ်ကိုများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် တည်ဆောက်နိုင်မှသာလျှင် တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

ရွေးကောက်ခံအစိုးရသစ်၏ ယခုကာလတိုအတွင်း ဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များနှင့် ပတ်သက်ပြီး ၂၀၂၆ ခုနှစ် ဧပြီလ ၂၀ ရက်နေ့က ကျင်းပခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် ငြိမ်းချမ်းရေးကိစ္စသည် ထိပ်တန်းမှ ပါဝင်ခဲ့သည်။ နိုင်ငံတော်သမ္မတကြီးက ရင်ထဲက ခံစားချက်အတိုင်း **"ကျွန်တော်တို့လည်း ငြိမ်းချမ်းရေးကို လိုချင်ပါတယ်"**ဟု ပြောကြားခဲ့သည်။ တစ်ဆက်တည်း PDF အဖွဲ့များနှင့် ပတ်သက်၍ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာစေရေး ဖိတ်ခေါ်ထားပြီး NCA လက်မှတ်ရေးထိုးထားသော အဖွဲ့များ၊ NCA လက်မှတ်ရေးထိုးထားခြင်း မပြုလုပ်ထားသောအဖွဲ့များအားလည်း တွေ့ဆုံဆွေးနွေးရေးဆောင်ရွက်ရန် ဖိတ်ခေါ်ထားကြောင်း တွေ့ရှိရသည်။

နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များ မထားသည့် ဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ရန် လေးနက်စွာ ဖိတ်ခေါ်ကြောင်း ကြေညာချက်အား ဧပြီလ ၂၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်ကိုလည်း တွေ့ရှိရသည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၏ဖိတ်ခေါ်ကြေညာချက်တွင် **"လေးနက်စွာ ဖိတ်ခေါ်အပ်ပါသည်"** ဆိုသည့် ဝိသေသလက္ခဏာ ထူးထူးခြားခြား ပါဝင်နေသည်။

*စာမျက်နှာ ၁၇ သို့*

- **မတူကွဲပြားမှုများအကြား ဖြစ်ပေါ်ခဲ့သော ပဋိပက္ခများအား တစ်ဦးနှင့်တစ်ဦးနားလည်မှု၊ သည်းခံမှု၊ အပေးအယူရှိမှု၊ မျှတမှုများဖြင့် လက်တွဲဖြေရှင်းကြခြင်းသည် ငြိမ်းချမ်းသောလူ့ဘောင်သို့ ဦးတည်ခြင်းဖြစ်ပြီး ငြိမ်းချမ်းသော လူ့ဘောင်သည်သာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သို့ ဦးတည်နိုင်မည်**
- **ဖွံ့ဖြိုးတိုးတက်မှုသည် ငြိမ်းချမ်းရေး၏ အသီးအပွင့်ဖြစ်သည်။ ရယူခံစားမည်မှာလည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသာဖြစ်သည်။ နှစ်ပေါင်း ၈၀ နီးပါး ရှည်ကြာခဲ့လေသော လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်း၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဆီသို့ လျှောက်လှမ်းရန်သည်လည်း လက်ရှိမျိုးဆက်သစ်များ၏ သမိုင်းပေးတာဝန်တစ်ရပ်ဟု ဆိုရမည်**

## နေပြည်တော်၌ အခမ်းအနားမှူးသင်တန်းဖွင့်လှစ်၍ စွမ်းရည်ထက်မြက်သည့် အခမ်းအနားမှူးများ မွေးထုတ်

**နေပြည်တော် ဇူလိုင် ၁**

နေပြည်တော်ကောင်စီ၏ ကြီးကြပ်မှုဖြင့် နေပြည်တော်ပြန်ကြားရေး



နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သည့် အခမ်းအနားမှူး သင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဒက္ခိဏခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် နေပြည်တော်ကောင်စီဝင်က သင်တန်းဖြစ်မြောက်ရေးအတွက် လှူဒါန်းပေးခဲ့ကြသည့် အလှူရှင်များနှင့် သင်တန်းနည်းပြ MRTV(ငြိမ်း) ဆရာမကြီး ဒေါ်သန်းသန်းဝင်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများက သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ **သျှင်ဦးမောင်(ဒက္ခိဏ)**



## KG+Grade-1 ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေး၍ ကျန်းမာရေးအသိပညာပေး

**ပဲခူး ဇူလိုင် ၁**

ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ယမန်နေ့က ကျောင်းသား ကျောင်းသူများအား ပဲခူးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနွယ်နီမြင့်နှင့် မြို့နယ်ကျောင်းကျန်းမာရေးဌာန၊ မြို့နယ်ဒေသန္တရကျန်းမာရေးဌာနတို့မှ တာဝန်ရှိသူများက မှန်ကန်သောသွားတိုက်နည်း၊ ခံတွင်းကျန်းမာရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စသည့်သိကောင်းစရာများကို အသိပညာပေးဆောင်ရွက်ခဲ့ကြပြီး (KG+Grade–1) ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးနှင့်ညီညွတ်သည့် အာဟာရများ ကျွေးမွေးပေးခဲ့ကြောင်း သိရသည်။ **သက်ထက်**

## ပျားမွေးမြူရေး ပြည်သူတိုးချဲ့ပညာပေးသင်တန်းဖွင့်

**မကွေး ဇူလိုင် ၁**

မကွေးတိုင်းဒေသကြီး ပျားမွေးမြူမှု ဖွံ့ဖြိုးရေးတာဝန်ခံရုံးမှ ပျားမွေးမြူရေး ပြည်သူတိုးချဲ့ပညာပေးသင်တန်းကို ဇွန် ၂၈ ရက်မှ ၃၀ ရက်အထိ မကွေးမြို့နယ် ဖိုလေးလုံးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ခဲ့ရာ ပျားမွေးမြူရေး စိတ်ပါဝင်စားသူများ၊ ပုဂ္ဂလိကပျားမွေးမြူသူများ အင်အား ၆၀ ခန့် တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီးတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင်က ပျားမွေးမြူခြင်းဖြင့် တောင်သူအကျိုးရှိ



မည့်အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**



## ရွှေတောင်မြို့နယ်၌ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ် မျိုးနှင့်သွင်းအားစုများ ပေးအပ်

**ရွှေတောင် ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ (၁၀၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမကဏ္ဍမှ နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစီမံကိန်းဆောင်ရွက်သော အသင်းငါးသင်း၊ အသင်းသား ၂၁၀၊ စိုက်ဧက ၁၃၃၄ ဧကအတွက် ငွေကျပ်သန်း ၃၃၃ ဒသမ ၅၀၀ နှင့် သက်တံ့ရောင်စီမံကိန်းအစီအစဉ်ဖြင့် မိုးစပါးစီမံကိန်းဆောင်ရွက်သော အသင်းတစ်သင်း၊ အသင်းသား ၁၅ ဦး၊ စိုက်ဧက ၆၆ ဧကအတွက် ငွေကျပ်သန်း ၁၉ ဒသမ ၀၀၈ စုစုပေါင်း ငွေကျပ်သန်း ၃၅၂ ဒသမ ၅၀၈ နှင့်ညီမျှသော မျိုးနှင့်သွင်းအားစုပေးအပ်ခြင်းကို မြို့နယ်သမဝါယမအသင်းစုလီမိတက်တွင် ဇွန် ၃၀ ရက် နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်က မိုးစပါးစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုးစပါးစီမံကိန်း စိုက်ပျိုးကြသည့် တောင်သူများထံသို့ မျိုးနှင့်သွင်းအားစုများပေးအပ်ခဲ့သည်။ **ကိုကိုမင်း(ပြန်/ဆက်)**

## အုပ်ချုပ်ရေးမှူး စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

**တံတားဦး ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက မြို့နယ်ခန်းမ၌ ကျင်းပရာ ခေတ္တာခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၀၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်လေးပတ်ကြာမြင့်မည်ဖြစ်သည်။ **ရဲတင့်(ပြန်/ဆက်)**



## ရွှေပြည်သာမြို့နယ်၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေး



**ရွှေပြည်သာ ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၂၆ ရက်က မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ရွှေပြည်သာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မူမူဝင်းက အခွန်ကောက်ခံရသည့် ရည်ရွယ်ချက်၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအား ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာအကြောင်းစသည့် အခွန်အကြောင်းသိကောင်းစရာများကို အသိပညာပေးရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသော အခွန်ထမ်းပြည်သူများက သိရှိလိုသည်များ မေးမြန်းရာ လက်ထောက်ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇူလိုင် ၁**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဇူလိုင် ၃ ရက်၌ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

*စာမျက်နှာ ၁၆ မှ*

ငြိမ်းချမ်းရေးအတွက် စိတ်ရင်းစေတနာ ပြင်းပြထက်သန်မှုကို ထင်ထင်ရှားရှား တွေ့မြင်နေရသည်။

ရလဒ်အဖြစ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ယုံကြည်လက်ခံလာသော KIA၊ AA၊ PLA အဖွဲ့များမှအဖွဲ့ဝင်များ၊ PDF အမည်ခံ အဖွဲ့အစည်းအသီးသီးမှ အဖွဲ့ဝင်များသည် တရားဥပဒေဘောင်အတွင်း ထပ်မံဝင်ရောက်လာခဲ့ကြသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက ငြိမ်းချမ်းရေးဖိတ်ခေါ်မှုနှင့်ပတ်သက်၍ ပြောကြားရာတွင် **“ကွာဟမှုရှိနေတဲ့နယ်မြေတွေ ကွာဟမှုမရှိအောင် လုပ်ပေးဖို့ ဒါကတော့ ကျွန်တော်တို့ မလွဲမသွေဆောင်ရွက်မယ့် လုပ်ငန်းတာဝန်တစ်ခု ဖြစ်တယ်ဆိုတာကို ကျွန်တော်ပြောချင်ပါတယ်။ ဒီလိုလုပ်ဖို့ဆိုရင်လည်း တည်ငြိမ်အေးချမ်းရေးက အလွန်အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အစိုးရသစ် တာဝန်ယူတဲ့အချိန်မှာ ကျွန်တော်တို့တိုင်းပြည်ငြိမ်းချမ်းအောင်လုပ်မယ်။ ဖွံ့ဖြိုးတိုးတက်အောင်လုပ်မယ်။ ကျွန်တော် ၅ နှစ်အတွင်းမှာ တိုင်းပြည်ငြိမ်းချမ်းအောင် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်မယ်လို့ ကျွန်တော်ပြောခဲ့တယ်။ ရက်ပေါင်း ၁၀၀ နဲ့ပတ်သက်ပြီး ကျွန်တော်ပြောတဲ့အချိန်မှာ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုတွေလုပ်ခဲ့ပါတယ်။ အခုလည်း ထပ်ပြောချင်ပါတယ်”** ဟု ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံတော်အပေါ်ထားရှိသောစေတနာ၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြင်းပြထက်သန်မှုကို ထပ်မံ၍ ထင်ထင်ရှားရှား တွေ့မြင်လိုက်ရခြင်းပင် ဖြစ်သည်။

မတူကွဲပြားမှုများအကြား ဖြစ်ပေါ်ခဲ့သော ပဋိပက္ခများအား တစ်ဦးနှင့်တစ်ဦးနားလည်မှု၊ သည်းခံမှု၊ အပေးအယူရှိမှု၊ မျှတမှုများဖြင့် လက်တွဲဖြေရှင်းကြခြင်းသည် ငြိမ်းချမ်းသောလူ့ဘောင်သို့ ဦးတည်ခြင်းဖြစ်ပြီး ငြိမ်းချမ်းသော လူ့ဘောင်သည်သာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သို့ ဦးတည်နိုင်မည်ဖြစ်သည်။

ရွေးကောက်ခံအစိုးရသစ်၏ စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုအပေါ် နွေးထွေးစွာလက်ကမ်းသော အဖွဲ့ပေါင်းများစွာ ရှိနေကြပါသည်။ ၂၀၂၆ ခုနှစ် ဇွန်လ ၁၇ ရက်တွင်လည်း အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရှမ်းပြည်နယ် မိုင်းလားနှင့် ပန်ဆန်းမြို့တို့သို့ သွားရောက်၍ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ၏ အဆင့်မြင့်ခေါင်းဆောင်များ၊ ဇွန်လ ၁၈ ရက်တွင် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)၏ အဆင့်မြင့် ခေါင်းဆောင်များနှင့် ရင်းနှီးနွေးထွေးစွာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်ကိုလည်း တွေ့ရပါသည်။

ဖွံ့ဖြိုးတိုးတက်မှုသည် ငြိမ်းချမ်းရေး၏ အသီးအပွင့်ဖြစ်သည်။ ရယူခံစားမည်မှာလည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသာ ဖြစ်သည်။ နှစ်ပေါင်း ၈၀ နီးပါး ရှည်ကြာခဲ့လေသော လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်း၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဆီသို့ လျှောက်လှမ်းရန်သည်လည်း လက်ရှိမျိုးဆက်သစ်များ၏ သမိုင်းပေးတာဝန်တစ်ရပ်ဟု ဆိုရမည်။

အချုပ်အားဖြင့်ဆိုသော် နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအား ပြည်မဒေသများနှင့် အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအား ဆောင်ကြဉ်းရန် မဟာဗျူဟာများချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ မည်သည့်နေရာတွင်မဆို တူညီသော ဖွံ့ဖြိုးတိုးတက်မှု ခံစားရရှိနိုင်စေရန်ဟူသော အချက်သည်ပင်လျှင် နယ်စပ်ရေးရာဝန်ကြီးဌာန၏ မျှော်မှန်းချက်ဖြစ်သည်။ အနာဂတ်လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရန်အတွက် သားစဉ်မြေးမြစ်အားပေးခဲ့ရမည့် လက်ဆောင်မွန်ဖြစ်သော ငြိမ်းချမ်းမှုမှသည် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဆီသို့ မမိုတ်မသုန် ချီတက်ကြပါမည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

❖ ❖ ❖

## ညောင်တုန်းမြို့နယ်၌ မိုးစပါးစိုက်တောင်သူများသို့ သွင်းအားစုပေးအပ်

**ညောင်တုန်း ဇူလိုင် ၁**

ညောင်တုန်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ၂၀၂၆- ၂၀၂၇ ခုနှစ် မိုးစပါးစိုက်



တောင်သူများထံ သွင်းအားစု ပေးအပ်ပွဲကို ဇွန် ၂၅ ရက်က ကွင်းကလေးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မြို့နယ်နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေ ကြီးကြပ်မှု ကော်မတီ အတွင်းရေးမှူးက စိုက်ပျိုးနည်းစနစ် မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးနှင့် ဓာတ်မြေဩဇာ စနစ်တကျအသုံးပြုနိုင်ရေး အသိပညာပေး ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက မိုးစပါးစိုက် တောင်သူများထံ သွင်းအားစုများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျောက်သောင်းမြို့၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်

**ကျောက်သောင်း ဇူလိုင် ၁**

ကျောက်သောင်းမြို့၌ ကျောက်သောင်းခရိုင် မီးသတ်ဦးစီးမှူးရုံးက ကြီးမှူးဖွင့်လှစ်သော သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းအမှတ်စဉ်(၁/၂၀၂၆)ဖွင့်ပွဲကို ဇွန် ၂၉ ရက်က ကျောက်သောင်းခရိုင်မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းထက်က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်နှင့်မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ



က သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များအား အခြေခံမီးသတ်ပညာများ လေ့ကျင့်သင်ကြားပို့ချခဲ့ပြီး နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ဓနုဖြူမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဆင်းပွဲ ကျင်းပ

**ဓနုဖြူ ဇူလိုင် ၁**

ဓနုဖြူမြို့နယ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံ အပ်ချုပ်စက်သင်တန်း သင်တန်းဆင်းပွဲကို ဇွန် ၂၈ ရက်က ငါးဘက်အိုင်ခေတ်မီစံပြကျေးရွာရှိ ချမ်းသာရာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် မအူပင်



ခရိုင်အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးမှူး ဒေါ်ခိုင်ခိုင်ဝင်း တို့က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်း နည်းပြဆရာမအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ သင်တန်းတွင် အကောင်းဆုံး ထူးချွန်ဆုရရှိသူ သင်တန်းသူအား ဆုချီးမြှင့်ခြင်းနှင့် သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းကာလလွှန် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ကလောမြို့၌ သမာဓိအကျိုးဆောင်ဝန်ထမ်းပေါင်းစုံသမအသင်း၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ကလော ဇူလိုင် ၁**

ကလောမြို့ မြို့လယ်ဓမ္မာရုံ၌ဇွန်၂၇ရက်က သမာဓိအကျိုးဆောင်ဝန်ထမ်း



ပေါင်းစုံငွေစုငွေချေး သမဝါယမအသင်း(လီမိတက်)မှ ၂၀၂၅-၂၀၂၆ ခုနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ကျင်းပရာ သမာဓိအကျိုးဆောင်ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်း (လီမိတက်)သဘာပတိဥက္ကဋ္ဌဦးထွန်းဝေက အမှာစကားပြောကြားသည်။

ထို့နောက် အသင်း၏ တာဝန်ရှိသူများက သမာဓိအကျိုးဆောင်ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အသင်းအမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ အသင်းစာရင်းစစ် အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးစာရင်းရှင်းတမ်းကို ရှင်းလင်းပြီး အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## အလုံမြို့နယ်၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁**

အလုံမြို့နယ်၌ မြို့/ရွာ သန့်ရှင်းသာယာလှပစေရေး အသိပညာပေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၂၇ ရက်က လူထုအခြေပြုဗဟိုဌာန၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်ဇင်မျိုးထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌတို့



က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက အမှိုက်အမျိုးအစားများ၊ အိမ်နှင့်ပတ်ဝန်းကျင်အား သန့်ရှင်းအောင် ဆောင်ရွက် ထားသင့်ကြောင်း၊ မြို့ရွာ သန့်ရှင်းရေးအတွက် သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်နေမှုများ၊ ပြည်သူလူထုမှ ပူးပေါင်းပါဝင် ဆောင်ရွက်ရန် လိုအပ်ကြောင်းတို့ကို အသိပညာပေးဆွေးနွေးကြပြီး ရေသန့်ဆေးနှင့် ကျန်းမာရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြသည်။

**ရွှေလုံသား(ပြန်/ဆက်)**

## ဝါးခယ်မမြို့နယ်၌ မိုးစပါးဆင်းသုခစပါးမျိုးအား လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုး

**ဝါးခယ်မ ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် မရမ်းချောင်ကျေးရွာ၌ ဇွန် ၂၄ ရက်က ကွင်းအမှတ် (၁၀၁၇) တောင်သူ ဒေါ်ငွေးဝင်း၏ လယ်မြေတွင် မိုးစပါးဆင်းသုခစပါးမျိုးကို မျိုးစေ့ချစက်ကိရိယာတို့ဖြင့် စိုက်ပျိုးခြင်းများ ဆောင်ရွက်ရာ မြောင်းမြခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ



က ကြည့်ရှုအားပေးခဲ့ကြသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မိုးစပါးပျိုးဗန်းများဖြင့် ပျိုးထောင်မှုများကို သရုပ်ပြခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



တောင်ငူမြို့ KMA ကေတုမတီဟိုတယ် ဘုရင့်နောင်ခန်းမ၌ ရွှေဆံတော် မရမ်းကျောင်းဆရာတော်ကြီးနှင့် သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော် အရှင်တိက္ခသာရတို့ ဦးဆောင်၍ ဆဋ္ဌမအကြိမ် ကေတုမတီဗုဒ္ဓဝင်ယှဉ်ပြိုင်ပူဇော်ပွဲ(စင်တင်)ကို ဇွန် ၂၀ ရက်မှစတင်၍ ကျင်းပရာ ဇွန် ၂၁ ရက် ညနေပိုင်းတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်စဉ်။ ဇော်ကိုကို (တောင်ငူ)



## ထားဝယ်မြို့နယ်၌ ဆင်းသုခမျိုးစပါးများနှင့် လက်ဆွဲမျိုးစေ့ချကိရိယာများပေးအပ်

**ထားဝယ် ဇူလိုင် ၁**

ထားဝယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဇွန် ၂၀ ရက်တွင် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိစေရေး ဆင်းသုခမျိုးစပါးများနှင့် လက်ဆွဲမျိုးစေ့ချကိရိယာများပေးအပ်ပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးထွန်းထွန်းက မျိုးစေ့ချကိရိယာအသုံးပြုခြင်းနှင့် မျိုးကောင်းမျိုးသန့် ပြောင်းလဲသုံးစွဲခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးပြီး တောင်သူများအား မျိုးစေ့နှင့် လက်ဆွဲကိရိယာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## မှော်ဘီမြို့နယ်၌ အခွန်ဥပဒေဆိုင်ရာ ရှင်းလင်းဆွေးနွေး

**မှော်ဘီ ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၂၉ ရက်က မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနရုံး၌ ကျင်းပသည်။

မှော်ဘီမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန ဦးစီးမှူး ဦးအောင်ခိုင်သန်းက တည်ဆဲအခွန်ဥပဒေများအရ လိုက်နာရမည့်ကိစ္စရပ်များ၊ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ခြင်းများနှင့် ကောက်ခံလျက်ရှိသည့် အခွန်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြီး တက်ရောက်လာကြသော အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်ခိုင်သန်းက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။ **ကောင်းမြတ်သူ(မှော်ဘီ)**



ပခုက္ကူမြို့နယ်၌ ကျေးရွာမြေငှားဂရန်စာချုပ်ပေးအပ်ပွဲကို ဇွန် ၃၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရော(၁)ခန်းမ၌ ကျင်းပရာ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က ဆင်ဖြူကုန်းကျေးရွာရှိ အိမ်ခြေ ၅၁ အိမ်ကို ကျေးရွာမြေငှားဂရန်စာချုပ်များ ပေးအပ်စဉ်။
ဘာမီသာ(ပခုက္ကူ)

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

**(၈၈)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆု ထီပေါက်စဉ် ၂၀၂၆ ခုနှစ် ဇူလိုင် လ (၁) ရက်နေ့**

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။ *အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

စ - ၃၁၂၂၀၆

ကံထူးရှင်(၁)ဦး

## အထူးဆုကြီး ကျပ်သိန်း (၃၀၀၀) ဆုများ

က - ၈၀၀၆၀၈ က - ၉၂၁၀၅၃

ကံထူးရှင်(၂)ဦး

## အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆုများ

ခ - ၄၂၄၁၀၅ ဌ - ၉၄၆၆၈၅

ဈ - ၈၆၂၄၁၀

ကံထူးရှင်(၃)ဦး

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆုများ

ဂ - ၆၈၁၇၁၁ ဆ - ၇၉၄၄၃၀

ဈ - ၇၃၇၅၉၆ င - ၉၀၇၁၉၁

ကံထူးရှင်(၄)ဦး

## ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| ဍ - ၂၀၀၂၆၁ | ပ - ၄၆၁၁၉၄ |
| ဍ - ၂၃၆၃၁၉ | ဂ - ၅၁၉၄၁၀ |
| ဋ - ၂၅၇၁၇၅ | ဏ - ၆၆၃၅၅၈ |
| ဏ - ၂၉၄၀၄၂ | ဍ - ၉၃၈၉၅၀ |
| ဍ - ၃၁၂၆၉၆ | ဓ - ၉၉၁၄၀၆ |
| ဓ - ၃၈၆၀၁၈ | |

ကံထူးရှင်(၁၁)ဦး

## ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

| | | |
|---|---|---|
| ဈ - ၁၃၄၆၇၉ | ခ - ၃၄၅၇၂၂ | င - ၆၆၈၇၂၁ |
| ဈ - ၂၃၈၄၄၃ | စ - ၄၅၂၀၃၄ | ဂ - ၉၁၉၉၈၉ |
| င - ၂၇၇၁၆၅ | က - ၅၀၉၇၇၉ | ပ - ၉၂၄၀၀၈ |
| စ - ၂၉၇၃၁၄ | ဂ - ၆၁၉၅၂၂ | ဓ - ၉၆၀၉၅၀ |

ကံထူးရှင်(၁၂)ဦး

## ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

| | | |
|---|---|---|
| စ - ၁၄၁၂၁၆ | ဆ - ၆၉၂၂၃၀ | က - ၉၀၃၈၉၂ |
| က - ၁၉၆၉၃၆ | ဏ - ၇၇၆၃၃၄ | ဈ - ၉၄၂၆၈၉ |
| ဃ - ၁၉၇၂၅၀ | ဓ - ၈၀၃၇၁၁ | ဏ - ၉၅၄၉၀၇ |
| ဈ - ၄၀၈၁၅၁ | ဈ - ၈၁၀၁၃၂ | ပ - ၉၉၃၀၄၈ |
| ဆ - ၅၅၄၇၉၆ | က - ၈၆၄၈၉၆ | |

ကံထူးရှင်(၁၄)ဦး

## ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| ဆ - ၂၀၉၆၈၀ | င - ၆၆၄၉၇၃ |
| ခ - ၂၁၂၅၁၇ | ခ - ၆၉၇၂၆၃ |
| ဏ - ၃၃၇၂၃၉ | ည - ၇၈၆၅၂၁ |
| က - ၄၂၈၁၇၂ | ည - ၉၂၇၇၁၀ |
| က - ၅၂၉၂၇၉ | ပ - ၉၆၃၀၇၅ |
| ည - ၅၃၄၉၄၁ | ဏ - ၉၆၃၀၇၆ |
| ည - ၅၇၅၈၁၅ | ဏ - ၉၆၆၂၃၀ |
| ဂ - ၅၇၉၆၉၀ | |

ကံထူးရှင်(၁၅)ဦး

## ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

| | | |
|---|---|---|
| င - ၁၆၃၆၀၂ | ဂ - ၅၁၅၃၁၄ | ဃ - ၇၂၅၀၅၀ |
| ဍ - ၂၄၄၇၁၁ | စ - ၅၃၀၀၆၅ | ဆ - ၇၃၉၀၃၅ |
| ဆ - ၃၁၆၇၅၇ | ဍ - ၅၅၇၁၃၉ | ဍ - ၇၆၇၅၀၉ |
| ဍ - ၃၅၄၂၅၇ | ဋ - ၅၈၁၇၈၂ | င - ၇၇၂၈၇၉ |
| ဋ - ၃၈၁၇၂၉ | ဈ - ၅၉၇၄၉၁ | ဌ - ၈၀၃၉၅၀ |
| ဍ - ၄၄၀၆၀၀ | င - ၆၀၃၆၈၇ | ဈ - ၈၅၀၉၃၇ |
| ဌ - ၄၅၀၁၈၆ | ပ - ၆၃၀၀၉၅ | ဈ - ၉၅၅၃၁၃ |
| ဏ - ၄၆၉၂၇၂ | က - ၆၇၄၇၆၀ | |

ကံထူးရှင်(၂၃)ဦး

## ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | |
|---|---|
| က - ၁၅၃၄၁၁ | ဈ - ၆၈၄၈၅၁ |
| ခ - ၂၆၀၃၅၂ | ဂ - ၇၃၁၅၁၀ |
| ဌ - ၂၈၈၂၈၁ | ဃ - ၇၇၀၃၆၃ |
| က - ၂၉၁၈၆၁ | ဏ - ၇၇၃၈၁၆ |
| ဓ - ၃၉၁၆၆၂ | ဍ - ၈၂၉၆၃၈ |
| ဌ - ၄၁၄၁၄၀ | ည - ၈၄၈၃၇၅ |
| ဋ - ၄၃၄၂၁၁ | ဂ - ၈၆၄၉၁၁ |
| ဓ - ၅၄၇၇၈၁ | ဍ - ၉၂၁၄၀၂ |
| ဓ - ၅၆၃၉၀၆ | ဈ - ၉၂၈၂၆၉ |
| ဂ - ၅၆၆၇၂၁ | ဃ - ၉၆၄၂၄၈ |
| ဍ - ၅၇၅၃၂၄ | ည - ၉၆၅၆၇၅ |
| ဋ - ၆၄၅၄၀၈ | ဂ - ၉၇၉၁၂၆ |

ကံထူးရှင်(၂၄)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၅)ယူနစ်

| | |
|---|---|
| ဋ - ၃၈၄၈၁ | င - ၈၀၄၅၁ |
| ဈ - ၃၈၆၄၂ | ဏ - ၈၉၉၁၁ |
| ဋ - ၇၉၆၃၄ | |

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၅၀)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၁၀)ယူနစ်

| | | |
|---|---|---|
| င - ၁၀၂၅ | စ - ၆၁၀၈ | ခ - ၈၅၃၈ |
| ဂ - ၂၀၁၅ | ဓ - ၇၇၆၁ | ဓ - ၉၃၁၅ |
| ဓ - ၃၃၁၂ | ဈ - ၈၃၅၂ | ဍ - ၉၈၈၈ |
| ည - ၅၄၆၉ | | |

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၁၀၀၀)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၁၂)ယူနစ်

| | | |
|---|---|---|
| က - ၁၂၆ | ဋ - ၅၀၂ | ဌ - ၆၁၉ |
| ည - ၁၃၇ | ဃ - ၅၆၉ | ဍ - ၇၄၀ |
| ဂ - ၂၃၀ | ခ - ၅၈၅ | ဂ - ၈၂၀ |
| ခ - ၂၅၈ | င - ၆၁၇ | ဂ - ၉၁၂ |

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၁၂၀၀၀)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၆)ယူနစ်

ဍ - ၃၈ ဈ - ၄၄ ဓ - ၄၉ ဏ - ၅၉ ဃ - ၈၇ င - ၉၁

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၆၀၀၀၀)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်

ဋ - ၂

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၁၀၀၀၀၀)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

| | |
|---|---|
| ဋ - ၄၃၈၀၄၄ | င - ၆၈၉၄၀၃ |
| ဍ - ၄၇၆၉၉၈ | ဆ - ၇၁၃၃၆၃ |

ကံထူးရှင်(၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်

ဏ - ၉၀၂၆၈ ဋ - ၉၆၈၂၃

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်

စ - ၂၂၀၇ ပ - ၃၀၈၃

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်

ည - ၂၁၇ ဍ - ၃၇၁

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၂၀၀၀)ဦး

၁။ ၂၀၂၆ ခုနှစ်၊ ဇူလိုင် လ (၁)ရက်နေ့တွင် ကျင်းပသည့် (၈၈)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ ( ၁၇၅၃၈၃ ) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် ( ၁၇၅၃၈၃ ) ဦး ဖြစ်ပါသည်။

၂။ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့်(၈၉)ကြိမ်မြောက် ကျပ်(၁၀၀၀)တန်အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က)အက္ခရာမှ (တ)အက္ခရာထိ အက္ခရာ (၁၆)လုံးဖြစ်ပါသည်။

၃။ (၈၈)ကြိမ်မြောက်ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို( ၂-၇-၂၀၂၆ ) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို( ၁၃-၇-၂၀၂၆ ) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း၊မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း၊မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/1172 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/22736, Jianshe 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းတင် ၉/ပသက(နိုင်)၀၇၆၆၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/96412, P&C–110(K2) M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင် ၉/ပသက(နိုင်) ၁၀၂၆၇၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေသူဇာခင်(၁၃/တကန(နိုင်)၂၃၄၈၄၀) သည် အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် ကောင်းသော ဂုဏ်သတင်းဖြင့် ဂုဏ်သိက္ခာရှိစွာရပ်တည်နေထိုင်သူ တစ်ဦးဖြစ်ပါသည်။ ဒေါ်မေသူဇာခင် ၏ ဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်၍ ၎င်း၏မိတ်ဆွေ အပေါင်းအသင်းနှင့် ပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင် မဟုတ်မမှန်သောသတင်းများဖြန့်ဝေနေကြောင်းကို သက်သေအထောက်အထားများနှင့်တကွ ရရှိပြီးဖြစ်သဖြင့် ယခုကြေညာသည့်နေ့ရက်မှစ၍ ရပ်တန့်ပါရန်နှင့် ဒေါ်မေသူဇာခင်၏ မိတ်ဆွေအပေါင်းအသင်းနှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင်လည်းကောင်း၊ ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍လည်းကောင်း၊ အများပြည်သူသို့လည်းကောင်း၊ လူမှုကွန်ရက်စာမျက်နှာကို အသုံးပြု၍လည်းကောင်း၊ အသရေပျက်စေရန် ရည်ရွယ်၍ မမှန်ကန်သည့် အကြောင်းအရာများဖော်ပြပြောဆိုကြေညာခြင်း၊ ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း၊ အသရေပျက်စေသော အရေးအသားများဖြင့် ရေးသား၍ဖြန့်ဝေခြင်းများလုံးဝ (လုံးဝ) မပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဒေါ်မေသူဇာခင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အိဖြူနှင်း အထက်တန်းရှေ့နေ (စဉ် – ၅၄၅၇၈)**

**ဖုန်း-၀၉ – ၄၂၀၀၄၇၅၅၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၄၀၊ မြေကွက်အမှတ် ၁၅၇၉/ခ၊ ဦးကိုကိုအောင်အမည်ပေါက် (ပါမစ်)အကျယ်အဝန်း(ပေ၂၀xပေ၆၀)အိမ်ခြံ မြေကွက်ကိုအဆက်အစပ် စာချုပ်များဖြင့် လက်ရှိထားပိုင်ဆိုင်၊ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဦးလချူးမန်း ၇/ဖမန(ပြု)၀၀၈၈၁၁မှ ဝန်ခံကတိပြုပြောဆို၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးရမ်းကီစွန် ၇/ဖမန(နိုင်)၀၉၂၃၃၁မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတိုင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာနည်ဝင်း (ခ) ဇာနီဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၄၁)**
**ဖုန်း-09-881903399**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အလယ်ကျေးရွာ၊ ပိတောက်လမ်းမကြီး၊ အမှတ် ၁၂ဟုခေါ်တွင် သောမြေရေိယာအကျယ်အဝန်း အလျား(၁၇)ပေX အနံ(၄၂)ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော နေအိမ် (၁)လုံး၊ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးတင်ထွန်းအောင် (၁၂/လသယ (နိုင်) ၀၇၈၄၃၉) နှင့် ဒေါ်အေးအေးသင်း (၁၂/လသယ(နိုင်)၀၃၄၂၇၆တို့မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ပိုင်ဆိုင်မှုအရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ဆန်းဝင်း (၁၁/စတန(နိုင်)၀၆၈၀၈၂) က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဆန်းဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စန်းမော် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၀၈)**
**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ဖုန်း – ၀၉ -၂၅၂၉၂၇၁၁၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ် (စ-၄)၊ ဦးပိုင်အမှတ် (၉၆)၊ ၆၆လမ်းနှင့် ၁၀၉ လမ်းထောင့်ရှိ ဦးကျန်ကျင်းချို အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၈၅/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ဇာနည်အောင် ၁၄/ပသန(နိုင်)၁၉၉၂၃၀ က အမှုတွဲအမှတ် (၀၇၅၃/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် – ၅၃၆

ဦးစိုးတင့် **နှင့်** ၁။ ဦးခင်မောင်စိုး
၂။ မနီနီလင်း(ကွယ်လွန်သူ ဦးတင်ဆောင်၏တရားဝင်ကိုယ်စားလှယ်)
၃။ မသန်းသန်းဆင့်
၄။ ကိုအောင်စိုးမင်း
၅။ မသန်းသန်းမြင့်
၆။ မဇူလိုင်မိုး
၇။ ကိုကျော်ထွန်းမင်း
၈။ ကိုဇော်မိုးဝင်း

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

လျှောက်ထားခံရသူ ၈။ကိုဇော်မိုးဝင်း(ဘ)ဦးချစ်တင် ကျောက်မဲရဲစခန်း၊ ကျောက်မဲမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဦးစိုးတင့် က ဤရုံးသို့ ညောင်ဦးခရိုင်တရားရုံး၊ တရားမပြင်ဆင်မှုအမှတ် -၁၄/၂၀၂၅ အမှုတွင် (၁၆-၉-၂၀၂၅) ရက်နေ့ ရက်စွဲဖြင့် ပြင်ဆင်မှုကို တစ်စိတ်တစ်ဒေသခွင့်ပြုပြီး ကျောက်ပန်းတောင်းမြို့နယ်တရားရုံး၊ မကြီး၆၂/၂၀၁၆ ၏ ကော်မရှင်နာအစီရင်ခံစာအပေါ်ပြင်ဆင်ချက်ဖြင့် အတည်ပြုကြောင်း(၂၀-၆-၂၀၂၅)နေ့တွင် ချမှတ်ခဲ့သည့်အမိန့်အား ဆက်လက်အတည်ပြုကြောင်း အမိန့်ချမှတ်လိုက်သဖြင့် မူလရုံးတရားလိုမှ ပြင်ဆင်မှုတင်သွင်း လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၆ ခုနှစ် ၊ ဇူလိုင်လ ( ၂၇ ) ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၁၃)ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(စုစုလှိုင်)**

**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ဖခင်အမည်မှန်

ကျောက်တံခါးမြို့နယ်၊ အထက (စက်-စိုက်-မွေး)ပဲနွယ်ကုန်းကျောင်း၊ Grade–11(B.T) မှ မဖူးပွင့်ခိုင်၏ ဖခင်အမည် ဦးတိုးတိုးနိုင် အစား ဖခင်အမည်မှန်မှာ ဦးတိုးနိုင်ဖြစ်ပါကြောင်း။

**ဦးတိုးနိုင်**
**၇/ကတခ(နိုင်) ၀၉၆၉၄၄**

## CNG သုံးစွဲခွင့်စာအုပ်ပျောက်ဆုံးကြောင်းကြေညာခြင်း

ကျွန်ုပ်မ ဒေါ်အေးအေးမာ ၁၂/ဗဟန(နိုင်)၀၈၀၂၈၇ ပိုင်ဆိုင်သော BGO 11 7A/4296 Toyota Hilux အမျိုးအစား အဖြူရောင်မော်တော်ယာဉ်၏ CNG သုံးစွဲခွင့်စာအုပ် ပျောက်ဆုံးသွားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်အေးအေးမာ**

**ဖုန်း-၀၉၇၈၉၅၉၂၇၅၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလေးမြို့နယ်၊ ညောင်ရွှေမြို့၊ နန္ဒဝန်ရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၈/ဟော်ရပ်)၊ ဦးပိုင် အမှတ် (၂၉/က)၊ မြေကွက်အမှတ် (129)၊ ဧရိယာ (၀ ဒသမ ၃၉၉) ဧကရှိမြေကွက်အား တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ ၁၉-၉-၂၀၁၇ ရက်စွဲပါ အမှုတွဲအမှတ် (၁၅၀/၂၀၁၇) အရ နှစ် (၃၀) သက်တမ်းရှိ မြေငှားဂရန်အား ဒေါ်စောဥမ္မာ အမည်ဖြင့် ထုတ်ပေးထားရှိပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အား ဒေါ်စောဥမ္မာထံမှ ဒေါ်သက်အိမွန်သည် ညောင်ရွှေမြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ ၉-၆-၂၀၂၆ ရက်စွဲပါ စာချုပ်အမှတ် (၂၄/ ၂၀၂၆)အရ ချုပ်ဆိုဝယ်ယူခဲ့ပြီးဖြစ်သဖြင့် ဒေါ်သက်အိမွန် (၁၃/ညရန(နိုင်)၀၈၆ ၉၇၉) မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် မည်သူမဆို ကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့် ရက်အတွင်းကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလေးမြို့**

## (၁၄-၇-၂၀၂၅)ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၈) ဦးမိုးဇော် တရားလွှတ်တော်ရှေ့နေ၏ ကြော်ငြာနှင့် ပတ်သက်၍ အများသိစေရန် ရှင်းလင်းအသိပေးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် (၇၆/၈၀)၊ တိုက်(A)နေ ဒေါ်မြင့်မြင့်ခိုင်၊ ဒေါ်စိုးနဒီလှိုင်၊ ဒေါ်ပိုးကြည်ပြာလှိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေး ကြေညာအပ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေများသည် ကရင်ပြည်နယ်၊ မြဝတီမြို့၊ အာရှလမ်းမပေါ်တွင် ဂရိတ်ဝမ်းအမည်ဖြင့် ၎င်းတို့ ဖခင်ဦးမောင်မောင် မကွယ်လွန်မီကတည်းက Hotel ဖွင့်လှစ်ခဲ့ပါသည်။ ဦးမောင်မောင် ကွယ်လွန်ပြီးနောက် Hotel လုပ်ငန်းနှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေများက မကျွမ်းကျင်သည့်အပေါ် ငှားရမ်းလုပ်ကိုင်လိုသော ဦးဗညားအောင်၊ ဒေါ်ငြိမ်းငြိမ်းအေးတို့နှင့် နှစ်ရှည်ငှားရမ်းခြင်းသဘောတူစာချုပ် ချုပ်ဆို ငှားရမ်းခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေများ၏ စီးပွားရေးကျဆင်းနေချိန် ငွေကြေးလိုအပ်သည့်အပေါ် ဦးဗညားအောင်နှင့်ဇနီး ဒေါ်ငြိမ်းငြိမ်းအေးက ငွေကြေး ကူညီပေးခဲ့ပြီးနောက် ရှယ်ယာထည့်ဝင်သည့် စာချုပ်တစ်စောင်ကို ချုပ်ဆိုပေးရန် တောင်းဆိုခဲ့သဖြင့် ရှေ့နေဦးမိုးဇော်ရှေ့မှောက်တွင် နှစ်ဦးနှစ်ဖက် စာချုပ်ချုပ်ဆို ပေးခဲ့ပါသည်။ အဆိုပါ ရှယ်ယာထည့်ဝင်စာချုပ်ချုပ်ဆိုခြင်းနှင့် ပတ်သက်၍ ဦးဗညား အောင်၊ ဒေါ်ငြိမ်းငြိမ်းအေးတို့က ဟိုတယ်လုပ်ငန်း အမည်အား ၎င်းတို့အမည်ဖြင့် လည်းကောင်း၊ လိုင်စင်ကိုလည်း ၎င်းတို့အမည်ဖြင့်လည်းကောင်း ပြောင်းလဲပြီး ဦးဆောင်လုပ်ကိုင်ခဲ့ကြပါသည်။ ကျွန်ုပ်မိတ်ဆွေများ အမှန်တကယ်ရရန်ရှိ သော ရှယ်ယာထည့်ဝင်ငွေ (၄၀%)အကျိုးအမြတ်ကို ပေးအပ်ခဲ့ခြင်းမရှိခဲ့သည့်အတွက် "(၁၄-၂-၂၀၂၀) ရက်စွဲပါ Grade One Hotel လုပ်ငန်းအတွက် အစုရှယ်ယာထည့်ဝင် ခြင်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ်"မှာ ပျက်ပြယ် သွားပြီဖြစ်ကြောင်းနှင့် (၁၄-၇-၂၀၂၅) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၌ ထည့်သွင်းထားသည့် တရားလွှတ်တော်ရှေ့နေ ဦးမိုးဇော်ကြော်ငြာနှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေများဘက်မှ လိုက်နာရန် တာဝန်မရှိပါ။ ကျွန်ုပ်မိတ်ဆွေများ၏ တရားဝင်ပိုင်ဆိုင်လျက်ရှိသော အဆိုပါဟိုတယ် အဆောက်အအုံနှင့် မြေသည် မူလပိုင်ရှင်များဖြစ်သော ကျွန်ုပ်၏မိတ်ဆွေများက ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း ကိစ္စရပ်များကို ၎င်းတို့၏ လွတ်လပ်သော သဘောဆန္ဒအတိုင်း စီမံခန့်ခွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်လင်းဟန် (LL.B , WIPO, Switzerland) တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၂၀၁၉၄/၂၀၂၆)**
**အမှတ်(၁၅၃)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၈၅၄၂၅၂၄၆၆၊ ၀၉-၇၈၆၆၃၅၆၈၇(ရုံး)**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် – ၅၃၅

၁။ ဦးခင်မောင်စိုး **နှင့်** ၁။ ဦးစိုးတင့်
၂။ မသန်းသန်းဆင့် ၂။ မနီနီလင်း(ကွယ်လွန်သူ ဦးတင်ဆောင်၏တရားဝင်ကိုယ်စားလှယ်)
၃။ ကိုအောင်စိုးမင်း ၃။ ကိုကျော်ထွန်းမင်း
၄။ မသန်းသန်းမြင့် ၄။ ကိုဇော်မိုးဝင်း
၅။ မဇူလိုင်မိုး

**လျှောက်ထားသူများ** **လျှောက်ထားခံရသူများ**

လျှောက်ထားခံရသူ ၄။ကိုဇော်မိုးဝင်း(ဘ)ဦးချစ်တင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဦးခင်မောင်စိုး ပါ၅ က ဤရုံးသို့ ညောင်ဦးခရိုင်တရားရုံး၊ တရားမပြင်ဆင်မှု အမှတ် – ၁၄ /၂၀၂၅ အမှုတွင် (၁၆-၉-၂၀၂၅) ရက်နေ့ ရက်စွဲဖြင့် ပြင်ဆင်မှုကို တစ်စိတ်တစ်ဒေသခွင့်ပြုပြီး ကျောက်ပန်းတောင်းမြို့နယ် တရားရုံး၊ မကြီး ၆၂/၂၀၁၆ ၏ ကော်မရှင်နာအစီရင်ခံစာအပေါ် ပြင်ဆင်ချက်ဖြင့် အတည်ပြုကြောင်း (၂၀-၆-၂၀၂၅)နေ့တွင် ချမှတ်ခဲ့သည့်အမိန့်အား ဆက်လက် အတည်ပြုကြောင်း အမိန့်ချမှတ်လိုက်သဖြင့် မူလရုံး(၁၊၃၊၄၊၅၆) တရားပြိုင်တို့မှ ပြင်ဆင်မှုတင်သွင်း လျှောက်ထားသည်ဖြစ်၍ သင်ကဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၂၇) ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၁၃) ရက် မွန်းမတည့်မီ (၁၀) နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၅ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုစုလှိုင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/48486, Kenbo –125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မောင်း ၉/မနမ(နိုင်)၁၉၅၂၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20W/83768, Kenbo CZI –125 ယာဉ်လက်ဝယ်ရှိသူ ဦးမိုးဝင်း ၉/ပသက(နိုင်) ၂၁၂၅၈၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၆ခုနှစ် တရားမကြီးမှုအမှတ်-၁၆၇

ဦးမောင်မောင်စိုး **နှင့်** ဦးတင်မြင့် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးစိုးမြင့်)

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ်(ဃ-၇)၊ ၁၁၂(A)လမ်း၊ ၆၂-၆၃လမ်းကြားနေ-ဦးတင်မြင့်(ဘ)ဦးထွန်း (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးစိုးမြင့် (ဘ) ဦးလှမောင်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးတင်မြင့် (ဘ) ဦးထွန်း (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးစိုးမြင့် (ဘ) ဦးလှမောင်) သင့်အပေါ်၌ တရားလို ဦးမောင်မောင်စိုးက "မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၅)၊ ဦးပိုင်အမှတ် (၅)၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးတင်မြင့် အမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှု နှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ခုနှစ် ဇူလိုင်လ ၁၃ရက် (၁၃၈၈ခုနှစ် ပထမဝါဆိုလဆုတ် ၁၄ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြု လိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ခုနှစ် ဇွန်လ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမင်းထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ပဲခူးမြို့၊ အ.ထ.က(၁)ကျောင်း Grade–10 (B) မှ မမိုးပြည့်ပြည့်နိုင် ၏ ဖခင်အမည်မှန်မှာ ဦးကျော်မိုးလွင် ၇/ပခန(နိုင်) ၂၄၂၁၁၀ ဖြစ်ပါကြောင်း။

**ဦးကျော်မိုးလွင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/3318, MULTI PURPOSE VEHICLE (KZL–1) MICRO BUS (4X2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာသီ ၉/အမရ(နိုင်)၀၃၅၉၉၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/1614, Wuyang Honda 125 ယာဉ်လက်ဝယ်ရှိသူ Toyomax Trading Co;Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊တိုင်းရုံး(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/5994, Dream 110 ယာဉ်လက်ဝယ်ရှိသူ Lucky Thukha Trading Co;Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊တိုင်းရုံး(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 28W/85115, JLM 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမူ ၁၄/ဟသတ(နိုင်) ၂၂၀၉၅၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟင်္သာတ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ရွှေပြည်သာရပ်ကွက်၊ ကွင်းအမှတ်( ၇၄/၁၊ ရွှေအိုက် )၊ ဦးပိုင်အမှတ်( ၁၀၅၇ )၊ မြေဧရိယာ(၀ဒသမ၁၂၄) ဧကရှိ မြေကွက်သည် ဦးကျော်စိုး အမည်ဖြင့်(၁၃-၁၀-၂၀၃၄)ရက်အထိ မြေငှားဂရန် အမည်ပေါက်သောမြေကွက်ဖြစ်ပြီး မူလဂရန်အမည်ပေါက်သူ ဦးကျော်စိုးထံမှ ဒေါ်မာလာမြင့်က (၉.၃.၂၀၂၆)ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၀၈၂/၂၀၂၆) ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဒေါ်မာလာမြင့်၊ ၅/ကဘလ(နိုင်)၁၈၀၇၄၅ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအားဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (၁၃/၂၀၂၆-၂၀၂၇)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါပစ္စည်း (၁၀) မျိုးအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဝယ်ယူမည်ဖြစ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | အရေအတွက် |
|---|---|---|---|
| (က) | 27(LPT)MPE-CHK/26-27 | မန္တလေးတိုင်းဒေသကြီးရှိ ပြုပြင်ဆောက်လုပ်ရေး လုပ်ငန်း (၆) ခု | 1 Lot |
| (ခ) | 28(LPT) MPE-TLN/26-27 | Base Oil (SN-150) & Additive | 15 MT & 1 MT |
| (ဂ) | 17R(LPT) MPE-HQ/ 26-27 | LPG Viking Pump with Motor | 1 Set |
| (ဃ) | 18R(LPT) MPE-CHK/ 26-27 | LPG Viking Pump with Motor | 1 Set |
| (င) | 19R(LPT) MPE-MBU/ 26-27 | Spare Parts for Instrument Air Compressor | 1 Lot |
| (စ) | 21R(LPT) MPE-MANN/ 26-27 | U2 Combination Viewing Head & Signal Processors with Flame Detector | 1 No |
| (ဆ) | 8R-R(LPT) MPE-MANN/ 26-27 | Pure Water Pump with Turbine | 1 No |
| (ဇ) | အဆိုပြုလွှာ-8/MPE-HQ/ 26-27 | Refrigerator(2 Doors) | 2 Nos |
| (ဈ) | အဆိုပြုလွှာ-3R/MPE-MANN/26-27 | Ice-Cube Maker, | 1 No |
| (ည) | အဆိုပြုလွှာ-4R/MPE-HQ/ 26-27 | Table & Chair | 2 Items |

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၂-၇-၂၀၂၆ ရက်မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၄၄)၊ ဘဏ္ဍာရေးဌာန (နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (energy.gov.mm) တွင်လည်း ကြော်ငြာထား မည်ဖြစ်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါ/အဆိုပြုလွှာများကို အောက်ဖော်ပြပါတင်ဒါပိတ်သည့်နေ့များတွင် (၁၃:၀၀) နာရီ နောက်ဆုံးထား၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ် (၆)၊ ရတနာခန်းမ၊ (နေပြည်တော်)သို့ လူကိုယ်တိုင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | အမှတ်စဉ် (က)၊ (ခ) နှင့် (ဇ) အိတ်ဖွင့်တင်ဒါ/အဆိုပြုလွှာ | ၂၃-၇-၂၀၂၆ ရက် |
| (ခ) | အမှတ်စဉ် (ဂ) (ဃ) (င) (စ) (ဆ) (ဈ) မှ (ည) ထိ အိတ်ဖွင့်တင်ဒါ/အဆိုပြုလွှာ | ၁၆-၇-၂၀၂၆ ရက် |

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ဖုန်း- ၀၆၇-၃၄၁၁၁၉၃**
**၀၉- ၄၂၀၂၄၁၄၅၃, ၀၉-၄၄၃၂၇၅၁၀၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/ဒက္ခိဏသီရိ အနောက်ရပ်)၊ မြေကွက်အမှတ် ဒ-၅(က)၊ မြေရိယာ(၂.၅)ဧကရှိ ဒေါ်သန်းသန်းစိုး (ဘ) ဦးကျင်းညိမ်း ၁၄/ပတန(နိုင်)၀၀၄၃၂၈၊ ဦးစိုးအောင် (ဘ) ဦးကျင်ငြိမ်း ၁၄/ပတန(နိုင်)၀၀၃၃၈၄၊ ဦးစိုးလှိုင် (ဘ) ဦးကျင်ငြိမ်း ၁၄/ကကန(နိုင်)၀၄၂၈၈၆၊ ဒေါ်သန်းမြိုင်(ဘ) ဦးကျင်ငြိမ်း ၁၄/ပတန (နိုင်)၀၀၃၉၃၆ တို့ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်သန်းသန်းစိုး၊ ဦးစိုးအောင်၊ ဦးစိုးလှိုင်၊ ဒေါ်သန်းမြိုင် တို့ထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၄၉၂/၂၀၂၃)(၂၀-၉-၂၀၂၃)ရရှိထားသူ ဦးသန်းဝင်း (ဘ) ဦးဖန်ဝင်းဟန်(ခ)ဝင်းဟန် ၉/မရမ(နိုင်)၀၂၇၅၈၇ မှ ဦးအောင်နိုင် (ဘ) ဦးကျန်ရှင်းချန်း(ခ)ဝင်းရှိန် ၉/မဟမ(ဧည့်)၀၀၀၀၄၄၊ ဒေါ်သီတာရွှေ (ဘ) ကျန်ရှင်းချန်း(ခ)ဝင်းရှိန် ၉/မဟမ(ဧည့်)၀၀၀၀၀၆ တို့နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၅)၊ မြေကွက်အမှတ် (၁၄၆၃)၏ မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးသန်းအောင် (၁၂/အစန(နိုင်)၀၀၉၇၅၈)၊ မြေကွက်အမှတ်(၁၄၉၄)၏ မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးအောင်ဝင်း (၁၂/မဂဒ(နိုင်)၀၂၀၆၆၄)၊ မြေကွက်အမှတ်(၁၄၅၈)၏ မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးကျော်ဝင်း (၁၂/ကကက(နိုင်)၀၀၀၇၅၆)နှင့် မြေကွက်အမှတ်(၁၄၈၆)၏ မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်စိန်အောင် (၁၂/မရက (နိုင်)၀၃၁၀၈၂) မြေအလျား x အနံ (၄၀ x ၆၀)ပေ အကျယ်အဝန်းရှိ မြေချပါမစ်မူရင်း မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား အရောင်းအဝယ်စာချုပ်စာတမ်းအဆက်အဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်တင်တင်မွေး (၁၂/လသန(နိုင်)၀၁၅၃၄၅) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လက်ရောက် ပိုင်ဆိုင်ထားပြီး အဆိုပါမြေကွက်အပါအဝင် မြေချပါမစ်မူရင်း၊ အခြားအဆက်အဆက် စာချုပ်စာတမ်းနှင့် စာရွက်စာတမ်းများကို လက်ရောက်လက်ခံ လွှဲပြောင်းရယူ ပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါမြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေ တစ်ဦးတည်းမှသာ ပိုင်ဆိုင်ပါကြောင်းနှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အထက (ပိတ္တာလေး)ကျောင်း၊ Grade 9 (B) မှ မသိမ့်သိမ့်သူ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ခိုင် ၁၄/ဝခမ (နိုင်)၁၄၁၆၆၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အထက (ပိတ္တာလေး)ကျောင်း၊ Grade 12 (Stams 1) မှ မောင်ပိုင်မျိုးကို၏ ဖခင်အမည်မှန်မှာ ဦးမင်းအောင် ၁၄/ဝခမ(နိုင်)၃၆၀၅၂၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အထက (ဝဲကြီး)ကျောင်း၊ Grade 9 မှ နန့်ချိုးရွှေလီ၏ ဖခင်အမည်မှန်မှာ မြင့်နိုင် ၁၄/ဝခမ(နိုင်) ၁၈၉၅၅၁ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ မြေကွက်အမှတ် ၃၆၃၊ မြေကွက်တည်နေရာအမှတ်(၃၆၃)၊ ရွှေပုဇွန်လမ်း၊ (၄၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်ခင်စောဝင်း MMA-၁၅၆၈၁၀ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ခင်စောဝင်း(MMA-၁၅၆၈၁၀) မြေကွက်အား အမည်ပေါက် ဒေါ်ခင်စောဝင်း (ဇနီး) ကွယ်လွန်သဖြင့် ဦးစိုး ၁၂/မရက (နိုင်)၀၆၅၃၈၅ မှ ၎င်းတစ်ဦးတည်းသာ တရားဝင်အမွေဆက်ခံခွင့်ရှိသည့်ခင်ပွန်းတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသောခင်ပွန်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကိတ္တိမသား/သမီး မွေးစားထားခြင်းလည်းမရှိပါကြောင်း၊ ၎င်းတစ်ဦးတည်းသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံချက်ကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ ဂရန်၊ နိုင်/ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ဥယျာဉ်ကျစ်ကျေးရွာအုပ်စု၊ ရှောက်တောကျေးရွာနေ ဦးဇော်မင်းဦး (၈/ပဖန(နိုင်)၀၇၂၈၀၈)+ ဒေါ်ကြူကြူအေး (၈/ပဖန(နိုင်) ၁၀၁၃၉၁) တို့၏သား မောင်ရှိန်းကိုကိုဦး (၈/ပဖန (နိုင်)၁၇၈၃၅၆)သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိ၏သဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မောင်ရှိန်းကိုကိုဦးနှင့် ပတ်သက်သော ကိစ္စအဝဝကို မိဘများမှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**မိဘများ- ဦးဇော်မင်းဦး - ဒေါ်ကြူကြူအေး**

## ၂၀၂၀ ပြည့်နှစ်၊ လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၁၄၇နှင့် လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေ ၉ နှင့် ၁၅ (ခ) တို့အရ
## UNIQUE QUALITY PRODUCTS TRADING COMPANY LIMITED
## (Registration No. 101321509)
### (ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲဖြစ်သော)

၁။ **UNIQUE QUALITY PRODUCTS TRADING COMPANY LIMITED**/စံထူးပြု အရည်အသွေးအဆင့်မြင့်ထုတ်ကုန်များကုမ္ပဏီလီမိတက် (ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)၏ အထူးအစည်းအဝေးကို ၂၉-၆-၂၀၂၆ ရက်နံနက် (၁၀:၀၀) နာရီတွင် ကျင်းပခဲ့ပြီး အောက်ပါအထူးဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါသည်-

(က) လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၁၄၇ ပုဒ်မခွဲ (က) (၂) နှင့်အညီ UNIQUE QUALITY PRODUCTS TRADING COMPANY LIMITED အား (၂၉-၆-၂၀၂၆) ရက်မှ စတင်ရပ်စဲပြီး ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့်

(ခ) အမှတ် (၂၁၈)၊ The Century Condo Tower (D)၊ အခန်း (၂၃၀၆)၊ အင်းစိန်လမ်းမကြီး၊ (၁၃) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ SM & ST Law Firm Co., Ltd မှ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူမှတ်ပုံတင်အမှတ်- ၁၀၁၂၄၆ ကိုင်ဆောင်ရရှိထားသူ ဒေါ်စန်းတင့် (B.A (Law), LLB) တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၂၀)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို ဤကြော်ငြာစာပါသည့်ရက်မှ (၁) လအတွင်းဆိုင်ရာ မှတ်တမ်းမှတ်ရာ သက်သေခံများနှင့်အတူ မိမိလက်ဝယ်ရှိ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရုံးဖြစ်သော SM & ST Law Firm Co., Ltd ၏ အောက်ပါလိပ်စာသို့ဖြစ်စေ၊ email: **info@smstlawfirm.com** သို့ဖြစ်စေ ဆက်သွယ်ဆောင်ရွက်ရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းတင့် (B.A (Law), LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၂၀)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**(လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှတ်ပုံတင်အမှတ်-၁၀၁၂၄၆)**
**ရုံး - အမှတ် (၂၁၈)၊ The Century Condo Tower (D)၊ အခန်း (၂၃၀၆)၊**
**အင်းစိန်လမ်းမကြီး၊ (၁၃) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း - ၀၉-၅၀၉၉၆၃၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အထက(၁) (Grade-9) မှ မမေသက်နှင်းအေး (၁/ရကန(နိုင်)၀၉၁၂၉၇) ၏ ဖခင် ဦးသိန်းထိုက်ဦး (၁/ရကန (နိုင်)၀၄၉၁၁၄) နှင့် ဦးသိန်းထိုက်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးသိန်းထိုက်ဦး**
**အမှတ် (၃) ရပ်ကွက်၊ ရွှေကူမြို့**

## အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အထက(၁) (Grade-9)မှ (ဘ) ဦးဇော်မျိုးဝင်း (၁/ရကန(နိုင်)၀၂၈၇၉၅) ၏ သမီး မရွှေစင်လင်းလဲ့၏ အမည်မှန်မှာ မရွှေစင်ဝင်းလဲ့ (၁/ရကန(နိုင်) ၀၈၅၆၇၄) ဖြစ်ပါကြောင်း။

**မရွှေစင်ဝင်းလဲ့**
**အမှတ် (၃) ရပ်ကွက်၊ ရွှေကူမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ (၇) ဈေးလမ်းမကြီး၊ အမှတ် (၁၄၆၈/က)နှင့် (၁၄၆၇/ခ)မြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ၏ တတိယထပ်၊ (၄-လွှာ)၊ (ခြေရင်းဘက်အခြမ်း) (အလျား ၁၃ $\frac{၁}{၂}$ ပေ x အနံ ၅၄ ပေ)ရှိ တိုက်ခန်းကို ရောင်းချသူ ဦးကောင်းဆက်အောင် (၁၄/ရေက(နိုင်)၀၀၃၀၃၀) မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇာဇာမျိုး (၁၂/ခရန(နိုင်)၁၂၉၆၆၉)မှ ဝယ်ယူရန်အလို့ငှာ စရန်ငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ခိုင်မာသည့် စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်နှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇာဇာမျိုးထံသို့ လူကိုယ်တိုင်တိုက်ရိုက်လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက သတ်မှတ်ရက်ကျော်လွန်လျှင် စာချုပ်ပါ နေ့ရက်အတိုင်း ဆက်လက်အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲမင်းထွဋ် (တရားလွှတ်တော်ရှေ့နေ)၊ စဉ် - ၁၂၁၆၁၊**
**အမှတ် (၄၇၅)၊ ဇမ္ဗူသီရိ (၃) လမ်းအရှေ့၊**
**၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်**
**ဖုန်း - ၀၉-၇၉၉၆၁၁၃၀၀**

## ဒေါ်အေးအေးမော်နှင့် အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ လှည်းဆိပ်ကျေးရွာအုပ်စု၊ အောင်ကြီးကျေးရွာနေ ကျွန်တော် ဦးဝင်းထိန်၏ ဇနီးဖြစ်သူ ဒေါ်အေးအေးမော် ၇/ညလပ(နိုင်)၁၃၃၆၁၆ သည် (၁-၄-၂၀၂၅)ရက်က ရွှေနှင့်ငွေများကိုယူ၍ နေအိမ်မှဆင်းသွားခဲ့ပါသည်။ ကျွန်တော်၏ဂုဏ်သိက္ခာနှင့် သားသမီးများ၏ ဂုဏ်သိက္ခာထိခိုက်အောင်ပြုလုပ်သွားပါ၍ ကျွန်တော်မှ ဒေါ်အေးအေးမော်အား ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအရပ်ရပ်သည် ကျွန်တော်နှင့်လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **(မေးမြန်းစုံစမ်းနိုင်ပါသည်)။**

**ဦးဝင်းထိန်**
**၇/ညလပ(နိုင်)၀၀၀၂၈၆**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 71/6660 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/9493 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## အားကစားရေးရာဝန်ကြီးဌာန
## အားကစားနှင့်ကာယပညာဦးစီးဌာန
## အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

အားကစားရေးရာဝန်ကြီးဌာန ၊ အားကစားနှင့်ကာယပညာဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်းရှိ လက်ရှိအသုံးပြုလျက်ရှိသော အားကစားရုံများ၊ ဝန်ထမ်းအိမ်ရာများအပါအဝင် ပျက်စီးယိုယွင်းလျက်ရှိသည့် ပွဲကြည့်စင်များ၊ အဆောက် အအုံဟောင်းများနှင့် အားကစားဆိုင်ရာအဆောက်အအုံ (၂၀)လုံးတို့အား စနစ်တကျဖျက်သိမ်းရန်အတွက် Lot-(၃)ခုခွဲ၍လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများအနေဖြင့် အောက်ဖော်ပြပါ အတိုင်း အိတ်ပိတ်တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်-

| | | |
|---|---|---|
| (က) | **လျှောက်လွှာရောင်းချမည့်ရက်** | - (၃ - ၇ -၂၀၂၆) ရက်မှ (၁၇ - ၇ - ၂၀၂၆) ရက်အထိ |
| (ခ) | **အိတ်ပိတ်တင်ဒါ နောက်ဆုံး တင်သွင်းရမည့်ရက်** | - (၁၇-၇-၂၀၂၆)ရက်ရုံးချိန်အတွင်း |
| (ဂ) | **အိတ်ပိတ်တင်ဒါ တင်သွင်း ရမည့် နေရာ** | - အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၊ သုဝဏ္ဏအားကစားကွင်း/ အားကစားရုံဌာနခွဲ၊ ရန်ကုန်တိုင်းဒေသကြီး။ |
| (ဃ) | **တင်ဒါဖွင့်လှစ်မည့်ရက်/ အချိန်/နေရာ** | - ဖွင့်ဖောက်မည့်ရက်/အချိန်/ နေရာအား ထပ်မံကြေညာသွား ပါမည်။ |

အထက်ပါပုံစံများကို ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏ ၊ အားကစားကွင်း/အားကစားရုံဌာနခွဲ (ရန်ကုန်) ရုံးခန်းတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း- 09 - 443167176၊ 09-443172575၊ 09-755397686 သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အားကစားနှင့်ကာယပညာဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ - ၁ နှင့် ၅)
## သနပ်ပင်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၃

| | | |
|---|---|---|
| ဦးကျော်ကြီး **(တရားလို)** | **နှင့်** | ဒေါ်ခင်မြတ်မိုး(ခ)ဒေါ်မိုးမိုး **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အနောက်ရပ်ကွက်၊ မာန်ပြေ (၁၇) လမ်း၊ အမှတ်(၁၁) နေ တရားပြိုင် ဒေါ်ခင်မြတ်မိုး (ခ) ဒေါ်မိုးမိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်ကြီးက "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၇) ရက် (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆုတ် ၈ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေသော်ကျော်ဦး)**
**ဒုတိယမြို့နယ်တရားသူကြီး**
**သနပ်ပင်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့ အထက (၁) ကျောင်းမှ မထင်(မ်)နေသင်း G-11 နှင့် မလင်နေးဟတ် G-7 တို့၏ ဖခင်အမည်မှန်မှာ ဦးဝုန်ခိုထန် ၅/လရန(နိုင်)၀၀၁၂၂၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ တော်ဝင် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မဆုးယွန်းခိုင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးထွန်း ၈/ရစက (နိုင်) ၁၄၉၆၄၂ ဖြစ်ပါကြောင်း။

**ဦးမျိုးထွန်း**

## ပတ်စ်ပို့ပျောက်

ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အောင်မြေသာရပ်နေ (ဘ)ဦးအောင်ဖေ၏သား ကိုအောင်စိုးမိုး ၈/ဆမန(နိုင်) ၀၁၂၈၉၂၏နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၆၁၈၅၅၄၉

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပျဉ်းမနားမြို့၊ အထက (၂) Grade (6) မှ မအိမ့်မှူးခင်နှင့် မစန္ဒီခင် တို့၏ ဖခင်ဦးပြည့်ဖြိုးနှင့် ဦးအင်ကြင်းဖြိုး ၉/ပမန(နိုင်) ၂၀၆၇၁၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း၊

**ဦးပြည့်ဖြိုး (ခ) ဦးအင်ကြင်းဖြိုး**

## နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်-၃/မြို့မတောင်ရပ်၊ လူနေရပ်ကွက်- ပုဗ္ဗသီရိရပ်ကွက်၊ မြေကွက်အမှတ်(၁၃၁၄)၊ ဧရိယာ(၀.၁၄၆)ဧက၊ (၈၀ x ၈၀)ပေခန့် အကျယ်အဝန်းရှိသော ဦးဟန်ညွန့် (ဘ) ဦးကျောင်းမောင် (၁၄/ဟသတ(နိုင်)၀၁၃၀၉၅) အမည်ပေါက် နှစ် (၃၀) မြေငှားဂရန်စာချုပ် (နောင်တွင်) ဒေါ်စန်းမြင့် (ဘ) ဦးလှသွင် (၁၄/ဟသတ(နိုင်)၀၁၃၀၄၀) အမည်ပေါက်ဖြင့် နှစ် (၃၀) မြေငှားဂရန်စာချုပ်အမည် ပြောင်းထုတ်ယူရရှိမည့် ဝိုင်းခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့နှင့်စပ်လျဉ်း၍ အများသိစေရန် အသိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်အမှတ် (၁၃၁၄)အား လက်ရှိထားဝယ်ယူ ပိုင်ဆိုင်သူဖြစ်သော ဦးကျော်ခိုင်ထွန်း (ဘ) ဦးမြင့်သိန်း (၁၂/လမတ(ဧည့်)၀၀၀၄၇၈)၊ ဒေါ်မေဇင်ခိုင် (ဘ) ဦးစိုးလင်း(၁၂/ပဘတ(နိုင်)၀၁၇၇၅၅)တို့ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှာ အဆုံးအပိုင်လက်ရောက်ဝယ်ယူရန် သဘောတူညီကြပါသောကြောင့် ရောင်းကြေးစရန် ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်များနှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါရှိသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းသန္တာဇော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၅၆/၂၀၁၇)**
**အမှတ် (၃/၁၈၄)၊ အုတ်ကျင်းရပ်ကွက်၊ ဦးဘွားလမ်း၊ ပျဉ်းမနားမြို့၊**
**ဖုန်း- ၀၉-၄၂၀၇၅၄၀၈၇၊ ၀၉-၇၉၇၈၅၁၈၅၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ကလေးရောဂါအထူးကုဆေးရုံကြီး၊နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ကလေးရောဂါအထူးကုဆေးရုံကြီး၊ နေပြည်တော်တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည် ဖြစ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၇-၂၀၂၆ ရက်၊ နံနက် (၉:၀၀)နာရီ
**တင်ဒါပိတ်မည့်ရက်** - ၁၅-၇-၂၀၂၆ ရက်၊ ညနေ (၄:၀၀)နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကလေးရောဂါအထူးကုဆေးရုံကြီး၊ ဥတ္တရသီရိမြို့နယ်တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**ကလေးရောဂါအထူးကုဆေးရုံကြီး၊ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဆက်သွယ်ရန်ဖုန်း- ၀၉-၂၆၁၂၁၀၂၄၈၊၀၉-၄၀၂၆၁၈၉၈၆**

## ဖခင်အမည်မှန်
ဝါးခယ်မမြို့နယ်၊ အ.ထ.က (ကျွန်းကုန်း) ကျောင်း၊ Grade 12 (Steams 1) မှ မဆုမြတ်ဇော်၏ ဖခင် အမည်မှန်မှာ ဦးမျိုးမြတ်ဇော် ၁၄/ဝခမ(နိုင်)၁၆၅၄၄၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
ဝါးခယ်မမြို့နယ်၊ အ.ထ.က (ခွဲ) ရွှေတောင်ကွင်း စစ်ကုန်းကျောင်း၊ Grade 11 မှ မိခင်ဇာဝင်းကျော်နှင့် Grade 6 မှ မင်းဆိုက်ထောတို့၏ ဖခင်အမည်မှန်မှာ စသန်းလှိုင်ဦး ၁၄/ဝခမ(နိုင်)၁၆၁၇၉၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
ဝါးခယ်မမြို့နယ်၊ အ.ထ.က (ပိတ္တာလေး) ကျောင်း၊ Grade 10 မှ မရွှေဝတ်မှုံ၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဦး ၁၄/ဝခမ(နိုင်) ၂၆၁၄၈၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
ဝါးခယ်မမြို့နယ်၊ အ.ထ.က (ပိတ္တာလေး)ကျောင်း၊ Grade 11 မှ မသင်းမြတ်မြတ်စိုး၏ ဖခင်အမည်မှန်မှာ ဦးမျိုးကျော်ကျော် ၁၄/ဝခမ(နိုင်)၁၉၂၉၇၉ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 2A/3965 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရွှေဘို)၊ ရွှေဘိုမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း
ညောင်လေးပင်မြို့၊ မြို့မ(၄)ရပ်ကွက်၊ ရပ်(၇)၊ ကျွန်းကလေးပိုင်းရပ်၊ ဦးပိုင်အမှတ်(၄၉က)၊ မြေကွက်အမှတ်(၇၁A)၊ ဧရိယာ (၀.၀၉၉၃) ဧကအား ဒေါ်စီစီထွန်းမှ (ဘိုးဘပိုင်အမည်ပြောင်း) လျှောက်ထားမြေ အရှေ့ဘက်တွင် ဦးပိုင် အမှတ် (၄၉ခ) အနောက်ဘက်တွင် မြေကွက်အမှတ် (၇၁B) တောင်ဘက်တွင် ဦးပိုင်အမှတ် (၅၂) မြောက်ဘက်တွင် ရန်ကုန်-မန္တလေးကားလမ်း တည်ရှိပြီး ပြောင်းလဲ မပေးထိုက်ကြောင်း ကန့်ကွက်လိုပါက (၂၉-၇-၂၀၂၆)ရက် မတိုင်မီဆိုင်ရာအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် လာရောက်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုပေးမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ညောင်လေးပင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း
နေပြည်တော်၊ ဒက္ခိဏသီရိမြို့ နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅/ထန်းတပင်)၊ မြေကွက်အမှတ်(ဒ-၆၁၁၄)၊ အကျယ်အဝန်း (၄၀x၆၀) ပေ၊ ဧရိယာ(၀.၀၅၅) ဧကရှိမြေကွက်သည် ဒေါ်ဝေဝေ(ဘ)ဦးယိန်းယော် ၁/မကန (နိုင်)၀၂၇၇၇၄ အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ထုတ်ပေးထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်အမှတ် (ဒ-၆၁၁၄)အား လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ဝတ်မှုံ (ဘ) ဦးဝင်းသိန်း ၉/ပမန(နိုင်)၁၇၃၇၂၉ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြသဲဖြူလွင် (ဘ)ဦးစန်းလွင် ၉/မထလ(နိုင်)၂၀၇၂၅၅ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်မာသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးကျော်ကျော်ရှိုင်း (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ် - ၂၀၂၉၇)**
**အမှတ်(၇၆၈၈)၊ ရွှေတောင်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊**
**နေပြည်တော်၊ ဖုန်း- ၀၉-၂၆၀၈၆၇၄၀၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း
နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၁/၂/အောင်ချမ်းသာ(အောင်ဇမ္ဗူ)၊ မြေကွက်အမှတ်(၈၀)၊ မြေဧရိယာ (၀.၀၆၁) ဧကရှိ ဦးစည်သူအောင်(ဘ)ဦးမောင်မောင်ဝင်း ၉/ပမန(နိုင်)၂၁၅၀၄၁ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးချစ်ကိုကို (ဘ)ဦးမောင်ဌေး ၈/မကန(နိုင်)၁၆၇၇၅၀ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၅၄

ဒေါ်မေမျိုးတင်(ခ)မျိုးမြတ် **နှင့်** ဦးအောင်ကြိုင်(ခ)ဦးအုန်းကြိုင်
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဦးစလမ်း၊ အမှတ် ၇၈၉ နေ ဦးအောင်ကြိုင်(ခ)ဦးအုန်းကြိုင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက" ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု " လျှောက်ထား စွဲဆိုသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့် ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆုတ်၊ ၁၄ ရက်)မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန် လ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဆုထူးပန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## အမည်မှန်
ပျဉ်းမနားမြို့နယ်၊ အထက-သစ်လေးလုံးကျောင်း Grade-4 မှ (ဘ)ဦးကျော်လွင် ၉/ပမန(နိုင်) ၀၂၁၆၇၁ ၏သား မောင်ရှိုင်းဖုန်းမြတ်၏ အမည်မှန်မှာ မောင်ရှိုင်းဘုန်းမြတ်ဖြစ်ပါကြောင်း။

**မောင်ရှိုင်းဘုန်းမြတ်**

## CNG **စာအုပ်ပျောက်ဆုံးကြောင်း**
ကျွန်တော် ဦးအောင်ကိုသက် (၁၂/သကတ(နိုင်)၁၄၄၆၇၄ ပိုင်ဆိုင်သော ကားနံပါတ် 4F/9769၏ CNG(Gas) စာအုပ်ကတ်အနီ ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်လျှောက်ထားမည် ဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူရှိပါက ဆက်သွယ်အကြောင်းကြားကန့်ကွက်နိုင်ပါသည်။

**ဖုန်း ၀၉-၄၂၀၁၆၈၂၂၀**

## အများသိစေရန် ကြေညာခြင်း
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ တပ်ဦးသီတာရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၃၅)၊ မော်တော်ယာဉ်ရပ်၊ ဦးပိုင်အမှတ်(၂၄၃/၃၀၆)၊ ဧရိယာ (၀ ဒသမ ၁၁၈)ဧကရှိ အိမ်နှင့်ဝင်းမြေအား ကျွန်တော် ဦးနန်ဒိမ့်တွန်(ဘ) ဦးထန်ခွန်းပေါင် ၅/ကလထ(နိုင်)၂၀၈၄၃၃ ဖြင့် မြေငှားဂရန်အမှတ် 12V2020-29.1.2020 မှ 28.1.2050 ထိ နှစ်(၃၀)ဂရန်ရရှိထားပါသည်။ ၎င်းမြေငှားဂရန်မူရင်းသည် ကျွန်တော့်လက်ဝယ်ထိန်းသိမ်းထားစဉ် ပျောက်ဆုံးသွားပါသဖြင့် အဆိုပါ မြေနှင့်ပတ်သက်ပြီး ပိုင်ဆိုင်မှုအမည်လွှဲပြောင်းခြင်းများပြုလုပ်ခဲ့ပါက ကျွန်တော်မှ ကန့်ကွက်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ဦးနန်ဒိမ့်တွန် ၅/ကလထ(နိုင်)၂၀၈၄၃၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 20U/5986 ယာဉ်အမည်ပေါက်သူ ဒေါ်ခင်မေအောင် ၇/ဒဥန(နိုင်)၂၄၆၉၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 64W/17227, Honda Wave ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းနွယ်ထွေး ၉/မထလ(နိုင်)၂၇၅၇၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

## အများသိစေရန် ကြော်ငြာခြင်း
ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်မြ (ဘ) ဦးစိန်ခို၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြော်ငြာအပ်ပါသည်-

မကွေးတိုင်း၊ တောင်တွင်းကြီးမြို့နယ်၊ ဆတ်သွားကျေးရွာ၊ အမှတ်(၂) ရပ်ကွက်အတွင်းရှိ၊ အရှေ့လားသော် ဒေါ်မြင့်မြင့်ဝင်းနေအိမ်၊ အနောက်လားသော် ပြည်လမ်း၊ တောင်ဘက်လားသော် ရွာထဲလမ်း၊ မြောက်ဘက်လားသော် ဦးအောင်နိုင် နေအိမ် နယ်နိမိတ် လေးရပ်အတွင်းရှိ တောင်မြောက် အလျား (၅၆) ပေ ၊ အရှေ့ အနောက်အလျား (၄၂)ပေ မြေကွက်နှင့် နှစ်ထပ်တိုက်အဆောက်အအုံ နေအိမ် (၁)လုံးမှာ

၁။ ဦးစိုးသိန်း ( ဘ ) ဦးစိန်ခို (၈/တတက (နိုင်) ၀၆၂၀၈၅ )
၂။ ဒေါ်ခင်လှ (ဘ )ဦးစိန်ခို (၁၀/သထန(နိုင်)၀၃၄၅၂၄)
၃။ ဒေါ်ခင်ခင်မြ (ဘ) ဦးစိန်ခို (၁၂/ဒဂန(နိုင်)၀၁၅၁၆၁)
၄။ ဒေါ်ခင်ဝင်း (ဘ) ဦးစိန်ခို (၇/တငန(နိုင်)၀၀၆၃၂၁)
၅။ ဦးမြင့်မောင် (ဘ) ဦးစိန်ခို (၈/တတက(နိုင်)၀၆၁၇၄၃)
၆။ ဦးဝင်းမြင့် (ဘ) ဦးစိန်ခို (၁၄/ကခန(နိုင်)၀၂၁၆၄၁)

တို့ မွေးချင်းမောင်နှမခြောက်ဦးလုံးနှင့် သက်ဆိုင်သည့်မရွှေ့မပြောင်းနိုင်သည့် အမွေဆိုင်ပစ္စည်းဖြစ်ပါသည်။ ထို့ကြောင့် ကွယ်လွန်သူ ဖခင်ဦးစိန်ခိုနှင့် မိခင်ဒေါ်ညီမ တို့ကျန်ခဲ့သည့် အထက်ဖော်ပြပါ အမွေကျန်ပစ္စည်းမှာ အမွေစားအမွေခံ မွေးခြင်း မောင်နှမခြောက်ဦးလုံးနှင့် သက်ဆိုင်ပြီး အမွေခွဲဝေခြင်း မပြုရသေးသည့် အမွေဆိုင်မြေကွက်နှင့် နေအိမ်ဖြစ်သည့်အတွက် တစ်ဦးတစ်ယောက်တည်း၏ သဘောဆန္ဒဖြင့် အမွေခွဲဝေပေးခြင်း၊ စီမံခန့်ခွဲခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းတို့အပြင် အခြားနည်း တစ်စုံတစ်ရာမျှ ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် အထက်ဖော်ပြပါ မြေကွက် မြေငှားဂရန်လျှောက်ထားခြင်းအား ကန့်ကွက်ရန်ရှိ မရှိ ကန့်ကွက်ရန်ရှိပါက ယခုကြေညာသည့် နေ့ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်ခင်မြ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ဝေဇင်လတ်**
**(အထက်တန်းရှေ့နေ)စဉ် ၃၈၉၀၇**
**တောင်တွင်းကြီးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း
နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၅၃)ဧကရှိ ဒေါ်အိငြိမ်းဆွေ ၉/လဝန(နိုင်)၁၅၈၈၀၆ (ဘ) ဦးကျော်ဝင်း အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၂၉၉၆)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၆၀၆/၂၀၂၃) (၂၇-၉-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ဇာဇာသိန်း ၉/ပမန(နိုင်)၁၉၆၁၅၃ (ဘ) ဦးခင်မောင်အေးမှ ဒေါ်နှင်းနွယ်စိုး ၈/မကန(နိုင်)၁၈၅၅၀၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၈)၊ မြေကွက်အမှတ် (၉၄၆)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးဇော်ဝင်း (၁၂/လမတ (နိုင်) ၀၁၂၇၀၈) (**PKU-** ၁၇၁၅၂၅) အမည်ပေါက် ပါမစ်မြေကွက်၊ မြေကွက်အမှတ် (၉၄၇)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်ခင်စိန် (**AHT-**၀၆၄၉၀၉)အမည်ပေါက် ပါမစ်မြေကွက်၊ စုစုပေါင်း မြေကွက် (၂)ကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးသက်နိုင်ထွန်း (၇/လပတ (နိုင်) ၁၂၁၉၇၀)ထံမှ ကျွန်မ ဒေါ်သွယ်သွယ်ဦး (၁၂/လသန (နိုင်) ၀၂၀၄၆၃)က ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ် ပါသည်။

ဒေါ်သွယ်သွယ်ဦး (၁၂/လသန (နိုင်) ၀၂၀၄၆၃)
၀၉- ၅၁၀ ၄၀၇၄

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၅)၊ မြကျောင်းသာလမ်း၊ မြေကွက်အမှတ်(၅၈၁)ဟုခေါ်တွင်သော မြေအလျားxအနံ(၄၀x၆၀)ပေရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်မြင့်ဌေး (၁၂/ကမတ(နိုင်)၀၁၉၇၇၃)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်ဆက်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးထိန်ဝင်း (၁၃/တတန(နိုင်)၂၈၃၁၆၀) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးကျော်ကျော်ဟိန်း (၉/ခအဇ(နိုင်)၀၀၁၄၆၇)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းသူရဇော် (LL.B)** အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)
**ဒေါ်ယမင်းထွေး (LL.B)** တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)
**ဦးရဲသီဟ (LL.B)** အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)

အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၈၇၃၀၀၂၁၁၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/တောင်၊ မြေကွက် အမှတ်-၆၆၇၊ ဧရိယာ(၄၀ပေx၆၀ပေ)၊ မြေကွက်တည်နေရာအမှတ်-၆၆၇၊ ပြည်တော်ညွန့်လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ရင်ကြည် (၁၂/မဂတ(နိုင်)၀၄၂၁၈၁) အမည်ပေါက်၊ နှစ်(၆၀) မြေငှားဂရန်မြေအား ဒေါ်အေးယဉ်ဝင်းမှ တရားလိုပြုလုပ်၍ ဒေါ်ရင်ကြည်အား တရားပြိုင်ထားကာ ဒေါပုံမြို့နယ်တရားရုံး၊တရားမကြီးမှုအမှတ်-၅၄/၂၀၂၃ ဖြင့် ပဋိညာဉ်စာချုပ်ပါအတိုင်း မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုအပေါ် အနိုင်ဒီကရီချမှတ်သည့် (၇-၁၁-၂၀၂၄) ရက်စွဲပါစီရင်ချက်၊ တာဝန်ခံမိတ္တူမှန်၊ တရားမဇာရီမှုအမှတ်-၂၇/ ၂၀၂၅ဖြင့် ဘိလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၇-၁၁-၂၀၂၅)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း တာဝန်ခံမိတ္တူမှန်၊ ထုံးပုံကျအပြီးသတ်အမိန့်၊ မြေနှင့်အိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုနိုင်ရေးအတွက် မြေပုံမြေရာဇဝင်ကူးယူခြင်း၊ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်းစသော ကိစ္စအဝဝတို့ကို ကူညီဆောင်ရွက်ပေးပါရန် ဒေါပုံမြို့နယ်တရားရုံးမှ ဤဌာနသို့ အကြောင်းကြားသည့်စာ၊ ဘိလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဘိလစ်ဦးဆောင်းလွင်ဦး (၁၂/တမန(နိုင်)၀၂၉၅၃၁) မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 53W/68794, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချစ်ချစ်ထူး ၁၄/ပသန(နိုင်) ၂၇၄၂၇၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၇၊ လှူနေရပ်ကွက်-၇၇၊ အောင်သီရိလမ်း၊ မြေကွက်အမှတ် (၇၇/၁၁၉၀)ဟု ခေါ်တွင်သည့် အကျယ်အဝန်း (၄၀ x ၆၀)ပေရှိ ဦးကြင်သိန်း AB-၀၆၇၅၇၂ အမည်ပေါက် မြေချပါမစ် မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ပါမြေချပါမစ်မြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်သူ ဦးကြင်သိန်းနှင့် ဦးကျော်ဌေး တို့ပြုလုပ်ချုပ်ဆိုထားသော (၁၈-၉-၂၀၁၀)ရက်စွဲပါ နှစ်ဦးသဘောတူအိမ်ခြံ မြေကွက်အရောင်းအဝယ်ကတိစာချုပ်၊ ဦးကျော်ဌေးနှင့် ဒေါ်နန်းကျော့လှိုင်တို့ ပြုလုပ်ချုပ်ဆိုထားသော (၂၇-၉-၂၀၁၃) ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ်ကတိစာချုပ်၊ ဒေါ်နန်းကျော့လှိုင်နှင့် ဦးသန်းမောင်တို့ပြုလုပ်ချုပ်ဆိုထားသော (၂၃-၈-၂၀၂၅) ရက်စွဲပါအိမ်ခြံမြေနှစ်ဦးသဘောတူအရောင်းအဝယ် ကတိစာချုပ်စသည့် ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူကာ လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု ဆိုသူ ဦးသန်းမောင် ၁၂/ဗဟန(နိုင်)၀၂၆၁၂၅ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးအပ်ပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ရွှေ(၁၂/လကန(နိုင်)၀၂၈၂၃၀)၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးအောင်ကိုလင်း(LL.B,D.B.L)** တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၇၂)
**ဦးမင်းခန့်မောင်(LL.B,LL.M)** အထက်တန်းရှေ့နေ(စဉ်-၅၆၇၉၈)

**အမှတ် (၅၈)၊ ပ-ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉ ၂၅၄၀၄၀၆၅၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
မော်တော်ဆိုင်ကယ် ၃၉ယ/၇၂၇၂၉, Zongshen-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငွေနှင်းလှောန်း ၄/ဟခန(နိုင်) ၀၀၆၉၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
မော်တော်ဆိုင်ကယ် ၇၆ယ/၃၈၁၉၁, Turbo Star-110 ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းသာ ၈/ရစက(နိုင်)၁၇၂၆၇၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သူနာပြုတက္ကသိုလ်၊ ရန်ကုန်
## သူနာပြုဘွဲ့လွန်သင်တန်းများအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၇ ပညာသင်နှစ်အတွက် သူနာပြုတက္ကသိုလ်၊ ရန်ကုန်၌ ဖွင့်လှစ်မည့် သူနာပြုမဟာသိပ္ပံ သင်တန်းများနှင့် အရေးပေါ် သူနာပြုစုမှုပညာဒီပလိုမာသင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းသူနာပြုများ လျှောက်ထားနိုင်ပါ ကြောင်း ကြေညာအပ်ပါသည်။

**သူနာပြုမဟာသိပ္ပံသင်တန်းများ (Master of Nursing Science)**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သူနာပြုမဟာသိပ္ပံ (လူကြီးကျန်းမာရေးသူနာပြုစုမှုပညာ)<br>Master of Nursing Science (Adult Health Nursing) | ၂ နှစ် |
| (ခ) | သူနာပြုမဟာသိပ္ပံ (မိခင်ကျန်းမာရေးသူနာပြုစုမှုပညာ)<br>Master of Nursing Science (Maternal Health Nursing) | ၂ နှစ် |
| (ဂ) | သူနာပြုမဟာသိပ္ပံ (ကလေးကျန်းမာရေးသူနာပြုစုမှုပညာ)<br>Master of Nursing Science (Child Health Nursing) | ၂ နှစ် |
| (ဃ) | သူနာပြုမဟာသိပ္ပံ (စိတ်ကျန်းမာရေးသူနာပြုစုမှုပညာ)<br>Master of Nursing Science (Mental Health Nursing) | ၂ နှစ် |
| (င) | သူနာပြုမဟာသိပ္ပံ (ပြည်သူ့ကျန်းမာရေးသူနာပြုစုမှုပညာ)<br>Master of Nursing Science (Community Health Nursing) | ၂ နှစ် |
| (စ) | သူနာပြုမဟာသိပ္ပံ (အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုပညာ)<br>Master of Nursing Science (Nursing Administration & Management) | ၂ နှစ် |
| (ဆ) | သူနာပြုမဟာသိပ္ပံ (အထူးကြပ်မတ်ကုသမှုသူနာပြုစုမှုပညာ)<br>Master of Nursing Science (Critical Care Nursing) | ၂ နှစ် |
| (ဇ) | သူနာပြုမဟာသိပ္ပံ (အရိုးအထူးပြုသူနာပြုစုမှုပညာ)<br>Master of Nursing Science (Orthopaedic Nursing) | ၂ နှစ် |
| (ဈ) | သူနာပြုမဟာသိပ္ပံ (အထွေထွေ)<br>Master of Nursing Science (General) | ၂ နှစ် |

**ဒီပလိုမာသင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာ ( Diploma in Emergency Nursing) | ၁၅ လ |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) သူနာပြုသိပ္ပံဘွဲ့ (ပုံမှန်/ပေါင်းကူး) ရရှိထားသူ (သို့မဟုတ်) မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီမှ အသိအမှတ်ပြုထားသော အလားတူ ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဂ) သူနာပြုမဟာသိပ္ပံသင်တန်းအတွက် ဝင်ခွင့်လျှောက်လွှာပိတ်သည့်ရက်တွင် သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး) ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံးလုပ်သက် (၁)နှစ်ရှိသူ နှင့် သူနာပြုသိပ္ပံဘွဲ့ (ပုံမှန်)ရရှိပြီးနောက် လုပ်ငန်းစတင် ဝင်ရောက်သည့်ရက်မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက် (၁) နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဃ) သူနာပြုမဟာသိပ္ပံ (အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုပညာ) သင်တန်းတက်ရောက်ရန် လျှောက်ထားမည့်သူသည် လျှောက်လွှာပိတ်သည့်ရက်တွင် သူနာပြုသိပ္ပံ(ပုံမှန်/ပေါင်းကူး) ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံးလုပ်သက် (၅) နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်း ဖြစ်ရမည်။

